
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## မိုးထက်ကြိုင်

# ဂရစ်ဖစ်တီ (Graffiti) ခက်ဆစ်

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မိုးစက်ဝိုင်း

## ဂရစ်ဖစ်တီ ခက်ဆစ်


### ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးအောင်စိုး (ခုနစ်စဉ်ကြယ်စာပေ)
အမှတ်(၁၈၂)၊ (၃၁)လမ်း၊ ပန်းဘဲတန်းမြို့နယ်။
အတွင်းနှင့်အဖုံးပုံနှိပ်သူ - ဦးကျင်ရှင် (၀၅၄၁၇) (ရွှေခြင်္သေ့ပုံနှိပ်တိုက်)
အမှတ်(၂၂၅)၊ ၃၂-လမ်း၊ ပန်းဘဲတန်းမြို့နယ်။
ကွန်ပျူတာစာစီ - ပြည့်ဖြိုး
အတွင်းဖလင် - ကိုပေါက်
မျက်နှာဖုံးဒီဇိုင်း - ရဲလေး
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်၊ ၂၀၁၄၊ ဇူလိုင်လ
အုပ်ရေ / တန်ဖိုး - ၅၀၀ အုပ် / ၁၅၀၀ ကျပ်
ဖြန့်ချိရေး - ခုနစ်စဉ်ကြယ်စာပေ
အမှတ် ၁၈၂(B)၊ ၃၁-လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း- ၀၉ ၇၃၀၅၁၆၆၄၊ ၀၉၇၃၁၂၆၃၅၈

၈၉၅ .၈၃
မိုးစက်ဝိုင်း
ဂရစ်ဖစ်တီ ခက်ဆစ်/မိုးစက်ဝိုင်း။ - ရန်ကုန်၊
ခုနစ်စဉ်ကြယ်စာပေ ၊ ၂၀၁၄ ။
၁၇၆ – စာ ၊ ၁၃ x ၂၀ စင်တီ။
(၁) ဂရစ်ဖစ်တီ ခက်ဆစ်


www.burmeseclassic.com

www.burmeseclassic.com

**Graffiti/gra'fi:ti [pl} ≒ နံရံ စသည်တွင် လက်ဆော့၍ ရေးခြစ်ထားသော ပုံ၊ စာ။**

**The wall was covered with graffiti.**

www.burmeseclassic.com

www.burmeseclassic.com

## ဝတ္ထုမစမီ ဝန်ခံခြင်း

ဤဝတ္ထု၏တစ်စိတ်တစ်ဒေသသည်
ခင်မင်ရသော နိုင်နိုင် (သရုပ်ဆောင် နေမင်း)
၏ စိတ်ကူးစိတ်သန်းများဖြစ်ပါကြောင်း . . .။

ကျွန်တော်
မိုးစက်ဝိုင်

www.burmeseclassic.com

www.burmeseclassic.com

## (၁)

ခေါင်းလောင်းသံတို့ မိုးအုပ်စီဝေနေသော အထက်တန်းစာသင်ကျောင်းတစ်ကျောင်းမှာဖြစ်သည်။ အဖြူ၊ အစိမ်း လိမ်းကာ ယိမ်းနွဲ့နေသည့် မျိုးဆက်သစ် လူငယ်၊ လူရွယ်လေးများကလည်း နေ့လယ်မုန့်စားကျောင်းဆင်းချိန်ဖြစ်သဖြင့် ဟိုဒီကူးလူးသွားလာနေကြ၏။ စကားပြောသံ၊ ပြေးလွှားကစားသံ၊ ရယ်မောသံတွေကလည်း ကျောင်းဝင်းထဲ တုန်ခါပျံ့လွင့်နေသည်။

သို့သော် ...

သူများတွေနှင့်မတူဘဲ ထူးထူးခြားခြား စာသင်ခန်းထဲ၌ ငြိမ်သက်နေသူ ကိုးတန်းကျောင်းသားလေးတစ်ယောက်လည်း ရှိပါသေးသည်။

သူ့နာမည်က သစ်ထူး။

သစ်ထူးသည် တခြားကျောင်းသူကျောင်းသားတွေလို ကြိုးစား



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းဆင်းချိန်မှာပင် အပြင်မထွက်ဘဲ စာသင်ခန်းထဲ၌ ငြိမ်ဆိတ်စွာ ထိုင်နေသည်။

တစ်စုံတစ်ခုကို စဉ်းစားနေဟန်ရှိပြီး လူက ငြိမ်နေသော်လည်း လက်ချောင်းလေးတွေကတော့ တစ်ခုခုလုပ်ချင်နေသလို လှုပ်ရှားကာ စာရေးစားပွဲပေါ်၌ တဗောက်တောက်ခေါက်နေသည်။

ပြတင်းပေါက်မှတစ်ဆင့် စာသင်ခန်း၏အပြင်ဘက်ကို တစ်ချက် လှမ်းကြည့်လိုက်၏။ အရွယ်စုံ ကျောင်းသူကျောင်းသားတွေ ဟိုဒီကူးလူး သွားလာလှုပ်ရှားနေသည်ကိုလည်း မြင်နေရသည်။

မျက်မှောင်ကြုတ်ကာ စဉ်းစားနေရင်းက တစ်ခုခုကို ဆုံးဖြတ်လိုက် ဟန်ဖြင့် သစ်ထူး ထိုင်နေရာမှ အသာထလိုက်၏။ ပြီး အင်္ကျီလက်ရှည်၏ အဖျားမှ ကြယ်သီးကို ဖြုတ်ကာ အင်္ကျီကို ခေါက်တင်လိုက်သည်။ ထိုနောက် မှာတော့ သူ၏ခြေလှမ်း စတင်လိုက်ပါ၏။

ဆရာထိုင်သည့် စားပွဲ၏နောက်မှာရှိသော အမည်းရောင်သင်ပုန်း ကြီးရှေ့တွင် သစ်ထူး ရပ်လိုက်သည်။ ပြီး ... သင်ပုန်းပေါ်၌ ရှိနေသော ဆရာရေးသွားသည့် သင်ခန်းစာများကို အရင်ဖျက်လိုက်၏။

သင်ပုန်းပေါ် ဘာမှမရှိတော့မှ စားပွဲပေါ်၌ ရှိနေသည့် ရောင်စုံမြေ ဖြူခဲများထည့်ထားသော စက္ကူဘူးကို အသာလှမ်းယူလိုက်သည်။ ထိုဘူးထဲမှ အဖြူရောင် မြေဖြူချောင်းကို ရွေးကာ အရင်နှိုက်ယူလိုက်ပြီး မြေဖြူနှင့်သင် ပုန်းကို စတင်မိတ်ဆက်လိုက်ပါ၏။

အဖြူရောင်ကောက်ကြောင်းတွေက သင်ပုန်းမည်းပေါ်၌ ထင်ရှားစွာ ပေါ်လာသည်။ အထူအပါးမညီသည့် ကောက်ကြောင်းအဝေ့အဝိုက်များကြား




သစ်ထူးစိတ်တွေ နှစ်မြုပ်နေ၏။ အနီ၊ အဝါ၊ အပြာ၊ အစိမ်း စသော ရောင်စုံမြေဖြူများကို ထပ်ယူကာ လိုင်းတွေကြားထဲ ထပ်ဖြည့်လိုက်ပြန်သည်။ တဖြည်းဖြည်းနှင့် သစ်ထူးဆွဲနေသည့်ပုံက ပီပြင်လာသည်။

စာသင်ခန်းထဲသို့ ပြန်ဝင်လာသော ကျောင်းသူ၊ ကျောင်းသားအချို့ က သစ်ထူး၏နောက်၌ ရပ်ကာ ဆွဲနေသောပုံကို အံ့ဩဟန်များဖြင့် ကြည့် နေကြသည်။ ဆွဲနေသောပုံပေါ်မှာသာ အာရုံရောက်နေသဖြင့် နောက်ဘက် တွင် သူ့ပရိသတ်တွေ ရှိနေသည်ကို သစ်ထူးမရိပ်မိ။ ရောင်စုံမြေဖြူများဖြင့် ပီပြင်စွာ ရေးဆွဲပုံဖော်ပြီးမှ လေပူတစ်ချက်မှုတ်ရင်း ဆွဲထားသောပုံကို ကျေနပ်စွာ ထပ်၍ကြည့်လိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com



စကားတီးတိုးပြောသံတို့ ကြားလိုက်ရသဖြင့် သစ်ထူးက သူ့နောက်ဘက်သို့ လှည့်ကာ ကြည့်လိုက်၏။

"ဟင်"

အခြားသော အတန်းသူ၊ အတန်းသားများကို တွေ့လိုက်ရသည်မို့ အံ့ဩကာ မျက်လုံးပြူးသွားသည်။ ထိုသို့မှင်သက်မိနေချိန်မှာပဲ ကျောင်းသားတစ်ယောက်က စတင်ကာ လက်ခုပ်တီးလိုက်သဖြင့် ကျန်သောလူများပါ လိုက်၍တီးကြတော့သည်။

လက်ခုပ်သံတွေ ငြိမ်သက်သွားတော့မှ ကျောင်းသားတစ်ဦးက ရှေ့ထွက်လာကာ ...

"တော်တယ်ကွာ သစ်ထူး ... မင်း ဒီလိုဆွဲတတ်မယ်တောင် ထင်မထားဘူး။ ဒီလိုအရောင်တွေနဲ့ စာလုံးရေးတာကို ဘယ်လိုခေါ်လဲကွ"

သစ်ထူးက တစ်ချက်စဉ်းစားလိုက်ပြီး ...

"ငါလည်း သေသေချာချာတော့ မသိဘူး။ ငါ့အဖေဝယ်ဖတ်တဲ့ နိုင်ငံခြားမဂ္ဂဇင်းတစ်အုပ်ထဲမှာ ဒီလိုစာလုံးပုံတွေကိုတွေ့လို့ ငါလည်း ဆွဲချင်တာနဲ့ လိုက်ဆွဲကြည့်တာ၊ သူတို့ဆီမှာ ခေတ်စားနေတဲ့ ပန်းချီတစ်မျိုးလို့ ထင်တာပဲ"

သစ်ထူးက သူသိသလောက် ရှင်းပြလိုက်သည်။ နားထောင်နေသည့် ကျောင်းသူ၊ ကျောင်းသားများက ခေါင်းညိတ်ကြသည်။

ထိုအချိန်မှာပဲ ...

"သစ်ထူးပြောတာ မှန်တယ်၊ ခု သူဆွဲထားတဲ့ ပန်းချီဟာ ဂရပ်ဖ်စ်တီ (Graffiti) လို့ခေါ်တဲ့ ပေါ့ပ်အတ် (Pop Art) အနုပညာအမျိုးအစားပဲ



www.burmeseclassic.com

www.burmeseclassic.com

လမ်းဘေးနံရံတွေမှာ ဆေး ဒါမှမဟုတ် ရောင်စုံမှတ်ဆေးဘူးတွေနဲ့ ရေးဆွဲရတဲ့ ပန်းချီအမျိုးအစားပေါ့"

"ဟင်"

ကျောင်းသား၊ ကျောင်းသူတွေကြားမှ ထွက်လာကာ ပြောလိုက်တော့ ဆရာ့အသံကြောင့် အားလုံးပဲ ဝိုင်းကြည့်လိုက်ကြသည်။

ဆရာက သင်ပုန်းပေါ်မှပုံကို အရင်ကြည့်ကာ ခေါင်းညိတ်လိုက်သည်။ ပြီး . . . သစ်ထူးကို တစ်ချက်စိုက်ကြည့်လိုက်ပြီးမှ ကျန်ကျောင်းသူ၊ ကျောင်းသားတွေဘက်လှည့်ကာ . . .

"သစ်ထူးတော့ ဒီမှာ ခဏရပ်နေဦး၊ ကျန်တဲ့သူတွေအားလုံး သွားထိုင်လို့ရပြီ"

သစ်ထူးမှအပ ကျန်ကျောင်းသူကျောင်းသားတွေ ကိုယ့်နေရာ ကိုယ်ဝင်ထိုင်လိုက်ကြသည်။

ဆရာက အားလုံးကို ဝေ့ကြည့်လိုက်ပြီးမှ . . .

"ကျောင်းစာမဟုတ်တဲ့ ဘာသာရပ်တစ်ခုကို သစ်ထူးက လက်စွမ်းပြထားတော့ ဆရာလည်း ကြုံတုန်း ကြုံခိုက် ဗဟုသုတလေးရအောင် ဒီ ဂရစ်ဖစ်တီဆိုတဲ့ ပန်းချီအနုပညာအကြောင်း နည်းနည်းပြောပြချင်တယ်"

ကျန်လူတွေတော့မသိ။ သစ်ထူးကတော့ ကိုယ်စိတ်ဝင်စားသည့် အကြောင်းအရာတစ်ခုကို သိရမည်မို့ မျက်လုံးနှစ်လုံး အရောင်တောက်သွားသည်။ ဆရာ့ကိုကြည့်ကာ ရူးမိုက်၍ နားထောင်နေလိုက်၏။

"ဆရာလည်း ဒီဂရစ်ဖစ်တီရဲ့သမိုင်းကြောင်းကို ပြည့်ပြည့်စုံစုံ သိလို့တော့ မဟုတ်ပါဘူး၊ ဖတ်ဖူး၊ မှတ်ဖူးတာလေးကို ပြန်ပြောပြမှာပါ"





"ကျွန်တော် အရမ်းစိတ်ဝင်စားပါတယ် ဆရာ"

သစ်ထူးအပြောကြောင့် ဆရာက ဆတ်ခနဲ တစ်ချက်လှည့်ကြည့်လိုက်ပြီးမှ ပြန်လှည့်၍ . . .

"ဒီ ဂရစ်ဖစ်တီ (Graffiti) ပန်းချီလောကကို ဦးဆောင်ပြီး နေရာတစ်ခုရအောင် လုပ်ခဲ့တဲ့သူကတော့ အမေရိကန်နိုင်ငံသား ကိတ်ဟာရင်းဆိုတဲ့လူပဲ၊ သူဟာ ၁၉၇၆ ကနေ ၁၉၇၈ ခုနှစ်ထိ ဂရစ်ဖစ်ဒီဇိုင်းကျောင်းကို တက်ခဲ့တယ်၊ အသက်ဆယ့်ကိုးနှစ်အရွယ်ရောက်တော့ နယူးယောက်မြို့ကို ပြောင်းရွှေ့လာခဲ့တယ်၊ ပြောရရင် နယူးယောက်က မြေအောက်ရထားဘူတာရုံတွေထဲမှာ ကြော်ငြာဆိုင်းဘုတ်တွေရှိတယ်ကွ၊ ဒါပေမဲ့ . . . ကြော်ငြာမရှိတဲ့အခါကျရင် အဲဒီဆိုင်းဘုတ်တွေကို အနက်ရောင်စက္ကူတွေနဲ့ အုပ်ထားကြတယ်၊ အဲဒီမှာပဲ ကိတ်ဟာရင်းဟာ အဲဒီစက္ကူအနက်တွေပေါ်မှာ ရောင်စုံမြေဖြူတွေနဲ့ အရုပ်တွေ လျှောက်ဆွဲတော့တာပဲ"

စကားကို ခဏဖြတ်ကာ ကျောင်းသူ၊ ကျောင်းသားတွေကို ဆရာက တစ်ချက်အကဲခတ်လိုက်သေးသည်။ စိတ်ဝင်တစားနားထောင်နေကြသည်ကို မြင်တော့မှ ဆက်၍ . . .

"အဲဒီလိုနဲ့ ကိတ်ဟာရင်းရဲ့ ဂရစ်ဖစ်တီလက်ရာတွေဟာ နယူးယောက်မြို့သားတွေနဲ့ ယဉ်ပါးပြီး လူသိများလာခဲ့တယ်၊ နောက်တော့ ကိတ်ဟာရင်းဟာ သူ့လက်ရာတွေနဲ့ ပန်းချီပြပွဲတွေလုပ်ရင်း ကမ္ဘာကျော်လာခဲ့တယ်၊ လူသိများထင်ရှားလာတော့ သူ့ကို အလုပ်တွေ အပ်ကြတာပေါ့ကွာ၊ ထူးခြားတဲ့ သူ့လက်ရာကို ပေါ့အတ် (Pop Art) လို့ သတ်မှတ်ကြသည်။ ကမ္ဘာကျော် ဘရမ်း (Brand) တွေဖြစ်တဲ့ Absotute Vodka တို့ Swatch



www.burmeseclassic.com

www.burmeseclassic.com



နာရီတို့နဲ့ Adidas ဖိနပ်တွေပေါ်မှာတောင် သူ့လက်ရာတွေနဲ့ ဒီဇိုင်းဆင်ဖို့ အလုပ်အပ်တာခံရတယ် . . . ၊

သူဟာ Pop Shop ဆိုတဲ့ ဆိုင်တွေကို နယူးယောက်နဲ့တိုကျိုမှာ ဖွင့်ပြီး တစ်ဆိုင်လုံးကို သူ့လက်ရာတွေနဲ့ ဒီဇိုင်းဆင်ထားတယ်၊ အဲဒီမှာ ရောင်းတာကတော့ သူ့လက်ရာတွေနဲ့ ဒီဇိုင်းဆင်ထားတဲ့ တီရှပ်၊ ဖိနပ် စတာတွေကို ရောင်းခဲ့တယ်၊ ပြောရရင် သူ့ရဲ့ထူးခြားချက်ကတော့ လမ်းဘေးပန်းချီလက်ရာရှင်ဘဝက ကမ္ဘာကျော်ပန်းချီဆရာဖြစ်လာတာပဲ''

ဆရာက သူ့စကားကို အဆုံးသတ်လိုက်သည်။ ပြီးမှ သစ်ထူးဘက် လှည့်၍ . . .

''ကဲ သစ်ထူး . . . မင်းသိချင်တဲ့အကြောင်း သိရပြီဆိုတော့ ကျေနပ်မယ်ထင်တယ်၊ ဒီသင်ပုန်းမှာ ဆွဲထားတဲ့ မင်းရဲ့လက်ရာကိုလည်း ဆရာ အသိအမှတ်ပြုပါတယ်၊ ဒါပေမဲ့ . . . ခုချိန်ဟာ စာသင်ချိန်ဖြစ်နေတယ်၊ ပြီးတော့ ဒီကျောင်းဟာ ဂရစ်ဖစ်တီသင်တန်းကျောင်းလည်း မဟုတ်ဘူး။ ဒီတော့ စာသင်ချိန်မှာ ကျောင်းစာကို မလုပ်ဘဲ ခုလို သင်ပုန်းမှာ ပုံဆွဲတဲ့ အတွက် အပြစ်တော့ပေးရလိမ့်မယ်၊ အဲဒီအပြစ်ကတော့ မင်း ဒီပုံကို ရေနဲ့ ဆေးပြီး သေသေချာချာပြန်ဖျက်ပါ၊ ပြီးရင် ကျောင်းရှေ့က ကွင်းပြင်မှာ မင်း လက်ပိုက်ပြီး တစ်နာရီ မတ်တတ်ရပ်နေရမယ်''

ကျောင်းသူ၊ ကျောင်းသားတွေဆီမှ ဟင်၊ ဟာ . . . ဆိုသည့် အာမေဍိတ်သံတွေ မတိုးမကျယ် ထွက်ပေါ်လာကြသည်။

သစ်ထူးကတော့ သူ ခုလို အပြစ်ပေးခံရသည်ကို ဘယ်လိုမှ ခံစားရဟန်မရှိဘဲ ကြည်လင်သောမျက်နှာပေးနှင့် ပြန်ပြောလိုက်ပါသည်။



''ဆရာပေးတဲ့အပြစ်ကို ကျွန်တော် ကျေကျေနပ်နပ်လက်ခံယူပါ့မယ် ဆရာ''

သင်ပုန်းပေါ်မှပုံကို ရေနှင့် သေသေချာချာ ဆေး၍ ဖျက်လိုက်သည်။ ပြီး . . . ကျောင်းရှေ့ကွင်းပြင်ထဲ၌ လက်ပိုက်ကာ ရပ်နေလိုက်၏။

နေပူသဖြင့် သစ်ထူး၏နဖူးစပ်၌ ချွေးစများ သီးခိုလာကြ၏။ သို့ တိုင်အောင် သူ့မျက်နှာက အပြုံးမပျက်ဘဲ ကြည်လင်ငြိမ်းချမ်းနေဆဲ ဖြစ်သည်။

ထို့နောက် သူ၏သွေးသားထဲ၊ စိတ်ခံစားမှုထဲတွင် ပျော်ဝင်စီးဝင်သည့် စကားလုံးတစ်လုံးကိုပဲ အထပ်ထပ် ရေရွတ်နေမိတော့၏။

ထိုစကားလုံးကတော့ . . .

ဂရစ်ဖစ်တီ (Graffiti) . . . ။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ကျောင်းမှအိမ်သို့ တက်ကြွစွာ ပြန်လာခဲ့သော်လည်း အိမ်ရောက်သည်နှင့် မွေးဖခင်က လှမ်းခေါ်ကာ နရင်းအုပ်၍ ဆူပူကြိမ်းမောင်းလေတော့သည်။ ဆရာ လှမ်း၍ အကြောင်းကြားလိုက်သောကြောင့် ဖြစ်မည်။

"ဟေ့ကောင် … မင်းကို ကျောင်းထားတာ စာသင်ဖို့ ပညာတတ်ဖို့ကွ၊ အဲလို ပေါက်ကရပုံတွေ ဆွဲဖို့မဟုတ်ဘူး"

သစ်ထူးက အဖေ့ကို ခပ်တည်တည် ပြန်ကြည့်လိုက်ကာ …

"ဖေဖေ … သား ကျောင်းက သင်ပုန်းမှာ ပုံဆွဲတာ အပြစ်ရှိပါတယ်၊ အဲဒီအပြစ်ကိုလည်း ခံယူပြီးပါပြီ၊ ဒါပေမဲ့ … ဂရစ်ဖစ်တီဆိုတာက ပေါ့အတ်ဆိုတဲ့ ပန်းချီအနုပညာအမျိုးအစားတစ်ခုပါ၊ ပေါက်ကရပုံတွေလို့တော့ မပြောပါနဲ့"



"ဘာကွ … ဂရစ်ဖစ်တီ ဟုတ်လား။ အဲဒီဂရစ်ဖစ်တီက မင်းသားကို ဘယ်လောက်ထိ မြင့်မားအောင် ပံ့ပိုးပေးမှာမို့လို့လဲ၊ နောက်တစ်ခါ အဲလိုပုံတွေ ထပ်ဆွဲလို့ကတော့ မင်း ဒီထက် ထပ်နာဖို့သာ ပြင်ထားတော့"

ခပ်တင်းတင်းပြောလာသော ဖခင်ဖြစ်သူ၏စကားအဆုံးမှာ သစ်ထူးကလည်း ဆုံးဖြတ်ထားသည့်အတိုင်း ထပ်ကာ ပြန်ပြောလိုက်သည်။

"ဖေဖေ … သားတို့ ခုသင်နေရတဲ့ ပညာဆိုတာ သားဘဝအတွက် ဘယ်လောက်အာမခံချက်ပေးနိုင်မလဲဆိုတာ သားမသိဘူး၊ သားမြင်နေရတာတော့ သင်ကြားခဲ့တဲ့ပညာရပ်နဲ့ လက်တွေ့ဘဝအတွက် လုပ်နေကြတဲ့ အလုပ်တွေတွေဟာ နယ်ပယ်ချင်း မဆိုင်သလိုဖြစ်နေတယ်၊ သား ကျောင်းစာ သင်ချင်လို့ ပြောတာမဟုတ်ဘူးနော်၊ စိတ်ထဲမှာ သားတို့နိုင်ငံက ပညာရေးစနစ်ကို သံသယဖြစ်မိတာ၊ ဖေဖေ မျှော်လင့်ထားသလို ဘွဲ့တစ်ခုတော့လည်း သား ယူနိုင်မှာပါ၊ ဒါပေမဲ့ … သား ဝါသနာပါတဲ့ အနုပညာတစ်ခုကိုလည်း မစွန့်လွှတ်နိုင်ဘူး ဖေဖေ၊ သား ဂရစ်ဖစ်တီအနုပညာကို ဆက်လေ့လာပါရစေ"

ပြောကာမှ ပိုဆိုးတော့သည်။ သစ်ထူးကို အထူးအဆန်း သတ္တဝါတစ်ကောင်လို ကြည့်လာပြီး …

"ဟာ … ဒီကောင် ပြောလေ ကဲလေပါလား ကြီးကြီးကျယ်ကျယ်တွေ လာပြောမနေနဲ့၊ မင်းအရွယ်က စာသင်ရမယ့်အရွယ်၊ စာပဲ သင်၊ နောက်တစ်ခါ ကျောင်းမှာ ပုံဆွဲတယ်လို့ ကြားရင်တော့ မင်းလက်ကို အဖြတ်ပဲ ကဲ … သွားတော့"

ဖေဖေ့ရှေ့မှ လှည့်ထွက်ရင်း သစ်ထူး အံကြိတ်လိုက်သည်။ ဖေဖေ့

www.burmeseclassic.com

www.burmeseclassic.com


ကို မကျေနပ်၍မဟုတ်။ သားတစ်ယောက် ရင်ထဲမှာ အမြစ်တွယ်နေသည့် အနုပညာတစ်ခုကို နားလည်မပေးနိုင်၍ ဖြစ်သည်။

မည်သို့ပင်ဖြစ်စေ . . .

ကိုယ်ဝါသနာပါသော အနုပညာကိုတော့ သစ်ထူး စွန့်လွှတ်မည် မဟုတ်။ ဖေဖေ့စကားကိုတော့ ပထမဆုံးအကြိမ် ဆန့်ကျင်ရပေလိမ့်မည်။

အိမ်ပေါ်ထပ်ရှိ ကိုယ့်အခန်းလေးထဲရောက်တော့ ကျောပိုးအိတ်ကို ချွတ်ကာ ခုတင်ပေါ် ပစ်ချလိုက်သည်။ ပြီး အခန်းထောင့်ဆီသို့ အကြည့်က ရောက်သွား၏။ မြင်လိုက်ရသည်က အနီရောင်မှုတ်ဆေးဘူးတစ်ဘူး၊ စက် ဘီးဆေးမှုတ်တုန်းက ပိုနေ၍ သိမ်းထားခြင်း ဖြစ်သည်။

သစ်ထူး ထိုဆေးဘူးကိုယူကာ သူ့ဝါသနာကို ပိတ်ပင်သော ဖေဖေ့ အား ဆန္ဒထုတ်ဖော်သောအနေဖြင့် နံရံပေါ်တွင် စာလုံးတစ်လုံး ရေးဆွဲ လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

"ဪော . . . ဒါဆိုရင် အဲဒီအရွယ်ကပဲ မင်းက မင်းအဖေကို အတိုက်အခံလုပ်လာတာပေ့ါ၊ ဟုတ်လား သစ်ထူး"

ချမ်းမြေ့အောင် ခပ်ရွှံ့ရွှံ့ပြောလိုက်သော စကားအဆုံးမှာ ကျော်ချစ်ဆင်းက ကိုင်ထားသည့် စက်ဳိတ်ဘုတ်ပြားကို စားပွဲနှင့် ကပ်ကာ ထောင်လိုက်ရင်း . . .

"အဖတ်တသတ်လို သားမျိုးပေါ့ ချမ်းမြေ့ရာ၊ ဒီခေတ်အနေအထားနဲ့ ပြောရရင် အိမ်မှာ သားအဖနှစ်ယောက်တည်း နေပြီး နှစ်ပါတီ ကွဲနေတဲ့ သဘောပေ့ါ"

နှစ်ကောင်စလုံးကို ကြည့်ကာ သစ်ထူး ကျိန်ဆဲလိုက်သည်။ ပြီးမှ

"မိုက်ရိုင်းလှချည်လားကွ၊ ငါက ငါ့ဝါသနာကို မစွန့်လွှတ်နိုင်ပေ



www.burmeseclassic.com

www.burmeseclassic.com

မယ့် ဖေဖေနဲ့တော့ အပေးအယူလုပ်ခဲ့ပါတယ်၊ ငါ ဆယ်တန်းအထိ လုံးဝ ဂရစ်ဖစ်တီ မဆွဲဘူး၊ ဆယ်တန်းအောင်ရင်တော့ ခွင့်ပြုပေးလို့"

"ဒါဆို . . . အဲဒီနှစ်တွေတုန်းက မင်း ဂရစ်ဖစ်တီနဲ့ အဆက်ပြတ်သွားတာပေါ့ ဟုတ်လား"

ချမ်းမြေ့အောင်အမေးကို သစ်ထူးက ခေါင်းခါလိုက်ရင်း . . .

"ဟာ့အေး . . . လုံးဝအဆက်ပြတ်သွားတာတော့ မဟုတ်ပါဘူး။ ငါ့ကတိအတိုင်း မဆွဲခဲ့ပေမယ့် ဂရစ်ဖစ်တီနဲ့ ပတ်သက်တဲ့ စာအုပ်တွေကိုတော့ ဖတ်ဖြစ်၊ လေ့လာဖြစ်တယ်၊ ခုဆို အင်တာနက်က ဝက်ဆိုဒ်တွေမှာလည်း ဝင်ကြည့်ပြီး လေ့လာလို့ရပြီလေ"

ကျော်ချစ်ဝင်းက ခေါင်းတဆတ်ဆတ်ညိတ်လိုက်ပြီး . . .

"အင်း . . . မင်း ဝါသနာကလည်း မသေးဘူးပဲ သစ်ထူးရ၊ အေးလေ . . . လူတစ်ယောက် ဝါသနာတစ်မျိုးလို့ ဆိုထားသေးတာပဲ၊ အဟဲ . . . ငါဆိုရင် လူတွေကို ကူညီတာ ဝါသနာပါတယ်၊ ချမ်းမြေ့ဆိုရင်လည်း မင်းသိတဲ့အတိုင်း ဖွန်ကြောင်တာ ဝါသနာပါတယ်လေ"

အေပေး

ချမ်းမြေ့အောင်က ထဆဲတော့သည်။ မတ်တတ်ရပ်ကာ သတိရှိပြီး ကျကျနနထဆဲခြင်းတော့မဟုတ်။ ရုတ်တရက် ဆဲလိုက်ခြင်းဖြစ်သည်။

တကယ်တော့ သူတို့သုံးယောက်ဟာ တက္ကသိုလ်ရောက်မှ ပေါင်းမိကြခြင်း ဖြစ်သည်။ ခုလည်း သုံးယောက်စလုံး တူညီသော ဝါသနာတစ်ခုကြောင့် ဆက်တွဲနေမိခြင်း ဖြစ်၏။ ထိုဝါသနာကတော့ စကိတ်စီးခြင်းပင်။ သစ်ထူးအဖို့မှာတော့ စကိတ်စီးခြင်းအပြင် စကိတ်ကွင်းရှိ အုတ်နံရံတွေပေါ်မှာ





လည်း ဂရစ်ဖစ်တီပုံတွေဆွဲလို့ရသည်မို့ ပို၍အဆင်ပြေလေသည်။ ထို့ကြောင့် သစ်ထူး စကိတ်ကွင်းသို့ သွားသည့်အခါတိုင်း စကိတ်ဘုတ်ပြားအပြင် ကျောပိုးအိတ်တွင် အမြဲပါသည်က ရောင်စုံမှုတ်ဆေးဘူးတွေ . . .။

ခုလည်း စကိတ်ကွင်းမသွားခင် အအေးဆိုင်တစ်ဆိုင်၌ ဝင်ထိုင်၍ လေပန်းနေကြခြင်း ဖြစ်၏။ စကိတ်ကွင်းနှင့် မနီးမဝေးမှာရှိသည့် လမ်းဘေး အအေးဆိုင်မှာဖြစ်သည်။

"ဒါနဲ့ . . . ငါ သတိထားမိတာတစ်ခုတော့ရှိတယ် သစ်ထူး၊ ခုဆို ရန်ကုန်မှာလည်း မင်းလို ဂရစ်ဖစ်တီဆွဲတဲ့လူတွေ အတော်များလာပြီကွ၊ ဒါပေမဲ့ . . . မင်းက သူများတွေလို လူတစ်ယောက်ရဲ့ပုံမျိုး တစ်ခါမှ ဆွဲတာ မတွေ့ရဘူးနော်၊ မင်းဆွဲလိုက်ရင် စာလုံးတွေ၊ ဒါမှမဟုတ် လိုဂို အမှတ်အသား ဆိုင်းတွေချည်းပဲ"

"အေး . . . အဲဒါတော့ ငါလည်း သတိထားမိတယ်၊ ဘာဖြစ်လို့ လူပုံတွေမဆွဲတာလဲ သစ်ထူး"

ကျော်ချစ်ဝင်း၏မှတ်ချက်ချသံအဆုံးမှာ ချမ်းမြေ့အောင်က လှမ်း မေးလာသည်။ သစ်ထူးက ပခုံး အသာတွန့်လိုက်ပြီး . . .

"လူတစ်ယောက်ရဲ့ပုံဆိုတာမျိုးကို လုံးဝမဆွဲဘူးလို့ ဆုံးဖြတ်ထား တာတော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ . . . ငါ့စိတ်ထဲမှာ ဂရစ်ဖစ်တီဆွဲလာတဲ့ သက်တမ်းတစ်လျှောက် ဘယ်တစ်ဦးတစ်ယောက်ရဲ့ပုံကို ဆွဲဖို့ အာရုံမရှိသေးဘူး၊ အဲဒါကြောင့် မဆွဲဖြစ်တာပါ"

"ဪ . . . အဲဒါဆို အာရုံကျရင်တော့ ဆွဲဖြစ်မှာပေါ့"

"အင်း . . . ထင်ရတာပဲ"



www.burmeseclassic.com

www.burmeseclassic.com

သစ်ထူး မယုတ်မလွန်ပြောလိုက်သည့်စကားကြောင့် နှစ်ကောင်စလုံး နှာခေါင်းရှုံ့သွားကြသည်။

ထိုစဉ် . . .

လမ်းဘက်သို့ မျက်နှာမူထားသော သူတို့သုံးယောက်၏မြင်ကွင်းထဲသို့ အဖြူရောင်ဝါဂွမ်းစလေးလို အရိပ်ကလေးတစ်ခုက ဝင်ရောက်လာသည်။ တိတိကျကျပြောရလျှင် အဖြူရောင်ဂါဝန်လေး ဝတ်ဆင်ထားသော ကောင်မလေးတစ်ယောက် ဖြစ်၏။ ဘာအရေးကြီးနေသည်တော့မသိ။ ထိုကောင်မလေးသည် စိတ်လောသည့်ပုံစံဖြင့် ခပ်သွက်သွက်လျှောက်ကာလာနေခြင်းဖြစ်သည်။ သူတို့သုံးယောက်လည်း ကြည့်ကောင်းသဖြင့် ဘာရယ်မဟုတ် ကြည့်နေလိုက်ကြ၏။

သို့သော် . . .

ထိုကောင်မလေးသည် သစ်ထူးတို့ ထိုင်နေသည့် ဆိုင်ရှေ့တည့်တည့်အရောက်မှာပဲ တုံ့ခနဲရပ်သွားလေသည်။ ချက်ချင်းဆိုသလို ခြေထောက်ကို ငုံ့ကြည့်ရင်းက မျက်နှာလေး ပျက်ကာသွားသည်။

"ဟာ . . . သွားပြီ၊ ဟိုကောင်မလေး ဖိနပ်ပြတ်သွားတာဟ"

"အေးဟ . . . ဟုတ်တယ်၊ ဘာဆက်လုပ်မလဲဆိုတာ ဆက်ရှုံ့ကြည့်လိုက်ရအောင်"

ကျော်ချစ်ဝင်းစကားကို ချမ်းမြေ့အောင်က ထောက်ခံလိုက်ပြီး နှစ်ကောင်စလုံး မျက်လုံးပြူးကာ အားပေးဖို့ အသင့်အနေအထားပြင်လိုက်ကြ၏။ အဖြူရောင်ကောင်မလေးကတော့ ဖိနပ်ကို ငုံ့ကြည့်လိုက်ရင်း ဘာလုပ်ရမည်မှန်းမသိဘဲ ပတ်ဝန်းကျင်ကို အရင်ဝေ့ကြည့်လိုက်သေးသည်။ ပြီး





. . . ပြတ်သွားသောဖိနပ်ကို ထိန်းကာ လျှပ်တိုက်စီးရင်း လမ်းဘေးပလက်ဖောင်းဆီသို့ အရင်သွားလိုက်သည်။ ပြီး . . . ပလက်ဖောင်းပေါ်မှာ ရပ်ရင်းကားလမ်း ဆီသို့ လှမ်းမျှော်နေ၏။ ကြည့်ရသည်မှာ တက်စီတစ်စီးစီး တားပြီးစီးသွားရန် ဆုံးဖြတ်လိုက်ပုံရသည်။

သို့သော်လည်း ဖြစ်ချင်တော့ တက်စီးကားတွေက တော်တော်နှင့်ပေါ်မလာချေ။ လာပြန်တော့လည်း ခရီးသည်က ပါလာသည်မို့ ကောင်မလေးစိတ်ညစ်လာပုံရသည်။ ခေါင်းကုတ်ကာ အိတ်ထဲမှ ဖုန်းကို ထုတ်၍ဆက်ပြန်၏။ ဖုန်းကလည်း ထုံးစံအတိုင်း လိုင်းမမိတာလား၊ တစ်ဖက်ကပဲ မအားတာလားမသိ။ လေးငါးခါခေါ်လိုက်ပြီးမှ အိတ်ထဲပြန်ထည့်လိုက်သည်။

ချမ်းမြေ့အောင်က လှမ်းကြည့်ကာ စပ်ဖြီးဖြီးပုံစံဖြင့် . . .

"အဟီး . . . ကောင်မလေးတော့ တိုင်ပတ်နေပြီကွ၊ တက်စီလည်း ငှားလို့မရ၊ ဖုန်းလည်း ဆက်လို့မရဘူးထင်တယ်၊ ဘာဆက်လုပ်မလဲ မသိဘူး"

စကားအဆုံးမှာ ကျော်ချစ်ဝင်းက . . .

"ငါ့စိတ်ထင်ပြောရရင်တော့ သူ အကြာကြီး ရပ်နေမှာတော့ မဟုတ်ဘူး၊ ဖိနပ်အပြတ်ကို ချွတ်ခဲ့ပြီး ဒီအတိုင်း လမ်းလျှောက်သွားလိမ့်မယ်"

"မဖြစ်နိုင်ဘူးကွ၊ သူ့ပုံစံကြည့်ရတာ အဲလိုတော့ သွားရဲမှာ မဟုတ်ဘူး၊ တက်စီပဲ ဆက်စောင့်နေမှာ သေချာတယ်"

"မင်းကလည်းကွာ၊ သူ ဒီလောက် အကြာကြီး ရပ်မနေနိုင်ပါဘူး၊ လောင်းရင် မင်းနဲ့ငါ လောင်းမလား၊ အဲဒီကောင်မလေး ဆယ်မိနစ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com

ဖိနပ်ချွတ်ပြီး လမ်းလျှောက်သွားရမယ်''

ကျော်ချစ်ဝင်းက စတင်စိန်ခေါ်လိုက်ခြင်း ဖြစ်သည်။ ချမ်းမြေ့အောင်ကလည်း ချက်ချင်းပဲ အကြောမခံသည့်ပုံစံဖြင့် ...

''လောင်းမယ်ကွာ၊ ဘီယာတစ်ပိုင်းကြေး လုပ်လိုက်၊ နောက်ထပ်ဆယ်မိနစ်အထိ သူ ဆက်ရပ်နေရင် ငါ နိုင်ပြီနော်''

''စိန်လိုက်လေကွာ၊ လာ ... ရိုက်လိုက်''

အလောင်းအစားကို သဘောတူလိုက်သည့်ပုံစံဖြင့် နှစ်ကောင်သား လက်ဝါးခြင်း ရိုက်လိုက်ကြသေးသည်။

သစ်ထူးက မျက်ခုံးတစ်ချက်ပင့်ကာ တစ်ချက်စဉ်းစားလိုက်ပြီးမှ နှစ်ကောင်စလုံးကို ကြည့်၍ ...

''ငါလည်း မင်းတို့လောင်းတဲ့အထဲမှာ ပါမယ်ကွာ''

''ဟင် ... မင်းက ဘယ်ဘက်ကနေမှာလဲ၊ ငါ့ဘက်လား ဟိုကောင့်ဘက်ကလား''

ခေါင်းခါလိုက်ရင်း သစ်ထူးက ...

''ဘယ်ဘက်ကမှ မနေဘူး။ မင်းတို့ပြောတဲ့ ဆယ့်မိနစ်အတွင်းမှာ မင်းတို့နှစ်ယောက် ပြောတာတွေ တစ်ခုမှမဖြစ်စေရဘူး။ တခြားတစ်ခု ဖြ[illegible] ရမယ်ကွာ ... ဘယ်လိုလဲ''

သစ်ထူးစကားကြောင့် နှစ်ကောင်သား တစ်ယောက်မျက်နှာ တ[illegible] ယောက်ကြည့်ကာ အရင်ရယ်လိုက်ကြသည်။ ပြီးမှ ...

''သစ်ထူးရာ ... မဖြစ်နိုင်တာကို ပြောနေတာက မင်းကွ၊ ဒါပေ[illegible] မင်း သိပ်ပါချင်တယ်ဆိုတော့လည်း လောင်းတာပေါ့ကွ၊ ဟော့ကောင် ...





ဘီယာတစ်ပိုင်းကြေးနော်''

''အေးပါ''

''ကဲ ... ဒါဆို စပြီနော်၊ ငါ နာရီမှတ်လိုက်မယ်''

ပြောရင်း ချမ်းမြေ့အောင်က ဖုန်းဖွင့်ကာ နာရီမှတ်လိုက်ချိ[illegible]

ထိုအချိန်မှာပဲ သစ်ထူးက မတ်တတ်ထရပ်လိုက်ပြီး ...

''မင်းတို့နှစ်ကောင် ပြောတာတွေ တစ်ခုမှ ဖြစ်လာမှာမဟုတ်ဘူး ဆိုတာ ငါ သက်သေပြမယ်၊ အဟဲ ... အေးအေးသာ စောင့်ကြည့်နေလိုက်''

ပြောပြီးသည်နှင့် တစ်ပြိုင်နက် သစ်ထူး လှည့်ထွက်ခဲ့လိုက်သည်။ သူ ဦးတည်လိုက်သည်က အဖြူရောင်ဝါဂွမ်းစလေးဆီသို့။

''ဟာ ... ဟော့ကောင်''

''သစ်ထူး ... ဒါက ဘယ်ကိုလဲကွ''

လှမ်းပြောလာသော စကားသံတွေ လျစ်လျူရှုကာ သစ်ထူး ဖုန်း[illegible] အသာတွန်းပြလိုက်လေသည်။

လမ်းဘေးပလက်ဖောင်းပေါ်၌ အဖြူရောင်ဝါဂွမ်းစလေးတစ်စ ရှိနေပါသေးသည်။

■



www.burmeseclassic.com

www.burmeseclassic.com

## (၄)

လမ်းဖြတ်ကူးကာ အဖြူရောင်ကောင်မလေး ရပ်နေသည့် ပလက်ဖောင်းဆီသို့ သစ်ထူး သွားလိုက်၏။ ကောင်မလေးဆီသို့ တည့်တည့်သွားတာ ဘာအကူအညီပေးရမလဲ စသဖြင့် စကားရောဖောရော သွားလုပ်ခြင်းတော့ မဟုတ်ချေ။ ထိုနည်းက ရိုးသည်။

သစ်ထူးက ကောင်မလေးနှင့် လေးငါးပေလောက်အကွာမှာ ရပ်လိုက်၏။ ဒါမှ ကိုယ့်စကားပြောသံကို ကြားရမည်ဖြစ်သည်။ ပြီးမှ သစ်ထူးက နှုန်းထုတ်ကာ ဆက်လိုက်ပါသည်။

“အေး . . . သားကြီး ငါပါကွ၊ မင်းကို အလောင်းအစားလေးတစ်ခုအကြောင်း ပြောပြချင်လို့ပါ၊ ဟိုနှစ်ကောင်နဲ့ လောင်းထားတာလေ၊ ငါလည်း ဝင်ပါချင်လို့တော့ မဟုတ်ပါဘူးကွာ၊ အဟဲ . . . အားလုံးအဆင်ပြေအောင်



www.burmeseclassic.com

www.burmeseclassic.com



ဝင်ပါလိုက်တာပါ''

စကားသံက ခပ်ကျယ်ကျယ်မို့ ကောင်မလေးက ဆတ်ခနဲ လှည့်ကြည့်သည်။ စိတ်ရှုပ်ရသည့်အထဲ သမ္ပတ်အူက မျောလာပြန်ပြီဟု တွေးလိုက်မိသည်လားမသိ။ မှုန်တေတေမျက်နှာပေးနှင့်ဖြစ်၏။ သစ်ထူးက ကောင်မလေးကိုကြည့်ကာ မဆီမဆိုင် ပြန်ပြုံးပြလိုက်သေးသည်။ ဒင်းကလေး မျက်စောင်းထိုးပြီး ပြန်လှည့်သွားပုံလေးကပင် ချစ်စရာလေးဟု သစ်ထူးဘာသာ ထိုးထိုးတွေးလိုက်မိ၏။ ယောက်ျားတွေများ ...။

ဖုန်းကို နားရွက်နှင့်ကပ်ရင်း သစ်ထူး ဆက်ပြောလိုက်၏။

''အေး ... အလောင်းအစားကတော့ ဒီလိုကွာ၊ ငါရယ်၊ ချမ်းမြေ့ရယ်၊ ကျော်ချစ်ဝင်းရယ်က စကိတ်ကွင်းမသွားခင် လမ်းဘေးအအေးဆိုင်မှာ ထိုင်နေကြတာ၊ အဲဒီမှာတင် ငါတို့ရဲ့မြင်ကွင်းထဲကို ကောင်မလေးတစ်ယောက် ဝင်လာတာကွ၊ လာတာကတော့ သူ့ဟာသူ လာတာပါ၊ ဒါပေမဲ့ ... ငါတို့မြင်ကွင်းထဲ ရောက်မှ သူ့ဖိနပ်က ပြတ်သွားရော''

ကောင်မလေးက မျက်မှောင်ကြုတ်၍ ဆတ်ခနဲ လှည့်ကြည့်လာသည်။ သစ်ထူး မသိချင်ဟန်ဆောင်ကာ တော်ကီဆက်လွှတ်နေလိုက်၏။

''အဲဒီမှာကွာ ကောင်မလေးလည်း နည်းနည်းတော့ တိုင်ပတ်သွားတာပေါ့၊ ဒါပေမဲ့ ... ကောင်မလေးက နပ်တယ်ကွ၊ ဖိနပ်အပြတ်ကို ထိန်းစီးပြီး ပလက်ဖောင်းကိုရောက်အောင် သွားလိုက်တယ်၊ သူတွေးတာက တက်စီငှားပြီးသွားမယ့်ပုံပဲ၊ ဖြစ်ချင်တော့ ဒီလမ်းကလည်း ကားအသွားအလာ ဖြတ်တယ်၊ လာပြန်တော့လည်း တက်စီက ခရီးသည်နဲ့ကွာ၊ ကောင်မလေးလည်း ကြံရာမရဖြစ်ပြီး ဖုန်းထုတ်ဆက်ပြန်တယ်ကွ၊ ဟား ... မင်းသိတဲ့အတိုင်းပဲကွာ၊ ဖုန်းလိုင်းတွေက ကျပ်နေတော့ ဆက်မရဘူးထင်ပါတယ်၊ အဲဒီမှာပဲ ကောင်မလေး ဘာဆက်လုပ်ရမှန်းမသိ ဖြစ်နေတာကွ''

မျက်မှောင်ကြုတ်ကာ ကြည့်နေရင်းက ကောင်မလေး သစ်ထူးအနီးသို့ တဖြည်းဖြည်း တိုးကပ်လာသည်။ သစ်ထူးက ဒင်းကလေး ကပ်လာသည်ကို သိသော်လည်း တော်ကီဆက်လွှတ်နေဆဲ။

''အဲဒီမှာတင် ချမ်းမြေ့နဲ့ကျော်ချစ်ဝင်းတို့က လောင်းတော့တာပဲကွ၊ တစ်ကောင်က ကောင်မလေးဟာ ကားလည်းမလာ၊ ဖုန်းလည်း ဆက်လို့မရလို့ စိတ်မရှည်တော့ပဲ ဆယ်မိနစ်အတွင်းပဲ ဒီနေရာက ဖိနပ်အပြတ်ကို ချွတ်ပြီး ခြေထောက်ဗလာနဲ့ လမ်းလျှောက်သွားလိမ့်မယ်တဲ့၊ အဲ ... နောက်တစ်ကောင်ကတော့ ဒီအတိုင်း ကားဆက်စောင့်နေမှာဆိုပဲ၊ အေး ... ဒါလည်း မနေနိုင်တာနဲ့ ဝင်လောင်းလိုက်တယ်ကွာ၊ ငါပြောလိုက်တာက အဲဒီနှစ်ကောင် ထင်ထားသလိုမျိုး ဆယ်မိနစ်အတွင်း လုံးဝမဖြစ်စေရဘူးတဲ့ အဟဲ ... မင်း ငါ့အကြောင်း သိပါတယ် သားကြီးရာ၊ သစ်ထူးပါကွ''

ထိုစဉ်မှာပဲ ကောင်မလေးက သစ်ထူးနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာရပ်လာရင်း မျက်ခုံးလေး အတွန့်ချိုးလျက် ...

''ဒီမှာ ... ဒီမှာ ... ရှင်တို့ကြည့်ပြီး လောင်းနေကြတယ်ဆိုတာ ကျွန်မကို မဟုတ်လား''

သစ်ထူးက အံ့သြဟန် တမင်လုပ်လျက် ...

''ဗျာ ... ခင်ဗျားက ဘယ်လိုသိသွားတာလဲ''

ကောင်မလေးက သူ့မျက်နှာကို ရွှန်းရွှန်းဝေအောင် မဲ့လိုက်ပြီး

''သိတာပေါ့၊ ရှင် ဖုန်းပြောနေတာကို အတိုင်းသား ကြားနေရတာပဲ





www.burmeseclassic.com

www.burmeseclassic.com



ဥစ္စာ၊ သူများ ဒုက္ခရောက်တာကိုပဲ အရသာခံပြီး လာလောင်းနေကြသေးတယ်''

သစ်ထူးက ရယ်လိုက်ပြီး . . .

''အဲလို မထင်ပါနဲ့ဗျာ၊ ခင်ဗျား ဒုက္ခရောက်နေတာကို မြင်တယ်၊ သိတယ်၊ ဒါပေမဲ့ . . . ဘာကူညီရမလဲလို့ လာမေးရင် ခင်ဗျားက ဇာတ်လမ်းလာလုပ်တယ်ထင်ပြီး ကောလွှတ်မယ်၊ ကျွန်တော်လည်း ဟိုကောင့်ဆီမှာ ကြောင်ဆိုပြီး အဟားခံရမယ်၊ ဒီတော့ အနေအထားပြောင်းသွားအောင် ခုလို လုပ်လိုက်တာပါ''

ခပ်မဲ့မဲ့မျက်နှာလေးပေါ် အပြုံးတစ်ပွင့် ခိုနားသွားသည်။ ပြီးမှ

''ထားပါတော့၊ ခု ကျွန်မ အခက်အခဲဖြစ်နေတယ်၊ ရှင် ကူညီနိုင်မလား''

ရဲတင်းပွင့်လင်းသော ခေတ်မိန်းကလေးဖြစ်ဟန်တူသည်။ ပေါ်တင်ပဲ အကူအညီတောင်းလာ၏။

သစ်ထူးက တစ်ချက်စဉ်းစားလိုက်ပြီး . . .

''အင်း . . . အဲဒါက ဒီလိုရှိတယ်ဗျ၊ ခင်ဗျားကို ကျွန်တော် တကယ်ကူညီချင်ပါတယ်၊ ဟိုကောင်တွေနဲ့ လောင်းထားလို့ မဟုတ်ဘူးနော်၊ ဒါပေမဲ့ ခင်ဗျားသိတဲ့အတိုင်းပဲ၊ ဒီလမ်းက လမ်းလည်း ကြမ်းတော့ ကားအဝင်အထွက် နည်းတယ်၊ ခင်ဗျားအတွက် ဖိနပ်တစ်ရံသွားဝယ်ပေးမယ်ဆိုရင်တောင် အနည်းဆုံး မိနစ်နှစ်ဆယ်လောက် ကြာမယ်ဗျ''

''ကျွတ်စ် . . . ဒုက္ခပါပဲ၊ ကျွန်မလည်း အိမ်က ကားပျက်နေတာနဲ့ တက်စီနဲ့ လာခဲ့တာ၊ အပြန်ကျမှ ခုလိုဖြစ်တာ၊ ဘယ်လိုလုပ်ရမှန်းတောင်မသိဘူး''

ခပ်ညည်းညည်း ပြောလိုက်သော စကားအဆုံးမှာ သစ်ထူးဟာဖုံး အသာတွန့်လိုက်ရင်း . . .

''အဲ . . . တစ်နည်းတော့ ရှိတယ်ဗျ၊ အဲဒါကတော့ ခင်ဗျား ခြေဗလာနဲ့ လျှောက်မသွားချင်ရင် ကျွန်တော့်ဖိနပ်ကို စီးသွားလိုက်၊ အဲဆိုရင် ခြေဖဝါးပူတာ သက်သာမယ်၊ ကွန်ခြေလည်း ရမယ်၊ လမ်းမကြီးအထိ လျှောက်လိုက်ရင်တော့ ကားငှားလို့ရမှာပါ''

ကောင်မလေးက သစ်ထူး၏ဖိနပ်ကို ငုံ့ကြည့်သည်။ သစ်ထူးက All Star အဖြူရောင် ကင်းဘတ်ဖိနပ်ကို စီးထားပြီး ထိုဖိနပ်ပေါ်တွင်လည်း ရောင်စုံဆေးများမှုတ်ကာ ဒီဇိုင်းဆင်ထားသေးသည်။ ကောင်မလေးက သစ်ထူး၏ဖိနပ်ကိုကြည့်ကာ မျက်ခုံးအတွန့်ချိုးလိုက်ရင်း . . .

''အာ . . . ကျွန်မက ဂါဝန်ဝတ်ထားတော့ ရှင့်ဖိနပ်ကြီးနဲ့ ဘယ်လို အဆင်ပြေမှာလဲ၊ ပြီးတော့ ဖိနပ်ပေါ်မှာလည်း ဆေးတွေမှုတ်ထားသေးတယ်''

သစ်ထူးက . . .

''ဒါကတော့ . . . ခင်ဗျားသဘောပဲလေ၊ ကျွန်တော်က ခင်ဗျား တောလောဆယ် အဆင်ပြေအောင် စဉ်းစားပေးတာ၊ စီးမသွားချင်ရင်လည်း သဘောပဲ၊ ဖိနပ်ပေါ် ဆေးမှုတ်ထားတယ်ဆိုတာကလည်း ဂရစ်ဖစ်တီဆွဲထားတာဗျ၊ အလကား လျှောက်ဆွဲထားတာ မဟုတ်ဘူး''

ပြောပြီး သစ်ထူးက လှည့်ထွက်လိုက်သည်။ ကောင်မလေးက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းဖွဖွကုတ်လိုက်ပြီးမှ . . .

''ခဏလေး . . . ခဏလေး''





www.burmeseclassic.com

www.burmeseclassic.com

သစ်ထူး ပြန်လှည့်ကြည့်လိုက်သည်။

ကောင်မလေးက စဉ်းစားဆုံးဖြတ်လိုက်ဟန်နှင့် ...

"ဟိုလေ ... ဒီအတိုင်းကြီး ရပ်နေရတာနဲ့စာရင် ရှင့်ဖိနပ်ကို ခဏငှားစီးသွားတာက ပိုအဆင်ပြေမယ်ထင်တယ်၊ အဲဒီတော့ ..."

စကားမဆုံးခင်မှာပဲ သစ်ထူးက ရပ်နေရာမှ အသာထိုင်ချလိုက်သည်။ ပြီး ... ဖိနပ်ကြိုးကိုဖြည်ကာ ဖိနပ်နှစ်ဖက်စလုံးခြေထောက်မှ ဆွဲချွတ်လိုက် ရင်း ...

"ရော့ ... ဖိနပ်ကတော့ ကြီးနေမှာ သေချာတယ်၊ ကြိုးကို ခပ်တင်းတင်းချည်ပြီး စီးသွားလိုက်ပေါ့"

လှမ်းပေးလိုက်သောဖိနပ်ကိုယူကာ ကောင်မလေးက သူ့ခြေထောက်တွင် စီးထားသည့် ဖိနပ်အပြတ်ကို အရင်ချွတ်လိုက်ပါသည်။ ပြီးမှ သစ်ထူး၏All Star ဖိနပ်ကို စီးစွပ်လေတော့၏။

ခြေထောက်နှစ်ဖက်စလုံး ဖိနပ်ထဲ ရောက်သွားသော်လည်း ဖိနပ်ကြိုးချည်နေပုံကို ကြည့်ရတာ အဆင်မပြေသဖြင့် သစ်ထူးက ...

"ကဲ ... ကဲ ... ကျွန်တော်ပဲ ကြိုးချည်ပေးပါ့မယ်"

ကောင်မလေးမျက်နှာပေါ် အားနာရိပ်တွေ လွှမ်းသွားသည်။ သစ်ထူးက ဖိနပ်ကြိုးချည်ပေးရသည်ကို စိတ်ထဲက ဘယ်လိုမှ သဘောထားဟန်မရှိဘဲ သေသေချာချာ ချည်ပေးလိုက်ပါသည်။ ပြီးမှ ...

"ကဲ ... ရပြီ၊ ခင်ဗျား လမ်းမထိ ခပ်တည်တည်နဲ့သာ လျှောက်သွားပေတော့၊ ဂါဝန်နဲ့ All Star နဲ့ဆိုတော့ စတိုင်လ်သစ်တောင် ဖြစ်သေးတယ်"





ပြောရင်း ရယ်လိုက်သည်။ ကောင်မလေးက ...

"ခုလို ကူညီတာ ကျေးဇူးတင်ပါတယ်၊ ကျွန်မ ရှင့်ဖိနပ်ကို နောက်နေ့ ပြန်လာပေးပါ့မယ်၊ ဒါနဲ့ ... ဘယ်ကို လာပေးရမှာလဲဟင်"

သစ်ထူးက တစ်ချက်စဉ်းစားလိုက်ရင်း ...

"အင်း ... များသောအားဖြင့်တော့ မနက်နဲ့ ညနေပိုင်းတွေမှာဆိုရင် စကိတ်ကွင်းမှာ ရှိတယ်ဗျ။ ဒီလမ်းအတိုင်း တည့်တည့်သွားပြီး ညာဘက်ကို ချိုးလိုက်ရင် စကိတ်ကွင်းရှိတယ်"

"သြော် ... ဟုတ်၊ အဲဒီစကိတ်ကွင်းတော့ ကျွန်မ သိပါတယ်၊ ဖိနပ်ပြန်လာပို့ပေးမယ်နော်၊ ဒါနဲ့ ရှင့်နာမည်က ..."

"သစ်ထူးပါ၊ အဲဒီမှာ မေးလိုက်ရင် ရတယ်"

"ဟုတ်ကဲ့ ကိုသစ်ထူး။ ကျွန်မ ဆက်ဆက် ပြန်လာပို့ပေးမယ်နော်၊ ခုတော့ ခွင့်ပြုပါဦး"

ပြောပြီး ကောင်မလေးက ခပ်ဖြည်းဖြည်း လှည့်ထွက်သွားသည်။ မေးသင့်၊ မမေးသင့် စဉ်းစားလိုက်ပြီးမှ အမြန်ဆုံးဖြတ်ကာ သစ်ထူး လှမ်းမေးလိုက်ပါသည်။

"ဟိုလေ ... ဒါနဲ့ ခင်ဗျားနာမည်က ..."

ကောင်မလေး၏ခြေလှမ်းရပ်ကာ ဆတ်ခနဲ လှည့်ကြည့်လာသည်။ ပြီး အပြုံးပါးပါးနှင့် ...

"ကျွန်မနာမည် ပုံရိပ်ပါ ကိုသစ်ထူး"

ပြောပြီး ခပ်ဖြည်းဖြည်း ပြန်လှည့်ကာ ဆက်လျှောက်သွားလေသည်။ ကောင်မလေး မြင်ကွင်းထဲမှ ပျောက်ကွယ်သွားသည့်အထိ သစ်ထူး

www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြည့်နေမိသေးသည်။ ပြီးမှ ဝင့်ခနဲ တစ်ချက်ပြုံးလိုက်ရင်း ပခုံးတွန့်ကာ လှည့်ထွက်လာခဲ့သည်။

ခြေဗလာနှင့် ပြန်ရောက်လာသော သစ်ထူးကို ချမ်းမြေ့အောင်နှင့် ကျော်ချစ်ဝင်းတို့က ပါးစပ်အဟောင်းသားဖြင့် ကြောင်တောင်တောင် ကြည့်နေကြလေသည်။

■

## (၅)

နောက်နေ့ စကိတ်ကွင်းရောက်တော့ ခါတိုင်းနေ့တွေလို သစ်ထူး ချက်ချင်း စကိတ်မစီးဖြစ်သေး။ စကိတ်ဘုတ်ပြား ဘေးချကာ ကွင်းဘေးတွင် အေးအေးလူလူ ထိုင်နေမိသည်။ ချမ်းမြေ့အောင်နှင့်ကျော်ချစ်ဝင်းတို့ကတော့ ဇောင်းထဲမှ လွှတ်လိုက်သည့် မြင်းကဲ့သို့ ကွင်းထဲမှာ လူးလာခတ်၍ စီးနေကြပြီ။

သစ်ထူးက ကွင်းထဲ၌ စကိတ်စီးနေသည့်လူများကို ခဏငေးကြည့်နေပြီးမှ အကြည့်ကို လွှဲလိုက်၏။ ထိုအချိန်မှာပဲ ချမ်းမြေ့အောင်နှင့် ကျော်ချစ်ဝင်းတို့က စကိတ်ဘုတ်ပြားတွေကို ကိုယ်စီကိုင်ကာ လျှောက်လာကြပြီး သစ်ထူးအနီးတွင် ဝင်ထိုင်လိုက်ကြသည်။

ချမ်းမြေ့အောင်က သစ်ထူးကို အကဲခတ်သလို တစ်ချက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ပြီး . . . ကျော်ချစ်ဝင်းကို မျက်ခုံးပင့်ရင်း အချက်ပြလိုက်၏။ ကျော်ချစ်ဝင်းက ဘာမှမပြောသေးဘဲ ရေသန့်ဘူးကို အရင်မော့သောက်လိုက်ပြီးမှ . . .

"ဟေ့ကောင် သစ်ထူး . . . စကိတ်မစီးဘဲ ဒီမှာ ဘာထိုင်လုပ်နေတာလဲ"

သစ်ထူး ပြန်မဖြေခင်မှာပဲ ချမ်းမြေ့အောင်က ဖြတ်ပြောလိုက်သည်။

"ဘာဖြစ်ရမှာလဲ ကျော်ချစ်ဝင်းရာ . . . မနေ့က ဒီကောင် ဖိနပ်ငှားလိုက်တဲ့ ကောင်မလေး ဖိနပ်ပြန်လာပေးမလားဆိုပြီး မျှော်နေတာ ဖြစ်မှာပေါ့"

ချစ်မြေ့အောင်စကားအဆုံးမှာ ကျော်ချစ်ဝင်းက ပခုံးတွန့်လိုက်ပြီး

"အဲဒါဆိုရင်တော့ မေ့လိုက်ပါတော့ သစ်ထူးရာ၊ လမ်းမှာ ခဏတစ်ဖြုတ် တွေ့ခဲ့တဲ့ကောင်မလေးရဲ့စကားကို ယုံပြီး မျှော်နေတာလား။ ဘယ်သူမှ တကူးတက လာပေးမှာမဟုတ်ဘူး။ မင်းဖိနပ်တော့ သေချာပေါက်ဆုံးပြီ"

"သွားကြောင်တာကိုးကွ . . . ခံပေါ့"

နှစ်ကောင်သား အတိုင်အဖောက်ညီညီနှင့် နှိပ်ကွပ်နေကြသည်။ သစ်ထူးက ဘာမှမဖြစ်သလို နှစ်ကောင်စလုံးကိုဝေ့ကာ ကြည့်လိုက်ပြီး . .

"ဘာလဲ . . . မင်းတို့က ငါ ဖိနပ်တစ်ရံ ဆုံးသွားလို့ နှမြောနေတယ်လို့ ထင်လို့လား"

"အေးလေ . . . ဖိနပ်ရဲ့တန်ဖိုးကြောင့် နှမြောနေတာလို့ ဆိုလိုတာ မဟုတ်ဘူး။ အဲဒီဖိနပ်ကို မင်းက ဂရစ်ဖစ်တီခွဲပြီး သေသေချာချာ ဒီဇိုင်းဆင်





ထားတာလေ၊ အဲဒါကို နှမြောနေတာမလား"

စကားအဆုံးမှာ သစ်ထူး ခပ်ဖြည်းဖြည်း ခေါင်းခါလိုက်သည်။

"မဟုတ်ဘူးကွ၊ ငါလည်း သွေးနဲ့ကိုယ်၊ သားနဲ့ကိုယ်ဆိုတော့ နှမြောတဲ့စိတ်ကလေးတော့ ရှိပါတယ်၊ ဒါပေမဲ့ . . . မင်းတို့ ထင်နေသလို ဖိနပ်ကို နှမြောတာတော့ မဟုတ်ဘူး"

"ဟင် . . . အဲဒါဆို ဘာကိုနှမြောတာလဲ"

"အဲဒီပုံရိပ်ဆိုတဲ့ ကောင်မလေး ဖိနပ်ပြန်လာမပို့မှာကို နှမြောတာ"

သစ်ထူးစကားကြောင့် နှစ်ကောင်စလုံး အူကြောင်ကြောင်ဖြစ်သွားကြသည်။ ကျော်ချစ်ဝင်းက အရင် . . .

"မင်းစကားက ဘာကြီးလဲ သစ်ထူးရာ၊ ခုနက ပြောတော့ ဖိနပ်ကို နှမြောတာ မဟုတ်ဘူးဆို"

"ဟုတ်တယ်လေ၊ ဖိနပ်ကို နှမြောတာ မဟုတ်ဘူး။ ဖိနပ်လာပြန်ပေးမယ့် အဲကောင်မလေးကို တွေ့ချင်တာ၊ အဲဒါကို နှမြောနေတာကွ"

"ဟေ"

နှစ်ကောင်သား ပါးစပ်အဟောင်းသား ဖြစ်သွားကြပြီးမှ တဟားဟား ရယ်တော့သည်။

"ဖြစ်မှဖြစ်ရလေ သစ်ထူးရာ၊ မနေ့ကမှ ခဏတွေ့တဲ့ ကောင်မလေးကိုများ၊ ဘာလဲ . . . မင်းက ဖိနပ်တစ်ရံ အရင်းပြုပြီး ဇာတ်လမ်းလုပ်ချင်တာလား"

"လက်လျှော့လိုက် သစ်ထူး၊ မင်း မျှော်လင့်ထားတဲ့ဇာတ်လမ်းမျိုးတော့ ဖြစ်လာမှာမဟုတ်ဘူး၊ မင်းဖိနပ်က ခုအချိန်ဆို . . . အဲ ကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com

အိမ်က အမှိုက်တောင်းထဲ ရောက်နေလောက်ပြီ''

တော်တော် အားကိုးရသည့် အပေါင်းအသင်းတွေဖြစ်သည်။ သူငယ်ချင်းအချင်းချင်း အားမပေးဘဲ အဆိုးဘက်က မြင်ကာ အပြစ်တင်ပုံချနေကြ၏။

''မင်းတို့ ဘယ်လိုပဲ ထင်ထင်ကွာ၊ အဲဒီကောင်မလေးကို ငါ စိတ်ဝင်စားတာအမှန်ပဲ''

''အတင်းကြီးပါလားကွ''

''အေး . . . အတင်းကြီးပဲ၊ သူနဲ့ငါ တစ်ချိန်ချိန် တစ်နေရာရာမှာ ပြန်ဆုံမယ်လို့ စိတ်ထဲက သိနေတယ်''

''နောက်ဘဝမှပဲ စိတ်ကူးယဉ်တော့ သစ်ထူး၊ လာပါကွာ . . . စကိတ်သွားစီးရအောင်''

''မစီးဘူးကွာ၊ သွားတော့မယ်''

''ဟင် . . . ဘယ်ကိုလဲ၊ ပြန်တော့မလို့လား''

သစ်ထူး ထရပ်လိုက်သဖြင့် လှမ်းမေးလိုက်ခြင်းဖြစ်သည်။

''မပြန်သေးပါဘူး၊ မင်းတို့နဲ့စကားပြောရတာ အာရုံနောက်လို့ ပုံ သွားဆွဲတော့မယ်''

ကျောပိုးအိတ်လွယ်ကာ စကိတ်ဘုတ်ပြားကို ကောက်ယူပြီး သစ်ထူး လှည့်ထွက်လာခဲ့သည်။

သစ်ထူး၏ကျောပြင်ကိုကြည့်ကာ ကျော်ချစ်ဝင်းက . . .

''ချမ်းမြေ့ . . . ဒီကောင် ရူးများရူးသွားလား မသိဘူးနော်''

''အေး . . . ဖြစ်နိုင်တယ်၊ မိန်းကလေးတစ်ယောက်နဲ့ အနီးကပ်ဆုံ





လိုက်ရတော့ ဦးနှောက်ထဲ ဟိုပိုးဝင်သွားတာနေမှာပေါ့ကွာ''

နှစ်ယောက်သား ရယ်လိုက်ကြသည်။

ထိုအချိန်မှာပဲ . . .

''ဒီမှာရှင့် . . . ရှင်တို့က ဒီကွင်းမှာ အမြဲစကိတ်စီးတာလားဟင်''

ကောင်မလေးတစ်ယောက်၏မေးသံကြောင့် နှစ်ယောက်စလုံး ကြည့်လိုက်မိကြ၏။ မနေ့က သစ်ထူးနှင့် ဆုံခဲ့သည့် ကောင်မလေးဖြစ်နေသဖြင့် အံ့ဩသွားရသည်။ ကောင်မလေးကတော့ ချမ်းမြေ့အောင်တို့ကို သိဟန်မတူချေ။

ကျော်ချစ်ဝင်းနှင့်ချမ်းမြေ့အောင်တို့ တစ်ယောက်မျက်နှာတစ်ယောက် အရင်ကြည့်လိုက်ကြပြီးမှ . . .

''ဟုတ်ကဲ့ စီးပါတယ် . . . ဘာဖြစ်လို့လဲဗျ''

ကောင်မလေးက သူ့လက်ထဲတွင် ကိုင်လာသည့် စက္ကူအိတ်ကို သစ်ချက်ကြည့်လိုက်ရင်း . . .

''ဪ . . . ဘာမှတော့မဖြစ်ပါဘူး၊ ဒီကွင်းမှာ စကိတ်စီးတဲ့ သစ်ထူးဆိုတဲ့ လူကိုများ သိလားမသိဘူး၊ ကျွန်မ သူနဲ့တွေ့ချင်လို့ပါ''

ပြောလာသည့်စကားနှင့် လက်ထဲတွင် ကိုင်လာသည့် စက္ကူအိတ်ကို ကြည့်ကာ သဘောပေါက်လိုက်ကြလေပြီ။ သစ်ထူး မှော်လင့်ထားသလို ဒီတယ်ကြီး ဖိနပ်ပြန်လာပေးတာပါလား။

ချမ်းမြေ့အောင်က ချက်ချင်းပဲ . . .

''ဟုတ်ကဲ့ . . . သိပါတယ်ဗျ၊ ခုနကတောင် သစ်ထူး ဒီနားမှာရှိနေသေးတယ်''



www.burmeseclassic.com

www.burmeseclassic.com

"ရှင် ... ခု သူ ပြန်သွားပြီလားရှင့်"

"ပြန်တာတော့ မပြန်လောက်သေးဘူးဗျ။ ခင်ဗျား တွေ့ချင်ရင် ဟိုဘက်နားကို သွားကြည့်လိုက်၊ သူ အဲဒီမှာ ရှိတတ်တယ်"

စကိတ်ကွင်းဝင်း နံရံတွေဘက်ဆီ ညွှန်ပြလိုက်သည်။

"ဟုတ်ကဲ့ရှင့် ... ကျေးဇူးပါပဲနော်"

ပြောပြီး ကောင်မလေးက လှည့်ထွက်သွားလေသည်။ ချမ်းမြေ့အောင်နှင့် ကျော်ချစ်ဝင်းတို့လည်း ကောင်မလေး၏နောက်ကျောကို နှမြောစိတ်လေးဖြင့် လိုက်ကြည့်မိနေကြသေးသည်။

ပြီးမှ ချမ်းမြေ့အောင်က ခပ်တိုးတိုး ရေရွတ်လိုက်၏။ မနာလိုစွာ။ ထို့ထက် သူငယ်ချင်းတစ်ယောက်အတွက် ဂုဏ်ယူဝမ်းမြောက်စွာ ...။

"အင်း ... အရှုံးတော့ ချေးခြောက်ကောက်ရတော့မယ် ထင်ပါရဲ့ကွာ"

■



www.burmeseclassic.com

www.burmeseclassic.com

## (၆)

အုတ်နံ့ရံပေါ် ရေးဆွဲထားသည့် ပုံထက်၌ ဆေးအနီရောင် ထပ်မှုတ်ထား ဆွဲလက်စပုံကို လက်စသတ်လိုက်သည်။ ပြီး . . . ဆွဲထားသည့်ပုံကို ခဏစိုက်ကြည့်နေပြီးမှ မှုတ်ဆေးဘူးတွေကို ကျောပိုးအတ်ထဲ ထည့်လိုက်၏။ ဒီနေ့အဖို့ ဂရပ်ဖစ်တီဆွဲချင်နေသည့်စိတ်က အဆာပြေသွားလေပြီ။

သစ်ထူးကျောပိုးအိတ် ကောက်လွယ်လိုက်ချိန်မှာပဲ နောက်ဘက်ဆီမှ စကားသံလေးကို ကြားလိုက်ရသည်။

"ကိုသစ်ထူး . . . ရှင် ကိုသစ်ထူး ဟုတ်ပါတယ်နော်"

လှမ်းမေးသံကြောင့် ဆတ်ခနဲ လှည့်ကြည့်လိုက်ရင်း သစ်ထူး အံ့သြသွားရ၏။ ပုံရိပ်ကို မြင်လိုက်ရသောကြောင့် အပျော်စိတ်ကလေးကလည်း ဖျတ်ဖျတ်လူးသွားသည်။



www.burmeseclassic.com

www.burmeseclassic.com

"ပုံ ... ပုံရိပ် ... ပုံရိပ်က ကျွန်တော့်ကို လာရှာတယ်"

ထိုစကားကြောင့် ပုံရိပ်က မျက်ခုံးလေးအတွန့်ချိုးလိုက်ရင်း ...

"အင်းလေ ... မနေ့က ရှင့်ရဲ့ဖိနပ်ကို ငှားသွားတာဆိုတော့ ပြန်လာပေးရတာပေါ့။ ဘာဖြစ်လို့လဲ"

သစ်ထူးက ...

"ဟိုလေ ... အံ့သြသွားလို့ပါ၊ ပုံရိပ် ခုလိုပြန်လာပေးမယ်လို့ ထင်မထားဘူးလေ"

"ရှင် ... ကျွန်မပုံစံက သူများပစ္စည်းငှားပြီး ပြန်မပေးတတ်တဲ့ပုံ ပေါက်နေလို့လား"

စိတ်ဓာတ်ပုံပြင့် မဟုတ်ဘဲ ပြုံးစစလေးလုပ်ရင်း ပြန်မေးလာခြင်း ဖြစ်သည်။ သစ်ထူးက အားနာဟန်ဖြင့် ရယ်လိုက်ကာ ...

"ဟာ ... မဟုတ်ပါဘူး။ ဟိုလေ ... ဖိနပ်တစ်ရံဆိုတာက ဘာမှ တန်ဖိုးသိပ်ရှိတာ မဟုတ်ဘူးလေ၊ ပုံရိပ်အနေနဲ့ ခုလို တကူးတကကြီး ပြန်လာပေးမယ် မထင်လို့ပါ"

"သြော် ... အဲလိုလည်း ဘယ်ဟုတ်ပါ့မလဲ၊ ရှင့်ဆီက ဖိနပ်ငှားတယ်ဆိုတာထက် ကျွန်မရဲ့အခက်အခဲကို ရှင် အကူအညီပေးခဲ့တာလေ၊ ရှင့်ကို ဒီမှာမှမတွေ့ရင်တောင် အိမ်လိပ်စာစုံစမ်းပြီး လာပြန်ပေးဖို့ထိတောင် စဉ်းစားထားတာ၊ ကျေးဇူးတင်စကားလည်း ထပ်ပြောရင်းပေါ့"

ပုံရိပ်အပြောကြောင့် သစ်ထူး မနေတတ် မထိုင်တတ်ပင် ဖြစ်ရသေးတော့၏။ ပုံရိပ်က ဖိနပ်ထည့်ထားသည့် စက္ကူအိတ်ကို လှမ်းပေးရင်း

"ရော့ ... ကိုသစ်ထူး ရှင့်ဖိနပ်၊ ကျေးဇူးတင်တယ်နော် ...





ကူညီခဲ့တာ၊ ဒါနဲ့ ရှင်က ဂရစ်ဖစ်တီဆွဲတာလား"

ဆွဲထားသည့်ပုံကို တစ်ချက်လှည့်ကာ ကြည့်လိုက်ပြီးမှ သစ်ထူးက ပြုံးရင်း ...

"ဆိုပါတော့ ... ပရော်ဖက်ရှင်နယ် ဆွဲတာတော့ မဟုတ်ပါဘူး။ ဝါသနာအရ ဆွဲဖြစ်တာပါ၊ တိတိကျကျပြောရင် မဆွဲရမနေနိုင်လို့ဗျ ... အဟဲ"

စကားအဆုံးမှာ ပုံရိပ်က ပြုံးလိုက်ရင်း သစ်ထူးဆွဲထားသည့်ပုံကို လှမ်းကြည့်ကာ ...

"ကျွန်မလည်း ဂရစ်ဖစ်တီဆွဲထားတဲ့ပုံတွေကို တွေ့ဖူးပါတယ်၊ သွားရင်းလာရင်းနဲ့ပေါ့၊ ဒါပေမဲ့ ... ရှင့်လက်ရာကို ကြည့်ရတာ ဝါသနာရှင် တစ်ယောက်ထက်တော့ ပိုတယ်၊ ရှင် ဂရစ်ဖစ်တီပုံတွေဆွဲတာ ကြာပြီလား"

ခေါင်းအသာညိတ်ရင်း သစ်ထူးက ...

"အင်း ... ဂရစ်ဖစ်တီဆိုတဲ့ အနုပညာကို စပြီတာကတော့ အထက်တန်းကျောင်းသားဘဝကပဲဗျ၊ အဲဒီတုန်းကတော့ စိတ်ဝင်စားလို့ ဆော့လာရုံပါ၊ တက္ကသိုလ်တက်တော့မှပဲ သေသေချာချာ စဆွဲဖြစ်တာ"

"အင်းပေါ့လေ၊ အထက်တန်းကျောင်းသားဘဝနဲ့စာရင် တက္ကသိုလ်က အားလပ်ချိန် ပိုများပြီး လွတ်လပ်တာကိုး"

တက္ကသိုလ်ကျောင်းသားဘဝက အထက်တန်းကျောင်းသားဘဝ လောက် ပညာရေးနှင့်ပတ်သက်ပြီး စိတ်ဖိစီးမှုမရှိဟု ပုံရိပ်က ပြုံးစစ မှတ်ချက်ချလိုက်ခြင်း ဖြစ်သည်။

သစ်ထူးက မျက်နှာတည်ကာ ခေါင်းညိတ်လိုက်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"အင်းနော် ... ကျွန်တော်တို့နိုင်ငံရဲ့ပညာရေးစနစ်ကြီးက တစ်မျိုးပဲ၊ အထက်တန်းကျောင်းသားဘဝမှာသာ စာ, စာဆိုပြီး သဲသဲမဲမဲ လုပ်ခဲ့ကြပေမယ့် တက္ကသိုလ်လည်းရောက်ရော အားလုံး ပေါ့တီးပေါ့ဆဖြစ်ကုန်ကြတယ်၊ လူတိုင်းကို ဆိုလိုတာတော့ မဟုတ်ပါဘူး၊ တချို့တွေပါ၊ ပြီးတော့ အထက်တန်းကျောင်းသားဘဝတုန်းက ဆရာ,ဆရာမတွေ ပြောလေ့ရှိတဲ့စကားတစ်ခွန်း ရှိသေးတယ်ဗျ။ ပွင့်ပွင့်လင်းလင်းပြောရရင် အဲဒီစကားကို ကျွန်တော် လုံးဝသဘော မတူဘူး"

"ဘာစကားလဲဟင် ကိုသစ်ထူး"

"ပုံရိပ်လည်း ကြားချင်ကြားဖူးမှာပါ၊ အထက်တန်းကျောင်းသားဘဝမှာ ဆရာ,ဆရာမတွေ အမြဲပြောတယ်လေ၊ မင်းတို့ဘဝမှာ ဒီဆယ်တန်းဆိုတာ တောင်ကြီးတစ်လုံးပဲ၊ ဒီတောင်ကို ကျော်နိုင်ရင် ပြီးပြီတဲ့၊ စဉ်းစားကြည့်ဗျာ ... အဲဒီစကားက လူငယ်တွေရဲ့စိတ်ကို ဒီဝန်းတိုင်ဟာ နောက်ဆုံးပဲဆိုပြီး ပြေးနိုင်းတာနဲ့ မတူနေဘူးလား။ ပညာဆိုတာက သင်ယူတဲ့နေရာမှာ ဆုံးတယ်လို့မရှိဘူးလေ၊ ဒီတောင်တစ်လုံးကို ကျော်ပြီးရင် နောက်ထပ် ဒီထက်မြင့်တဲ့တောင် ရှိဦးမှာပဲ၊ ခုတော့ဗျာ၊ ဆယ်တန်းဆိုတဲ့တောင်ကြီးကို ကျော်ပြီးတာနဲ့ တော်တော်များများက ပြီးပြီလို့ သဘောထားလိုက်ကြတယ်၊ ဘွဲ့တစ်ခု သေချာပေါက်ရပြီလို့လည်း တွေးလိုက်ကြတယ်၊ တကယ်တမ်း လက်တွေ့ဘဝထဲမှာကျတော့ အဲဒီဘွဲ့ဆိုတာက ညှော်ခန်းထဲမှာ အလှမာတ်ပုံချိတ်ဖို့ရယ်၊ သတင်းစာမှာ ဖော်ပြဖို့လောက်ပဲ အသုံး





ဝင်တော့တယ်လေ၊ အဲဒီစနစ်ကြီးကိုက လွဲနေတာဗျ။ ရှင်းရှင်းပြောရရင် ကျွန်တော် ဒီနိုင်ငံရဲ့ပညာရေးစနစ်ကို လုံးဝအယုံအကြည် မရှိဘူး"

ပုံရိပ်က ငြိမ်ဆိတ်စွာ နားထောင်ရင်း သစ်ထူးကို ကြည့်နေသည်။ ပြီးမှ သက်ပြင်းဖွဖွချရင်း ...

"ကိုသစ်ထူး ပြောတာလည်း ဟုတ်ပါတယ်၊ အဲဒါကြောင့်လည်း အမေရိက ဒီမိုကရေစီနိုင်ငံကို အုတ်မြစ်ချတဲ့နေရာမှာ ပညာရေးစနစ်က အရေးကြီးတယ်လို့ အမြဲပြောနေတာပေါ့"

"လောလောဆယ်တော့ ရွှေပြည်တော်မျှော်လည်း ဝေးနေဆဲပေါ့ [illegible]ရယ်"

ပြောရင်း သစ်ထူးက ရယ်လိုက်သဖြင့် ပုံရိပ်လည်း အသာပြုံးလိုက်သည်။ ပုံရိပ်က တစ်ခုစဉ်းစားမိဟန်ဖြင့် ...

"နည်းနည်းတော့ ရယ်ရတယ်နော်"

ပုံရိပ်အပြောကြောင့် သစ်ထူး ကိုယ့်ကိုယ်ကိုယ် ငုံ့ကြည့်ကာ မလုံမလဲဖြစ်သွားရပြီး ...

"ဟင် ... ဘာဖြစ်လို့လဲ ပုံရိပ်၊ ကျွန်တော့်ပုံစံက ဘာဖြစ်နေလို့ လဲ"

သဘောကျသလို တခစ်ခစ် ထပ်ရယ်လိုက်ရင်း ပုံရိပ်က ...

"ဘာမှမဖြစ်ပါဘူး ဟိုလေ ... ဒီနေ့က ရှင် ကျွန်မကို မနေ့က [illegible]ခဲ့လို့ ပြန်လာပေးတာလေ၊ ဒီရောက်တော့ ရှင့်ဂရစ်ဖစ်တီဆွဲနေတာ ကြည့်ပြီး ဂရစ်ဖစ်တီအကြောင်း စကားပြောမိတယ်၊ အဲဒီကနေ ပညာရေး



www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံရေးတွေပါ စကားထဲ ပါလာလို့လေ''

''ဟုတ်တယ်နော်၊ ဆက်ပြောနေရင် လွှတ်တော်ထဲက အကြောင်းကို ရောက်ဦးမလား မသိဘူး''

''အာ ... ကိုသစ်ထူးကလည်း လုပ်ပြီ''

နှစ်ယောက်သား ရယ်မိကြပြန်သည်။ ပြန်တွေ့တာ မိနစ်ပိုင်းပဲရှိပေမယ့် သစ်ထူးစိတ်ထဲမှာ ပုံရိပ်နှင့် ပို၍ရင်းနှီးလာသလို ခံစားနေရ၏။ ပုံရိပ်နှင့်သူ အတွေးအခေါ်၊ ခံစားချက်တွေများ တူနေတာလားဟုလည်း တစ်ဖက်သတ်ကြီး မညှာမတာ တွေးလိုက်မိ၏။ ယောက်ျားတွေများ။

သစ်ထူးက ကျောပိုးအိတ်ကို နေရာကျအောင် ပြန်ပြင်လွယ်လိုက်ရင်း အုတ်နံရံမှာ ထောင်ထားသည့် စက်ဘီးတုတ်ပြားကို လှမ်းယူလိုက်သည်။ ပြီး ပုံရိပ်ကိုကြည့်၍ ...

''ဒီမှာ စကားရပ်ပြောနေရတာ သိပ်တော့မကိုက်ဘူးဗျ။ ဒီအနားက တစ်ဆိုင်ဆိုင်မှာ သွားထိုင်မလား။ စကားလည်း ပြောရင်းပေါ့။ အဲ ... ပုံရိပ်အချိန်ရမှာပါ''

ပုံရိပ်က မသိမသာ မျက်ခုံးပင့်လိုက်ရင်း ...

''ကောင်းသားပဲ၊ သွားလေ ... ကိုသစ်ထူးကို ကျွန်မ ကျွေးပါ့မယ်၊ ကျေဇူးတင်တဲ့အနေနဲ့ပေါ့''

''ဟာဗျာ''

''ဘာလဲ ... ရှင်က ငြင်းမလို့လား''

ရယ်လိုက်ရင်း သစ်ထူးက ...

''မဟုတ်ပါဘူး။ ပုံရိပ်စကားကို ထောက်ခံပါတယ်လို့ ပြောမလို့ပါ''





မျက်စောင်းလှလှလေးက သစ်ထူးဆီ ဖွဖွလေးရောက်လာသည်။ သစ်ထူးရင်ထဲ သိမ့်ခနဲ ဖြစ်သွားရ၏။ ရင်ခုန်သံပင် သိသိသာသာမြန်လာသလို ...။

နှစ်ယောက်သား လျှောက်လာရင်း ပုံရိပ်က သစ်ထူးကို စောင်းငဲ့ကြည့်ကာ ...

''ကိုသစ်ထူး ... ရှင်က စက်ဘီးလည်း စီးတာပဲလား''

''ဟုတ်ကဲ့ ... စီးတတ်ရုံလေးပါ၊ သူများတွေလို စတန့်တွေ ဘာတွေတော့ မလုပ်တတ်ဘူးဗျ။ အားကစားတစ်ခုလို သဘောထားပြီး စီးတာမျိုးလေ''

''ကျွန်မ စိတ်ဝင်စားတယ်ရှင့်''

''ဗျာ ... ဘာ ... ဘာကိုပြောတာလဲဟင်''

သစ်ထူး ကြောင်တောင်တောင်ပုံစံနှင့် ပြန်မေးလိုက်သည်ကို ပုံရိပ်က မျက်စောင်းလေးခဲပြီး ...

''စက်ဘီးစီးတာကို ပြောတာလေ၊ ကျွန်မ စိတ်ဝင်စားတယ်၊ စီးလည်း စီးတတ်ချင်တယ်လို့ ပြောတာ''

သစ်ထူး ခေါင်းထဲ လက်ခနဲဖြစ်သွားသည်။ ဘာပြန်ပြောရမည်ကို အလိုလို သိလိုက်သလိုမျိုး။ ထို့ကြောင့် ခေါင်းထဲပေါ်လာသည့်စကားကို ပြောလိုက်သည်။ ဒီနေရာမျိုးမှာ တွန့်ဆုတ်နေလို့ မဖြစ်ချေ။ ပုံရိပ်နှင့်သူ ဆပ်ကာ ဆုံချင်သေးသည်လေ။

''ပုံရိပ် တကယ် စိတ်ဝင်စားလို့ စီးတတ်ချင်ရင် လာခဲ့လေ၊ ကျွန်တော် သင်ပေးပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com

"တကယ်လား"

အမေးကြောင့် သစ်ထူးက တက်ကြွစွာ . . .

"ဟာ . . . တကယ်ပေါ့၊ ပုံရိပ် စီးတတ်သွားအောင် အစွမ်းကုန် သင်ပေးမယ်၊ လာမှာသာ လာခဲ့"

သစ်ထူးစကားက လိုတာထက်ပိုကာ အိုဗာတွေ ဖြစ်သွားသည်လား မသိ။ ပုံရိပ်က မျက်ခုံးလေး အတွန့်ချိုးသွားပြီးမှ သစ်ထူးကို မသိမသာ ကြည့်ကာ . . .

"ကိုသစ်ထူး . . . ကျွန်မက စက်ဘီးတာပဲ သင်မှာနော်"

"ဗျာ"

ရှေ့ရွတ်ရင်း သစ်ထူးမျက်နှာက ရှက်အမ်းကာ ရဲရဲနီသွားသည်။ ပုံရိပ်က သစ်ထူးဖြစ်သွားပုံကိုကြည့်ကာ ဟန်မဆောင်နိုင်ဘဲ တခစ်ခစ် ရယ်လိုက်လေ၏။ သစ်ထူးလည်း ဘာလုပ်ရမည်မှန်းမသိဘဲ တဟဲဟဲ လိုက်ရယ်မိတော့သည်။

ထိုသို့ဖြင့် . . . ပေါ့ . . .။

■



# (၇)

"အင်း . . . မင်းပြောပုံအရဆိုရင် ဘုန်းကြီးရှူးနဲ့ လေ့လူးနဲ့ပဲ တွေ့တယ်လို့ ပြောရမလား၊ ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုးနုံတယ်လို့ပဲ သတ်မှတ်ရမလား၊ ဒါမှမဟုတ် ခွေးတော်နဲ့ ဖိနပ်ပြတ်နဲ့ တိုးတယ်လို့ ပြောရမလား၊ တစ်ခုခုတော့ တစ်ခုခုပဲကွ . . . သစ်ထူး"

ချမ်းမြေ့အောင်က မညှာမတာ မှတ်ချက်ချလိုက်ခြင်းဖြစ်သည်။ သစ်ထူးက ဒင်း၏ပြောင်စပ်စပ်လုပ်နေသောမျက်နှာကို လက်သီးနှင့် ရွယ်ဆိုက်ပြီး . . .

"ဟော့ကောင် . . . မင်းမမိုက်ရိုင်းနဲ့နော်၊ ငါ့ကို မင်းတို့ ပြောချင်သလို ပြော၊ ပုံရိပ်ကိုတော့ ထိခိုက်အောင် မပြောပါနဲ့"

"ဟုတ်တယ် ချမ်းမြေ့ရာ . . . မပြောနဲ့ ဒီကောင်က မီးမြင်နေပြီကွ"



www.burmeseclassic.com

www.burmeseclassic.com

ကျော်ချစ်ဝင်းစကားအဆုံးမှာ ချမ်းမြေ့အောင်က ရယ်လိုက်ရင်း

"ငါကလည်း နောက်တာပါ သစ်ထူးရာ၊ ဘာပဲပြောပြော မင်းမျှော်လင့်ထားသလို ဖြစ်လာတာဆိုတော့ မင်းဇာတာ တက်လာတာအမှန်ပဲ"

"ဖူးစာလို့လည်း ပြောလို့ရတာပေါ့"

သစ်ထူးက ကျေနပ်သံကြီးနှင့် ဝင်ပြောလိုက်ခြင်းဖြစ်သည်။ ထိုစကားကြောင့် နှစ်ကောင်စလုံး မျက်နှာကိုယ်စီ မဲ့သွားကြပြီး ကျော်ချစ်ဝင်းက အရင် ...

"မင်းကလည်း နည်းနည်းလေး မြှောက်ပင့်ပေးလို့တောင် မရဘူးနော်၊ ပုံရိပ်နဲ့ပတ်သက်ပြီး မင်းဘက်ကပဲ တစ်ဖက်သတ်ကြီး ဖြစ်နေတာကွ ဟိုက ဘဲရှိချင်ရှိနေမှာ"

"မဖြစ်နိုင်ပါဘူးကွာ"

"ဟာ ... ဘာလို့မဖြစ်နိုင်ရမှာလဲ၊ ဒီခေတ်ကောင်မလေးတွေက ဒီအရွယ်ဆိုရင် ရည်းစားတော့ စမ်းထားဖူးလောက်ပြီ ပြီးတော့ကွာ ... မင်းကို ဖေဘာပေးတာမျိုးမဟုတ်ဘဲ တကယ်ကြီး စကိတ်စီးတတ်ချင်လို့ မင်းကို ပြောတာကော မဖြစ်နိုင်ဘူးလား"

သစ်ထူး စဉ်းစားရင်း သက်ပြင်းခိုးချလိုက်သည်။ ပြီးမှ ...

"ဘယ်လိုပဲဖြစ်ဖြစ်ကွာ၊ ငါတော့ ပုံရိပ်နဲ့နီးစပ်ချင်တယ်၊ ငါ သူ့ကိုချစ်နေမိပြီကွာ"

"အေးပါ ... မင်း မှန်နေပြီဆိုတာ ငါတို့ သိပါတယ်"

နည်းနည်းတော့ နင်သွားသည်။ ဟုတ်နေသည်မို့ အောင့်သက်သက်နှင့် ငြိမ်နေလိုက်၏။





"အကြံပေးရရင်တော့ကွာ ... မင်းအနေနဲ့ ပုံရိပ်ကို ခပ်မြန်မြန်ပဲ ချစ်သူဖြစ် လုပ်စေချင်တယ်၊ မင်းဘက်က မျှောနေရင် ကိုယ်ဖြစ်ချင်တာ မဖြစ်တဲ့အခါ ပိုခံစားရမယ်ကွ"

"အေးပါကွာ၊ ငါလည်း အမြန်ဆုံး ဖွင့်ပြောမှာပါ"

"အေး ... ကောင်းတယ်၊ ငါတို့ရဲ့တာဝန်ကတော့ မင်းကို မီးကုန်ယမ်းကုန် မြှောက်ပေးဖို့ပဲ ရှိတော့တယ် သစ်ထူး"

"ငါတို့သူငယ်ချင်းကြီး အောင်မြင်ပါစေကွာ၊ ကဲ ... ချီးယားစ်"

ဘီယာခွက်သုံးခွက်ထိခတ်သံက မတိုးမကျယ် ထွက်ပေါ်လာသည်။ ထိုအခါတွင် တစ်ဖက်မှ ပုံရိပ်တစ်ယောက်လည်း မျက်ခုံးလှုပ်ကောင်း လှုပ်နေလောက်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁)

မိန်းကလေးတစ်ယောက်ကို စကိတ်စီးသင်ပေးရသောအလုပ်သည် သိပ်လွယ်လှသည်တော့ မဟုတ်ချေ။ စကိတ်ဘုတ်ပြားကို မြေပေါ်ချ၊ အပေါ်ကို ခြေထောက်နှင့်တက်ပြီး သာသာလေး လိမ့်သွားရုံပဲဟု ပြောလို့လည်း မရ။ အကုန်ငါးပါးမှောက်သွားပေလိမ့်မည်။ ဒီတော့လည်း အနားကပ်ကာ ဖိဖိစီးစီးသင်ပေးရသည်ပေါ့။

စကိတ်စီးသင်နေသော ပုံရိပ်ဘောင်မှ ပြေးလိုက်ရင်း အနေအထား မှတ်ကာ လဲကျလျှင်လည်း အမြန်ပွေ့ပြီး လိုက်ထိန်းပေးရသေးသည်။ သစ်ထူးအဖို့မှာတော့ ထိုသို့လှမ်းထိန်းကာ ပွေ့လိုက်ရတိုင်း ရင်ဘတ်ထဲတွင် စရိုးမဲ့ဖြစ်ကာ ဝုန်းဒိုင်းကျဲနေ၏။ ချမ်းမြေ့အောင်နှင့် ကျော်ချစ်ဝင်းတို့ကတော့ ခပ်လှမ်းလှမ်းမှနေ၍ မကျေနပ်သလို၊ အားကျသလိုလို အကြည့်များဖြင့်သော



www.burmeseclassic.com

www.burmeseclassic.com



ကျေနပ်နေရရှာ၏။ ကိုယ့်လိုမှ ဇာတာမလှသည်ကိုး။

တစ်နာရီလောက်သင်ပြီးတော့ နားလိုက်ကြ၏။ ပုံရိပ်က နဖူးလုံးလုံးလေးပေါ်မှ ချွေးစလေးများကို သပ်ချရင်း လေပူမှုတ်၍ . . .

"ဟူး . . . စကိတ်စီးသင်ရတာလည်း မလွယ်ဘူးနော် ကိုသစ်ထူး"

သစ်ထူးက . . .

"ဘာလဲ . . . ပုံရိပ်က တစ်ရက်နှစ်ရက် သင်ပြီးတာနဲ့ စိတ်ပျက်သွားပြီလား"

ပုံရိပ်က ခေါင်းခါလိုက်ရင်း . . .

"စိတ်မပျက်ပါဘူး ကိုသစ်ထူးရယ်၊ ဘယ်ပညာရပ်မဆို လွယ်လွယ်ကူကူနဲ့ သင်လို့မရဘူးလေ၊ ကျွန်မ စိတ်ပျက်ပြီး အားလျော့လိုက်ရင် သင်ပေးနေတဲ့ ကိုသစ်ထူးကို အားမနာ၊ မလေးစားရာ ရောက်မှာပေါ့"

"အာ . . . အဲလိုလည်း မဟုတ်ပါဘူး။ ပုံရိပ်ပင်ပန်းနေမှာစိုးလို့ပါ။ ပြီးတော့လေ ပုံရိပ်နဲ့ကျွန်တော်က ရင်းနှီးနေပြီပဲ . . . ကိုသစ်ထူးလို့ မခေါ်ပါနဲ့လား"

ပုံရိပ်က မျက်ခုံးလေးပင့်လိုက်ရင်း . . .

"ဟင် . . . ဒါဆို ဘယ်လိုခေါ်ရမလဲ"

"ဟိုလေ . . . သစ်ထူးလို့ပဲ ခေါ်ပေါ့၊ အသက်လည်း သိပ်မှမကွာတာ"

စကားအဆုံးမှာ ပုံရိပ် ယောင်ယောင်လေး ပြုံးလိုက်ပြီး . . .

"အံမယ် . . . အသက်မကွာဘူး ပြောရအောင် ကိုသစ်ထူးက ကျွန်မအသက်ကို သိလို့လား"





ရုတ်တရက် ကြောင်သွားရသည်။ ဟုတ်သည်ပဲ၊ ပုံရိပ်အသက်ကို သိဘဲ ဖောသလိုဖြစ်သွားသည်။ သို့သော် သစ်ထူးက ချက်ချင်းပြန်ပြောလိုက်၏။

"သိတာပေါ့၊ ပုံရိပ်က ကျွန်တော့်ထက် တစ်နှစ်လောက်ပဲ ငယ်ဟာလေ၊ ကျွန်တော်က ခု နှစ်ဆယ့်လေးနှစ်"

"အာ . . . ဒါဆို မငယ်ပါဘူး။ ကျွန်မလည်း နှစ်ဆယ့်လေးပဲလေ၊ အယ် . . . ကိုသစ်ထူးက လူလည်ကြီးတော့၊ သူများအသက်ကို မသိဘဲ ကြည့်ပတ်မေးလိုက်တာ မဟုတ်လား"

မျက်စောင်းထိုးရင်း ပုံရိပ်ပြောတော့သည်။ သစ်ထူးက ရယ်လိုက်ဟာ . . .

"အဲလိုလည်း မဟုတ်ရပါဘူးဗျာ၊ ဒီအတိုင်းမေးရင် ပုံရိပ် မပြောဆိုလို့ပါ၊ ကဲ . . . အသက်မကွာဘူးဆိုတော့ ပုံရိပ်က ဘယ်လိုခေါ်မှာလဲ"

မျက်လုံးလေးထောင့်ကပ်ကာ တစ်ချက်စဉ်းစားလိုက်ပြီးမှ ပုံရိပ်က

"အင်း . . . အသက်မကွာဘူးဆိုပေမယ့် ကိုသစ်ထူးကို ကိုသစ်လို့ပဲ ခေါ်မယ်လေ"

"ကောင်းသားပဲ၊ ပုံရိပ်ကိုတော့ မပုံလို့မခေါ်ဘူးနော်"

"အာ . . . လုပ်ပြီ"

နှစ်ယောက်သား ရယ်လိုက်မိကြသည်။ စကားပြောနေရင်း ပုံရိပ်က တစ်ခုစဉ်းစားမိဟန်ဖြင့် . . .

"ဒီရက်ပိုင်း ကျွန်မကို စကိတ်စီးသင်ပေးနေတော့ ကိုသစ် အစ်တီမဆွဲဖြစ်ဘူး ထင်တယ်၊ ဟုတ်တယ်မလား"

www.burmeseclassic.com



"အဲလိုလည်း မဟုတ်ပါဘူး ပုံရိပ်ရဲ့၊ ဂရစ်ဖစ်တီဆွဲတယ်ဆိုတာက လေ့ကျင့်ခန်းလုပ်သလို နေ့တိုင်း အချိန်မှန်မှန် ဆွဲရတာမှ မဟုတ်တာ၊ စိတ်ထဲမှာ အာရုံရမှ၊ အရမ်းဆွဲချင်နေမှ ဆွဲတာလေ"

"ဟုတ်တော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ ကိုသစ် ကျောပိုးအိတ်ထဲမှာက မှုတ်ဆေးဘူးတွေ အမြဲတမ်း ထည့်ထားလို့ မေးမိတာပါ"

သစ်ထူးက ပန်းတွန့်လျက် ...

"ဒါကတော့ ကိုယ်ဆွဲချင်တဲ့အချိန် ဆွဲလို့ရအောင်ပါ ပုံရိပ်ရဲ့၊ ဂရစ်ဖစ်တီဆိုတာကလည်း များသောအားဖြင့် လမ်းဘေးအုတ်နံရံတွေမှာ ဆွဲရတာဆိုတော့ အသင့်ဖြစ်အောင် ထည့်ထားတာပါ"

"ဒါနဲ့ ကိုသစ်ကို မေးဦးမယ်၊ ကိုသစ် ဂရစ်ဖစ်တီဆွဲလာတဲ့ သက်တမ်းတစ်လျှောက်မှာ အထင်ကရ ပုဂ္ဂိုလ်တွေရဲ့ပုံတွေကို ဆွဲဖူးလား ဟင်"

မျက်မှောင်ကြုတ် ခေါင်းခါလိုက်ရင်း သစ်ထူးက ...

"ဟင့်အင်း ... ဘယ်တစ်ဦးတစ်ယောက်ရဲ့ပုံကိုမှ မဆွဲဖူးဘူး ပုံရိပ်ရဲ့၊ ကျွန်တော့်သူငယ်ချင်းတွေကလည်း ပုံရိပ်မေးသလို မေးကြတယ်၊ ဘာဖြစ်လို့ လူပုံမဆွဲတာလဲပေါ့၊ မဆွဲတတ်လို့လားဆိုပြီး နောက်ကြသေးတယ်"

"ဒါဆို ကိုသစ် လူပုံမဆွဲဖြစ်တဲ့အကြောင်းက ..."

ပုံရိပ်က စကားထောက်ပေးလိုက်သည်။ သစ်ထူးက ပန်းတွန့်လိုက်ရင်း ...

"တကယ်တော့ လူပုံဆွဲတာကို ကျွန်တော် လေ့ကျင့်ဖူးပါတယ်၊





ဆွဲလည်း ဆွဲတတ်ပါတယ်၊ အပြင်မှာ မဆွဲဖြစ်တာက စိတ်ထဲ အာရုံမကျလို့ ပုံရိပ်ရဲ့၊ တစ်ဦးတစ်ယောက်ရဲ့ပုံ ဆွဲချင်စိတ် အရမ်းဖြစ်လာရင်တော့ ဆွဲဖြစ်မှာပါ"

"ဪ ... အဲလိုလား။ အင်း ... ကိုသစ် ပြောပုံအရဆိုရင်တော့ စိတ်ဝင်စားစရာပဲ၊ တကယ်လို့လေ ကိုသစ်စိတ်ထဲမှာ လူတစ်ယောက်ရဲ့ပုံ ဆွဲချင်စိတ် ပေါ်လာလို့ ဆွဲဖြစ်တဲ့အခါကျရင် ကျွန်မကို အရင်ခေါ်ပြပါလား ဘယ်သူ့ပုံဖြစ်မလဲဆိုတာ သိချင်လို့"

စကားအဆုံးမှာ သစ်ထူးက ပုံရိပ်ကို စိုက်ကြည့်လိုက်သည်။ ပြီး ... တစ်ဆက်တည်းပဲ ...

"အင်း ... ကျွန်တော် ဆွဲဖြစ်ရင် ပုံရိပ်ကို အရင်ပြောမယ်လေ၊ ဒါပေမဲ့ တစ်ခုတော့ရှိတယ်"

"ဟင် ... ဘာများလဲ"

"တကယ်လို့လေ ကျွန်တော် ပထမဆုံးဆွဲတဲ့လူပုံက ပုံ ... ပုံရိပ်ရဲ့ဂရစ်ဖစ်တီပုံဖြစ်နေမယ်ဆိုရင် ဘယ်လိုလုပ်မလဲ၊ ပုံရိပ် စိတ်ဆိုးမှာလား"

"ဟင်"

ရုတ်တရက် ပုံရိပ်မျက်နှာလေး အမ်းကာ ရှက်သွေးဖြင့် နီရွေသွားသည်။ အနေရခက်သလို ပုံစံဖြစ်သွားရင်းက ...

"အာ ... ကိုသစ်ကလည်း ဘာတွေပြောနေမှန်းလည်း မသိဘူး ကျွန်မ သွားတော့မယ်"

ပြောပြီး ပုံရိပ် ဆတ်ခနဲ ထထွက်သွားလေသည်။

"ဟာ ... ပုံရိပ်, ပုံရိပ်"



www.burmeseclassic.com

www.burmeseclassic.com



သစ်ထူး လှမ်းခေါ်လိုက်သော်လည်း ပုံရိပ်က လှည့်မကြည့်တော့။ နောက်က ပြေးလိုက်သွားရန် ပြင်လိုက်ပြီးမှ စဉ်းစားကာ ကိုယ်ရှိန်သတ်လိုက်သည်။

တကယ်တော့ ပုံရိပ်သည် သူ့အပေါ် စိတ်ဆိုးသွားခြင်းမဟုတ်။ ရှက်စိတ်နွေးနွေးဖြင့် ပြေးထွက်သွားမှန်း သစ်ထူး သိနေသည်လေ။

■

## (၉)

မနက်စောစော ဖုန်းရိုန်းတုန်းမြည်သံကြောင့် ပုံရိပ် အိပ်ရာမှ လန့်နိုးလာရ၏။ အိပ်ချင်မူးတူးနှင့် နာရီကို လှမ်းကြည့်လိုက်တော့ ခြောက်နာရီခွဲ။ ဒီအချိန်မျိုး ဘယ်သူဖုန်းဆက်တာလဲ။ မျက်စိကို လက်နှင့်ပွတ်လိုက်ပြီး ဧည့်ယာပေါ်ကို တစ်ပတ်လှိမ့်ကာ ဖုန်းလှမ်းယူ၍ ဆက်လာသော နံပါတ်အားကြည့်လိုက်သည်။

"ဟင်"

ပုံရိပ် အံ့ဩသွားရ၏။ တစ်ဖက်မှ ဆက်လာသူက သစ်ထူးဖြစ်နေသဖြင့် မျက်ခုံးနှစ်ဖက် အတွန့်ချိုးသွားသည်။ သစ်ထူးနှင့် စတင်သိကျွမ်းပြီးနောက် စကိတ်စီးသင်နေသည်မှာ တစ်ပတ်လောက်ရှိပြီဖြစ်သော်လည်း သစ်ထူးက ခုလို စောစောစီးစီးအချိန်မျိုး ဖုန်းမဆက်ဖူးချေ။ ဘာဖြစ်လို့လဲ။



www.burmeseclassic.com

www.burmeseclassic.com



ဘာကိစ္စရှိလို့ ဒီအချိန်ဆက်တာလဲ။

စိတ်ထဲမှာ မေးရင်းပင် ဖုန်းဖွင့်ကာ ကိုင်လိုက်၏။

"ကိုသစ် . . . ပြော"

တစ်ဖက်မှ သစ်ထူးက အသံခထာဆိုင်းနေပြီးမှ . . .

"ပုံရိပ် . . . ဒီအချိန်ကြီး ဖုန်းဆက်လို့ စိတ်အနှောင့်အယှက်ဖြစ်သွားလားမသိဘူး၊ အိပ်ပျော်နေတာဆိုရင် Sorry နော်"

"ရပါတယ်၊ ဘာကိစ္စရှိလို့လဲဟင် ကိုသစ်"

"ဟိုလေ . . . ပုံရိပ် ကျွန်တော့်ကို ပြောဖူးတယ်မလား၊ လူတစ်ယောက်ရဲ့ပုံကို ဂရပ်ဖစ်တီဆွဲဖြစ်ရင် ပုံရိပ်ကို အရင်ပြဆိုတာလေ၊ ကျွန်တော် ခုပဲ လူတစ်ယောက်ရဲ့ပုံကို ဆွဲလို့ပြီးသွားပြီ၊ ပုံရိပ်များ လာကြည့်ချင်မလားလို့ ဖုန်းဆက်လိုက်တာပါ"

"ဩော်"

ရေရွတ်ရင်းကပင် ကသစ်ရင်ထဲ အနည်းငယ် လှုပ်ရှားသွားရ၏။ သစ်ထူးက မိမိ၏ပုံကို ဆွဲဖြစ်ရင်ကော . . . ဟု နောက်သလိုလို မေးခဲ့ဖူးသည် မဟုတ်လား။ ပြီးတော့ ပို၍ရင်းနှီးလာသော ကာလအပိုင်းအခြားလေးထဲမှာလည်း သစ်ထူး၏အရောင်ပါသည့် အကြည့်တွေကို ပုံရိပ်နားလည်နေခဲ့ပြီ။

စဉ်းစားနေချိန်မှာပဲ သစ်ထူးက . . .

"ပုံရိပ် မအားထူးထင်တယ်၊ မအားရင်လည်း မလာနဲ့တော့လေ၊ ပုံရိပ်က ပုံဆွဲဖြစ်ရင် ပြောဆိုလို့ လှမ်းပြောလိုက်တာ" .

အားနာရပြန်သည်။ ကိုယ်ကလည်း ဆတ်ဆော့ကာ ပြောခဲ့မိသည်ကိုး။ ထို့ကြောင့် . . .





"ဟိုလေ . . . မအားလို့တော့မဟုတ်ပါဘူး။ ကိုသစ် ခုလိုဆွဲဖြစ်သွားတာကို အံ့ဩနေတာပါ၊ ကျွန်မ လာခဲ့ပါ့မယ်၊ စကိတ်ကွင်းကိုပဲလား"

"ဟုတ်တယ်၊ ကျွန်တော် စောင့်နေမယ်နော်၊ ပြောစရာလေးလည်းရှိလို့"

ပြောပြီး ဖုန်းချသွားလေသည်။ အဆုံးသတ် ပြောသွားသော သစ်ထူးစကားကြောင့် ရင်ခုန်ရပါသေး၏။ တတ်နိုင်ဘူးလေ၊ သူပြောတာနားထောင်ရုံပေါ့။

ထို့နောက် ရေမိုးချိုး၊ အဝတ်အစားလဲကာ ကားယူပြီး ထွက်လာခဲ့လိုက်သည်။ မနက်စောစော အချိန်ကြောင့်လားမသိ။ အတူနေသော အဒေါ်၏မသက်သာသလို မေးလာသည့် မေးခွန်းကို လိုးလွှဲပြောခဲ့ရသေးသည်။

စကိတ်ကွင်းရှေ့ရောက်တော့ မနက်ခုနစ်နာရီထိုးပြီ၊ မနက်ခြောက်နာရီခွဲကတည်းက ပုံဆွဲ၍ ပြီးသည်ဆိုသော သစ်ထူးတစ်ယောက်တော့ ဘယ်အချိန်ကပဲ ရောက်နေသည်မသိချေ။

ကားရပ်ပြီး စကိတ်ကွင်းဘက် လျှောက်သွားလိုက်တော့ မျက်နှာချင်းဆိုင်မှ လျှောက်လာသည့် သစ်ထူးကို တွေ့လိုက်ရ၏။ အနားရောက်၍ မျက်နှာချင်းဆိုင်မိတော့မှ သစ်ထူးမျက်နှာက မဆိုစလောက်တည်ကာ ဝေခွဲရခက်နေသည်ကို ပုံရိပ် သတိထားမိလိုက်သည်။

"ကိုသစ် . . . စောင့်နေရတာ ကြာပြီလား"

ပုံရိပ်ကပဲ စတင်ကာ နှုတ်ဆက်လိုက်သည်။ သစ်ထူးက ခပ်နွမ်းနွမ်းပြုံးပြရင်း . . .

"မကြာသေးပါဘူး။ ပုံရိပ်ကြာနေလည်း ကျွန်တော် စောင့်မှာပါ၊



www.burmeseclassic.com

www.burmeseclassic.com



လာလေ . . . ကျွန်တော် ဆွဲထားတဲ့ပုံကို လိုက်ပြမယ်''

ပြောပြီး လှည့်ထွက်သွားသဖြင့် ပုံရိပ်လည်း အသာလိုက်သွားလိုက်သည်။ အိပ်ရေးပဲ မဝလို့လားမသိ။ သစ်ထူးပုံစံက အနည်းငယ်နွမ်းကာ ကြောင်စီစီဖြစ်နေသည်။

သစ်ထူးက စကိတ်ကွင်းအနီးရှိ အုတ်နံရံတစ်ခုရှေ့သို့ ဦးဆောင်ကာ ခေါ်သွားပြီးမှ နံရံဆီ လက်ညှိုးညွှန်ပြလျက် . . .

''ကျွန်တော် ဆွဲထားတဲ့ လူပုံဆိုတာ အဲဒီပုံပဲ ပုံရိပ်''

''ဟင်''

ပုံရိပ် လှမ်းကြည့်ရင်းက ပါးစပ်အဟောင်းသားလေး ဖြစ်သွားရသည်။ တကယ်တမ်းတွင် သူမ ထင်ထားသည်က သစ်ထူးဆွဲထားမည့်ပုံသည် ကမ္ဘာ (သို့) မြန်မာနိုင်ငံ၌ ထင်ရှားသောလူတစ်ဦးဦး၏ပုံ၊ ဒါမှမဟုတ် လျှင်လည်း သစ်ထူးပြောခဲ့သလို သူမ၏ပုံပေါ့။

သို့သော် . . .

ယခုမြင်နေရသော သစ်ထူး အသေးစိတ်ဆွဲထားသည့်ပုံသည် အသက်လေးငါးဆယ်လောက်ရှိမည့် လူတစ်ယောက်၏ကိုယ်တစ်ပိုင်းပုံဖြစ်နေသည်။ ပို၍ အံ့သြမိသည်က ထိုပုံထဲမှလူသည် သူမ သိထားသော ထင်ရှားကျော်ကြားသည့် လူတွေထဲမှ တစ်ယောက်မဟုတ်ချေ။ မြင်နေရသောပုံထဲမှ လူကို ပုံရိပ် တစ်ခါမှ မမြင်စဖူး။ မသိ။

ပုံရိပ်က ထိုပုံကို အချိန်အတော်ကြာ စိုက်ကြည့်လိုက်ပြီးမှ စဉ်းစားမိဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး . . .

''ကိုသစ် . . . ဒီ . . . ဒီပုံက ဘယ်သူ့ပုံလဲဟင်၊ ကိုသစ်ရဲ့အဖေ



များလား၊ ဒါမှမဟုတ် . . .''

စကားမဆုံးခင်မှာပဲ သစ်ထူးက လက်ကာပြလာသည်။ ပြီး သက်ပြင်းကိုလည်း ဆွဲဆွဲငင်ငင် ချလိုက်ရင်း . . .

''မဟုတ်ဘူး ကသစ်၊ ဒါ . . . ကျွန်တော့်အဖေရဲ့ပုံ မဟုတ်ဘူး။ ပိုဆိုးတာက ဒီပုံထဲကလူဟာ ဘယ်သူဘယ်ဝါဆိုတာကို ကျွန်တော် မသိဘူး''

''ရှင်''

ပုံရိပ် ပို၍အံ့သြရတော့သည်။ ဆွဲတဲ့လူကိုယ်တိုင်က သူဆွဲထားတဲ့ ပုံထဲကလူကို မသိဘူးဆိုပါလား။ စဉ်းစားရင်း ပုံရိပ် အူတီးအူကြောင် ဖြစ်သွားရသည်။ သစ်ထူးကို ပြန်ကြည့်ကာ မေးခွန်းထုတ်လိုက်၏။

''ကိုသစ် . . . ကိုသစ် ကျွန်မကို နောက်နေတာလား။ ကိုယ်ဆွဲတဲ့ ပုံ ကိုယ်မသိဘူးဆိုတာ''

သစ်ထူး ခေါင်းခါသည်။ မျက်နှာပေါ်မှာလည်း စိတ်ရှုပ်ထွေးသည့် အရိပ်အယောင်တွေက ယှက်သိုင်းဖိုင်းရစ်နေ၏။

''ကျွန်တော် မနောက်ပါဘူး ပုံရိပ်၊ တကယ် မသိတာပါ၊ ပြီးတော့ . . . ဒီပုံကို ဘာရည်ရွယ်ချက်နဲ့ ဆွဲခဲ့မိမှန်းလည်း ကျွန်တော် စဉ်းစားမရဘူး''

ပုံရိပ် နားရှုပ်လာတော့၏။ တစ်ဆက်တည်း မသင်္ကာသလို ကြည့်လိုက်သည်ကို သစ်ထူးက သဘောပေါက်စွာ လက်ကာပြရင်း . . .

''အဲလိုမကြည့်ပါနဲ့ ပုံရိပ်၊ ကျွန်တော် နေကောင်းပါတယ်၊ အိပ်ရေးမဝလို့ နည်းနည်းနုံးနေတာပဲရှိတာ၊ ပြီးတော့ ဒီပုံနဲ့ ပတ်သက်ပြီး ပုံရိပ် နားလည်အောင် ကျွန်တော် ရှင်းပြပါ့မယ်''

ပြောပြီး သစ်ထူးက အနီးရှိ ခုံလေးတွင် သွားထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံရိပ်နံဘေးမှာ ဝင်ထိုင်လိုက်တော့မှ သစ်ထူးက ...

"ကျွန်တော် မနေ့ညက ကောင်းကောင်းအိပ်မပျော်ခဲ့ဘူး ပုံရိပ်၊ နိုးလိုက် အိပ်လိုက်နဲ့၊ အိပ်ပျော်တော့လည်း အိပ်မက်တွေ မက်နေခဲ့တယ်၊ အဲ ... ကျွန်တော် တစ်ခုကြိုပြောထားချင်တာက ကျွန်တော်ဟာ ဘာမူးယစ်ဆေးဝါးမှ မသုံးစွဲထားသလို တစ်ခါတလေ သောက်ဖြစ်တဲ့ ဘီယာတောင် မနေ့က သောက်မထားခဲ့ဘူး"

ပြောပြီး စကားခဏရပ်ထားသဖြင့် ပုံရိပ်က ...

"ဆက်ပြောလေ ... ကိုသစ်"

သက်ပြင်းကို လေးပင်စွာ ထပ်ချသည်။ ပြီးမှ ...

"ထူးဆန်းတာကတော့ ကျွန်တော်မက်တဲ့ အိပ်မက်ပဲ ပုံရိပ်၊ အိပ်မက်ထဲမှာ လူတစ်ယောက်က ကျွန်တော့်နောက်ကို လိုက်နေတယ်၊ အဲဒီလူကို ကျွန်တော် မသိဘူး၊ တစ်ခါမှလည်း မမြင်ဖူးဘူး၊ ဒါပေမဲ့ ... စိတ်ထဲမှာ အဲဒီလူကို အလိုလိုကြောက်နေမိတယ်၊ အိပ်မက်ထဲမှာ သူက လိုက် ကျွန်တော်က ပြေး၊ အဲလိုနဲ့ လန့်နိုးလာရော၊ နိုးလာတော့လည်း ဖောချွေးတွေ ပြန်ပြီး တော်တော်နဲ့ အိပ်မပျော်ပြန်ဘူး၊ အဲ ... အိပ်ပျော်တော့လည်း ခုနက အိပ်မက်ကို ဆက်ပြီး ထပ်မက်ပြန်ရော"

"ဟင်"

"အဲဒီလို လေးငါးခါမက်ပြီး မိုးလင်းသွားတာပဲ ပုံရိပ်၊ မနက်ရောက်တော့ ကျွန်တော့်စိတ်ထဲမှာ အိပ်မက်ထဲက လူကြီးရဲ့မျက်နှာက စွဲနေတယ်၊ ဘယ်လိုမှ ဖျောက်လို့မရဘူး၊ ပြီးတော့ စိတ်ထဲမှာလည်း တစ်ခုခုလုပ်ချင်နေမိတယ်၊ ခက်တာက ဘာလုပ်ရမှန်းလည်း မသိပြန်ဘူး၊ အဲဒီလိုဖြစ်နေ





တော့ အိမ်မှာနေလို့ မရတာနဲ့ စက်ကိတ်သွားစီးမယ်ဆိုပြီး ထွက်လာခဲ့တာ၊ ဒီရောက်တော့ အုတ်နံရံပေါ်က ဂရစ်ဖစ်တီပုံတွေကိုကြည့်ပြီး ပုံဆွဲချင်စိတ်က ဖြစ်လာတယ်၊ ကျောပိုးအိတ်ထဲမှာကလည်း ဆေးဘူးတွေက အသင့်ပါလာတော့ ဆွဲမယ်ပေါ့ဗျာ၊ အဲဒီလိုစိတ်ကူးနဲ့ ကျွန်တော် ပုံတစ်ပုံ ဆွဲလိုက်တယ်၊ ဖြစ်ချင်တော့ အဲဒီလိုမျောပြီး ဆွဲလိုက်တဲ့ပုံဟာ အိပ်မက်ထဲက ကျွန်တော် မသိတဲ့ လူကြီးရဲ့ပုံဖြစ်နေတော့တာပဲ"

"ရှင်"

"ဟုတ်တယ် ပုံရိပ်၊ နောက်တစ်ခု ထူးဆန်းတာက ဒီပုံကိုလည်း ဆွဲပြီးရော စိတ်ထဲမှာ အာသီသတစ်ခု ပြေသွားသလို ဘာလုပ်ချင်မှန်းမသိ ဖြစ်နေတဲ့ ကျွန်တော့်ရဲ့စိတ်ဟာလည်း အခဲပြေသွားတယ်၊ ပုံရိပ်ကို အဲဒီအကြောင်းလည်း ပြောပြချင်လို့ ဖုန်းဆက်လိုက်တာပါ"

စကားကို အဆုံးသတ်လိုက်ရင်း သစ်ထူးက သက်ပြင်းထပ်ချလိုက်ပြန်သည်။ ပုံရိပ်လည်း ရုတ်တရက်ဆိုတော့ ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေ၏။ စိတ်ထဲမှာ ထူးဆန်းသလို အံ့လည်း အံ့ဩနေမိသည်။ ပြီးတော့ သစ်ထူးပုံစံကလည်း စိတ်မူမမှန်သလို ပေါက်ကရတွေ ပြောနေသည့်ပုံစံ မဟုတ်။ စိတ်ရှုပ်နေတဲ့ပုံစံကို ကြည့်ရင် သိသာနေတာပဲ။

ပုံရိပ်လည်း ရောယောင်ကာ သက်ပြင်းချလိုက်မိသည်။

"အင်း ... ကိုသစ် မညာဘူးဆိုတာ ကျွန်မ သိပါတယ်၊ ဒါပေမဲ့ ... စိတ်ထဲမှာတော့ အတော်ထူးဆန်းနေတယ် ကိုသစ်ရဲ့၊ ဖြစ်ခဲ့တဲ့ပုံစံက အဲဒီလူကြီးက ကိုသစ်ကို အိပ်မက်ပေးပြီး တစ်ခုခုလုပ်ခိုင်းတာလည်း မဟုတ်ဘူး၊ ဒါပေမဲ့ ... ကိုသစ်စိတ်ထဲမှာလည်း ဒီလူကြီးရဲ့ပုံကို ဆွဲချင်စိတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ဆွဲလိုက်မိတယ်၊ ဆွဲပြီးသွားတော့ စိတ်ထဲမှာ ကျေနပ်သွားတဲ့သဘောမျိုး ဖြစ်နေတယ်''

သစ်ထူးက ခပ်သွက်သွက် ခေါင်းညိတ်သည်။

''အမှန်ပဲ ပုံရိပ်၊ ခုနက ပုံရိပ်ပြောတဲ့ အိပ်မက်ပေးတာတို့၊ ဘာတို့တော့ ကြားဖူးပါတယ်၊ ဒါပေမဲ့ ယုံလှတယ်လို့လည်း မဟုတ်ဘူး။ ကျွန်တော့် ဘဝမှာလည်း ခုလို တစ်ခါမှ မကြုံဖူးဘူးလေ''

ပုံရိပ်က တစ်ချက်စဉ်းစားလိုက်ကာ ...

''ခဏလေး ကိုသစ်၊ ကိုသစ်ဖြစ်တာက အိပ်မက်မက်တယ်၊ မနက်ကျတော့ အဲဒီအိပ်မက်ထဲက လူကို စိတ်စွဲနေပြီး ဘာလုပ်ချင်မှန်းမသိဖြစ်တယ်၊ ပြီးတော့ အဲဒီလူကြီးရဲ့ပုံကို ဆွဲမိတယ်၊ အဲ ... ပုံဆွဲပြီးတဲ့အချိန်မှာ ကိုသစ်စိတ်ထဲမှာ ပထမ ဘာလုပ်ချင်မှန်းမသိဖြစ်နေတဲ့ စိတ်တွေ ပျောက်သွားတယ်လို့ ပြောခဲ့တယ်နော်''

ခေါင်းညိတ်ရင်း သစ်ထူးက ...

''ဟုတ် ... ဟုတ်တယ် ပုံရိပ်''

''ဒါဆို ဒီပုံကိုဆွဲပြီးတဲ့အချိန်မှာ ကျေနပ်သွားတဲ့ စိတ်အပြင် တခြားဘာတွေ ခံစားရသေးလဲ ကိုသစ်''

အရှေ့ကို ငေးနေသော သစ်ထူးမျက်နှာက ပုံရိပ်ဘက်သို့ လှည့်လာသည်။ ပြီး ... ပုံရိပ်ကို ရီဝေဖျော့တော့သော မျက်ဝန်းများဖြင့် စိုက်ကြည့်လျက် ...

''ကျွန် ... ကျွန်တော် ဒီပုံကို ဆွဲပြီးတဲ့အချိန်မှာ စိတ်ထဲကျေနပ်သွားပေမယ့် နောက်တစ်ခု ခံစားရတာက ပုံကို အပြီးသတ်ဆွဲပြီးတဲ့အချိန်





လေးမှာ ဘာအင်အားမှ မရှိတော့သလို နုံးခွေသွားတော့တာပဲ ပုံရိပ်၊ ကျွန်တော် အဲဒီလို တစ်ခါမှ မဖြစ်ဖူးဘူး''

ပုံရိပ်မှာလည်း လတ်တလော ဖြစ်ပေါ်နေသည့် သစ်ထူး၏ကိစ္စကို ဘယ်လိုသုံးသပ်ရမည်မှန်းမသိတော့။ ထို့ကြောင့် လောလောဆယ် သစ်ထူးကို ကြည့်ကာ စာနာသနားမိလာသဖြင့် အာရုံပြောင်းစေမည့်စကားကိုပဲ ပြောလိုက်သည်။

''ကဲပါ ... ဒီကိစ္စကို ဒီအတိုင်း စဉ်းစားနေလို့ကတော့ ခေါင်းပူရုံပဲ ရှိမယ်၊ ကိုသစ် ... မနက်စာ မစားရသေးဘူးမလား၊ သွားစားရင်းနဲ့ ထပ်စဉ်းစားကြတာပေါ့''

သစ်ထူးက ဘာမှပြန်မပြောဘဲ ပုံရိပ်ကို တွေခနဲကြည့်ရင်း ကျောပိုးအိတ်ကို ကောက်လွယ်လိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

မနေ့က သစ်ထူးကြုံခဲ့သောကိစ္စကို အကြိမ်ကြိမ်စဉ်းစားသော်လည်း လက်ခံနိုင်လောက်သည့် အဖြေမရချေ။ နောက်ဆုံးတော့ ထူးထူးဆန်းဆန် ဖြစ်တတ်သည့် စိတ်နယ်လွန်ဖြစ်ရပ်တစ်ခုဟူ၍ပဲ သဘောထားလိုက်ရသည်။ သစ်ထူးကိုလည်း ထိုကဲ့သို့ပင် လက်ခံလိုက်ရန် ပုံရိပ် ပြောခဲ့သည်။

ဒီနေ့တော့ ပုံရိပ်လည်း စက်ဘီး သွားမသင်ဖြစ်တော့ချေ။ တခြားအကြောင်းကြောင့်တော့မဟုတ်။ အဒေါ်က နာရေးဖြစ်သော အိမ်တစ်အိမ်သို့ သွားရန် အဖော်ခေါ်ထားသောကြောင့် ဖြစ်သည်။

‘‘ဘယ်သူဆုံးတာလဲဟင် ဒေါ်လေး’’

ပုံရိပ်မေးတော့ အဒေါ်က ...



www.burmeseclassic.com

www.burmeseclassic.com

"သမီးတော့ သိမှာမဟုတ်ဘူး၊ ဒေါ်လေး ပွဲရုံလုပ်ငန်းလုပ်တုန်းက သိကျွမ်းခဲ့တဲ့ မိတ်ဆွေတစ်ယောက်ပါ"

ပုံရိပ် ဘာမှထပ်မမေးတော့။ အဒေါ်ကိုသာ ကားမောင်း၍ လိုက်ပို့ပေးလိုက်သည်။

နာရေးအိမ်သည် ထုံးစံအတိုင်း ခြောက်ကပ်စွာ စည်ကားနေသည်။ အိမ်ထဲဝင်သွားတော့ လူကြီးတစ်ယောက်နှင့် ပုံရိပ်တို့အရွယ် လူငယ်တစ်ယောက်က ထွက်လာကာ ဆီးကြိုနှုတ်ဆက်ကြ၏။

အဒေါ်က ထိုလူကြီးကိုကြည့်ကာ . . .

"ကိုမော်ကြီးက ရုတ်တရက်ကြီး ဘယ်လိုဖြစ်တာလဲ ကိုထူးနောင်"

ထူးနောင်ဆိုသည့် လူကြီးက စိတ်မကောင်းသောမျက်နှာလေးနှင့်

"ကျွန်တော်လည်း မပြောတတ်တော့ပါဘူး အစ်မရေ၊ မော်ကြီးနဲ့ မော်လေးဆိုတာ အစ်မ သိတဲ့အတိုင်း ကျွန်တော့်အိမ်မှာ အလုပ်လုပ်ရင်း နေလာတာ ကြာပြီလေ၊ မော်ကြီးမှာ စိတ်ညစ်စရာအကြောင်းရယ်လို့လည်း မတွေ့မိပါဘူး။ ကဲ . . . သူတို့ညီအစ်ကိုက အရက်ကလေး နည်းနည်းသောက်တတ်တာတော့ ရှိတယ်၊ ခုတော့ အရက်ကြောင်ကြောင်ပြီး တိုက်ပေါ်က ခုန်ချသွားတယ်လို့ပဲ ပြောရမလိုဖြစ်နေပြီ"

"ကျွတ်စ် . . . ကျွတ်စ် . . . စိတ်မကောင်းစရာပဲ ရှင်"

"ဟုတ်တယ်၊ ခုတောင် . . . သူ့ညီ မော်လေးကို စိတ်ညစ်ညစ်နဲ့ အရက်တွေ စွတ်မသောက်ဖို့ မှာနေရတယ်"

ခုမှပဲ သေဆုံးသူသည် ရောဂါကြောင့်မဟုတ်ဘဲ ကိုယ့်ကိုယ့်ကိုယ် သတ်သေသွားမှန်း ပုံရိပ် သိလိုက်ရ၏။ အင်း . . . ခုတလော ကိုယ့်ကိုယ်





ကိုယ် သတ်သေသည့်ဖြစ်ရပ်တွေ ပို၍များလာကြောင်း စာစောင်တွေမှာလည်း ဖတ်နေရသည်ပဲ။ အဆင်မပြေမှုတွေကို မဖြေရှင်းနိုင်သည့်အခုံးခုလို လွဲမှားသော ထွက်ပေါက်ရှာသွားသည့်လူတွေ ဘယ်လောက်များနေပြီမသိတော့ချေ။

ဦးထူးနောင်က ဦးဆောင်ကာ ပုံရိပ်တို့ကို အိမ်ထဲသို့ ဦးဆောင်ခေါ်သွားသည်။ ဦးထူးနောင်၏သားဖြစ်ဟန်တူသော လူရွယ်ကတော့ ပုံရိပ်ကို မသိမသာ အကဲခတ်ကြည့်ရုံမှအပ ဘာမှဝင်မပြော။

အိမ်ထဲရောက်တော့ သင့်တော်သည့်နေရာမှာ ထိုင်လိုက်ကြရင်း ပုံရိပ်လည်း အနီးဝန်းကျင်ကို အကဲခတ်ကြည့်မိသည်။ သေဆုံးသူသည် ဒီအိမ်မှ အလုပ်သမားတစ်ယောက်ဖြစ်သော်လည်း အိမ်ရှင်ဦးထူးနောင်၏ မျက်နှာကြောင့်လားမသိ။ ညွှံ့သည်တွေ အတော်များသည်။

ထိုသို့ ဟိုဒီကြည့်နေရင်းက အိမ်၏ခေါင်းရင်းထောင့်တစ်နေရာတွင် ထောင်ထားသော ဓာတ်ပုံတစ်ပုံကို မြင်လိုက်ရသဖြင့် ပုံရိပ် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။

နံဘေးရှိ အဒေါ်ကို ကပ်ကာ တီးတိုးမေးလိုက်၏။ စိတ်ထဲမှာတော့ ရှုပ်ရှားနေလေပြီ။

"ဒေါ် . . . ဒေါ်လေး . . . ဟို . . . ဟိုမှာ ထောင်ထားတဲ့ဓာတ်ပုံက ဆုံး . . . ဆုံးသွားတဲ့ . . ."

စကားမဆုံးခင်မှာပဲ အဒေါ်က . . .

"ဟုတ်တယ်လေ၊ အဲဒါ . . . ဆုံးသွားတဲ့ ကိုမော်ကြီးဆိုတဲ့သူရဲ့ ပုံလေ"


www.burmeseclassic.com

www.burmeseclassic.com



"ရှင်"

အံ့ဩကာ ကွက်ခနဲ ပျက်သွားသော မျက်နှာပေးကြောင့် အဒေါ်က မျက်မှောင်ကြုတ်ကြည့်လာရင်း . . .

"ဘာဖြစ်လို့လဲ . . . သမီး၊ ကိုမော်ကြီးကို သမီး သိလို့လား"

ပုံရိပ် ကပျာကယာ ခေါင်းခါလိုက်ရင်း . . .

"ဟင့်အင်း . . . မသိပါဘူး ဒေါ်လေး"

"ဒါနဲ့များအေ"

အဒေါ်က တစ်ဖက်သို့ ပြန်လှည့်ကာ တခြားနာရေးလာမေးသူများနှင့် စကားပြန်ပြောနေသည်။

ပုံရိပ်ခေါင်းထဲမှာတော့ အတွေးတွေ ရှုပ်ယှက်ခတ်သွားရ၏။ သေဆုံးသွားသော ဦးမော်ကြီးဆိုသည်မှာ တခြားမဟုတ်။ သစ်ထူး အိပ်မက်ထဲတွင် တွေ့ခဲ့ပြီး သူမသိပါဟု ပြောခဲ့သောလူ ဖြစ်လေသည်။ ပြီး . . . သစ်ထူးဂရပ်ဖစ်တီဆွဲခဲ့သောပုံနှင့် ခု သေဆုံးခဲ့သောလူကြီး၏မျက်နှာမှာလည်း တစ်ထေရာတည်း။

သစ်ထူးက သူ အပြင်မှာ မတွေ့ဖူး၊ မသိကျွမ်းသည့် လူတစ်ယောက်၏ပုံကို ဆွဲခဲ့သည်။ ထိုလူက အပြင်မှာ တကယ်ရှိနေပြီး ခု သာမန်မဟုတ်သော ပုံစံမျိုးဖြင့် သေဆုံးသွားခဲ့ပြီ။

ဒါဟာ တကယ်ပဲ တိုက်ဆိုင်တာလား။ တွေးရင်း ပုံရိပ်တုန်လှုပ်သွားရသည်။

အဒေါ့်ဘေးမှ အသာထကာ အိမ်အပြင် ထွက်ခဲ့လိုက်ပြီး သစ်ထူးဆီ ဖုန်းခေါ်လိုက်သည်။





သစ်ထူးက မနေ့ကလို မဟုတ်ဘဲ ပုံမှန်လေသံဖြင့် ရှင်ပျစွာ ပြောလာသည်။

"ပုံရိပ်ဆီတောင် ကျွန်တော် ဖုန်းဆက်တော့မလို့ပဲ၊ ဒီနေ့ မလာဖြစ်တော့ဘူးလားဟင်"

ပုံရိပ် တစ်ချက်စဉ်းစားလိုက်ရင်း . . .

"လာတော့ လာခဲ့မယ်၊ ဒီနေ့တော့ စကိတ်စီးမသင်ဖြစ်တော့ဘူး ကိုသစ်ကို ပြောစရာရှိလို့"

"ဪ . . . အင် . . . ပုံရိပ် လာမယ်ဆိုရင် စောင့်နေမယ်လေ"

ပုံရိပ် ဖုန်းချပြီး အိမ်ထဲပြန်ဝင်လာခဲ့လိုက်၏။ နာရေးအိမ်မှအပြန် အဒေါ့်ကို အိမ်ဝင်ပို့ပြီး တစ်ဆက်တည်း သစ်ထူးဆီ သွားမည်ဟု ပုံရိပ် တွေးထားလိုက်လေသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

အုတ်နံရံပေါ်မှာ ရေးဆွဲထားသည့် ဂရစ်ဖစ်တီပုံကို စိုက်ကြည့်နေရင်းက စိတ်ထဲတွင် အံ့သြတုန်လှုပ်မှုနှင့်အတူ စိတ်ရှုပ်ထွေးခြင်းကိုပါ တစ်ပြိုင်နက်တည်း ခံစားလိုက်ရသည်။ ပြောရလျှင် ထိုပုံကို သူရပ်ကြည့်နေမိသည်မှာ ဆယ့်ငါးမိနစ်လောက်ပင် ရှိနေပြီ။ စင်္ကြံကွင်းထဲတွင် ရှိနေသော တခြားလူတွေကတော့ သူ့ကို ဘယ်လိုထင်မည်မသိ။ ဂရစ်ဖစ်တီပုံက လက်ရာမြောက်လွန်းသဖြင့် အချိန်ကြာကြာ ရပ်ကြည့်နေသည်ဟု ထင်ကောင်းထင်ကြပေလိမ့်မည်။ သို့သော်လည်း ထိုသို့မဟုတ်ကြောင်း သူ့ကိုယ်သူ သိပါ၏။

ဒီအုတ်နံရံပေါ်က လူပုံကို ဘယ်သူဆွဲတာလဲ။ ဘာကြောင့်ဆွဲတာလဲ။ ဘာသဘောနဲ့လဲ။ မေးခွန်းတွေက ပျားအုံထဲ ပျားတွေဝင်သလို တဝီဝီ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာကြ၏။ အဖြေမရသေးသည့်မေးခွန်းကို စဉ်းစားရင်း သူ့နဖူးစပ်တွင် ချွေးစများပင် စိမ့်စိုသီးခိုလာသည်။

ထိုစဉ် . . .

"ကြည့်ရတာ ဒီပုံကို တော်တော် သဘောကျနေပုံရတယ်"

နောက်ဘက်မှ ထွက်လာသော အသံကြောင့် သူ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။ သူ့ထက် လေးငါးနှစ်လောက် ငယ်မည်ထင်ရသော လူငယ်နှစ်ယောက်ကို တွေ့လိုက်သည်။ သူက တစ်ချက်ပြုံးလိုက်ရင်း . . .

"ဟုတ်တယ်ဗျ၊ လက်ရာတော်တော်မြောက်တယ်နော်"

"ပြောပြရင် အစ်ကို ပိုတောင် အံ့သြသွားဦးမယ်၊ ဆွဲတဲ့ကောင်က ကျွန်တော်တို့ သူငယ်ချင်းဗျ၊ ပြီးတော့ ဒီပုံက သူ ဂရစ်ဖစ်တီဆွဲလာတဲ့ သက်တမ်းတစ်လျှောက်မှာ ပထမဆုံးဆွဲတဲ့လူပုံဗျ"

သူ မျက်ခုံးပင့်လိုက်မိသည်။

"အင်း . . . စိတ်ဝင်စားစရာပဲဗျ၊ အဲဒီလူနဲ့ ကျွန်တော် တွေ့ချင်တယ်"

"တွေ့တာက တွေ့လို့ဖြစ်ပါတယ်၊ ခုတောင် ဟိုနားက ကော်ဖီဆိုင်မှာ ရှိမလားမသိဘူး၊ သူ့ကောင်မလေး လာမယ်ဆိုလို့ သွားစောင့်နေလေရဲ့၊ အဲ . . . တီရှပ်အနက်နဲ့ ကျောပိုးအိတ်အနီရောင် လွယ်ထားတယ်၊ နာမည်က သစ်ထူးတဲ့"

မမျှော်လင့်ဘဲ ပြည့်ပြည့်စုံစုံ သိလိုက်ရသဖြင့် သူ ကျေနပ်သွားသည်။

"ကျေးဇူးပဲဗျာ၊ ကျွန်တော် သွားကြည့်လိုက်ဦးမယ်"





ပြောပြီး သူ လှည့်ထွက်လိုက်တော့ တစ်ယောက်က . . .

"အဲ . . . တစ်ခုတော့ရှိတယ်ဗျ၊ သစ်ထူးက ပရော်ဖက်ရှင်နယ် ဆွဲစားတာ မဟုတ်တော့ ပုံဆွဲဖို့ အပ်ရင်တော့ လက်ခံမှာမဟုတ်ဘူး"

"ဒါဆိုလည်း မိတ်ဆက်ရုံပေါ့ဗျာ"

လှည့်ပြောပြီး သူထွက်လာခဲ့သည်။ စိတ်ထဲမှာလည်း အနည်းငယ် လှုပ်ရှားနေ၏။ ပုံဆွဲသွားသည့်လူကိုတော့ သူ့အနေဖြင့် စောင့်ကြည့်ရန် လိုလာပြီ။

ညွှန်လိုက်သည့် ဆိုင်လေးထဲရောက်တော့ ဆိုင်ထဲ ဝေ့ကြည့်လိုက်၏။ တွေ့လိုက်ပါပြီ။ ကောင်မလေးတစ်ယောက်နှင့်အတူ ထိုင်နေသော အကျႌအနက်နှင့် ကျောပိုးအိတ်အနီရောင်လွယ်ထားသည့် လူငယ်တစ်ဦး။

သူက ထိုဝိုင်းနှင့် အနီးဆုံးဝိုင်းမှာ ထိုင်ကာ အစွမ်းကုန် နားစွင့်ထားလိုက်ပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၂)

"ဘာဖြစ်လို့ ကျွန်တော့်ကို လူပုံ ထပ်မဆွဲဖို့ တားနေတာလဲဟင် [illegible]"

ရုတ်တရက် အိုးတိုးအမ်းတမ်းဖြစ်သွားပြီးမှ ပုံရိပ်က . . .

"ဟိုလေ . . . ကဲ . . . ဘာရယ်တော့မဟုတ်ပါဘူး။ ပထမ ဒီပုံကို ဆွဲဖြစ်တုန်းက ကိုသစ် စိတ်ရှုပ်ရတယ်မလား၊ အဲဒါကြောင့်ပါ၊ ပြီးတော့ . . . ကိုယ်မသိမမြင်ဖူးတဲ့ ပုံဆိုတော့လေ"

သစ်ထူးက ဘာမှပြန်မပြောသေးဘဲ ငြိမ်နေသေးသည်။ စဉ်းစား သွားပုံလည်း ရ၏။ ပထမတော့ ပုံရိပ်လည်း သူကြုံခဲ့ရသည်ကို အမှန်အတိုင်း ပြောပြမည်ဟု တွေးကာ လာခဲ့ခြင်းဖြစ်သည်။ ခု ဒီရောက်မှ စိတ်ပြောင်းသွား၏။



www.burmeseclassic.com

www.burmeseclassic.com



ပြောပြလိုက်ရင် သစ်ထူး ပိုပြီးစိတ်ရှုပ်သွားမလား။ ပြီးတော့ သူမ ကြုံခဲ့ရသည်က ဇာတ်ဆိုင်မှုတစ်ခုဖြစ်ကောင်း ဖြစ်နိုင်သည်။ တော်ကြာ ပြောလိုက်မှ အခြေအနေက ပိုရှုပ်ထွေးသွားမှုဖြင့် ...

ပြီးတော့ ... ခုချိန် သစ်ထူးကလည်း ထိုကိစ္စကို အရမ်းကြီး အလေးအနက်ထားဟန်မရှိတော့။ ခုတောင် စဥ်းစားလိုက်ပြီးမှ ခပ်ဟဟ ရယ်လိုက်ရင်း ...

"ဩော် ပုံရိပ်ရယ် ... ပြောစရာရှိတယ်ဆိုလို့ ဘာကိစ္စများလဲလို့၊ ကျွန်တော်လည်း အဲဒီပုံကို ဆွဲချင်လို့ ဆွဲခဲ့တာ မဟုတ်တာ ပုံရိပ်လည်း သိသားပဲဟာကို၊ အိပ်မက်မက်လို့ ဆွဲဖြစ်သွားတာပါ"

"ဟုတ်ပါတယ်၊ ဒါပေမဲ့ ... နောက်ထပ် အဲလိုလူ့ပုံမျိုး မဆွဲနဲ့တော့နော်၊ ဟိုလေ ... အိပ်မက်ထပ်မက်လည်း မဆွဲနဲ့"

"ဩော် ... ကဲ ... ပုံရိပ်ရယ် အဲလိုအိပ်မက်ကလည်း အမြဲမက်နေမှာမှမဟုတ်ဘဲ၊ ကဲပါ ... ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော် ထပ်မဆွဲတော့ဘူး ... ဟုတ်ပြီလား"

ထိုအခါမှ ပုံရိပ်လည်း သက်ပြင်းခိုးချလိုက်ရသည်။ ထိုအချိန်တွင် ဘေးဝိုင်းမှ လူတစ်ယောက်က သူတို့ကို တစ်ချက်စိုက်ကြည့်ပြီး ထထွက်သွားသည်ကိုမူ နှစ်ယောက်စလုံး သတိမထားမိလိုက်ကြ။

သစ်ထူးက ပုံရိပ်ကို စိုက်ကြည့်ရင်း ...

"ပုံရိပ် ... ကျွန်တော့်ကို ဘာဖြစ်လို့ စိုးရိမ်ရတာလဲဟင်"

ထိုစကားကြောင့် ပုံရိပ်မျက်နှာ အထားရခက်ကာ ပန်းရောင်ပြေးသွားသည်။





"မသိဘူး၊ စိတ်ထဲမှာ မဆွဲစေချင်လို့ ပြောတာ၊ ဘာကိုစိုးရိမ်ရမှာလဲ"

မျက်တောင်းဖွဖွနှင့်အတူ မပွင့်တပွင့်လေး ပြန်ပြောလာသောစကားကြောင့် သစ်ထူး အသဲယားသွားရပြီး ...

"ကျွန်တော်ကတော့ ပုံရိပ်ကို စိုးရိမ်တယ်"

"ဟင်"

မျက်ဝန်းတောက်တောက်ကလေးဖြင့် မော့ကြည့်လာသည်။ သစ်ထူးက ...

"ဟုတ်တယ် ပုံရိပ်ရဲ့၊ ပုံရိပ် ကျွန်တော့်အနားက ပျောက်သွားမှာကို စိုးရိမ်နေတာ၊ ကျွန်တော် ပုံရိပ်ကို အရမ်းချစ်တယ်"

"အို"

BURMESE CLASSIC

ရုတ်တရက် ... လှိုင်းလုံးဝင်ဆောင့်လာသလို ခံစားလိုက်ရသော ရင်ထဲမှာ ပြောင်းဆန်သွားပြီး ဘာပြန်ပြောရမှန်းမသိ ဖြစ်နေမိသေးသည်။ စိတ်ထဲ၌ တစ်ချိန် သစ်ထူးက ပြောလာလိမ့်မည်ဟု ထင်ထားခဲ့သော်လည်း ဒီကယ်တမ်း ခုလို ကြားလိုက်ရသောအချိန်မှာတော့ ဘယ်လိုတုံ့ပြန်ရမည်ကို ကြိုတင် မစဥ်းစားထားမိပါချေ။ ခေါင်းတွင်တွင်ငုံ့ကာ တုံ့ဆိုဘာဝေ လုပ်နေမိသည်။

သစ်ထူးက နံပေါ်တင်ထားသည့် ပုံရိပ်လက်ကလေးကို ဆတ်ခနဲ ဆွဲဖွဖွကိုင်လိုက်ပြီး ...

"ပုံရိပ် ... ကျွန်တော်ပြောတာ ကြားပါတယ်နော်၊ တစ်ခုခုပြောဦး ပုံရိပ်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



ပုံရိပ် အားတင်းကာ မော်ကြည့်လိုက်သည်။ ရင်ထဲက ခံစားချက်ကို ဦးနှောက်ဖြင့် အတင်းထိန်းချုပ်ထားသော်လည်း အရည်လဲ့နေသော မျက်ဝန်းလေးက နှလုံးသားအလိုကျ ဖော်ကောင်လုပ်နေသဖြင့် . . .

■

## (၁၃)

"မင်းကွာ တော်တော်တတ်နိုင်တဲ့ကောင်၊ ခရိုနိကျူမှ ပုံရိပ်နဲ့ငါတို့ကို မိတ်ဆက်ပေးရတယ်လို့"

ကျော်ချစ်ဝင်း ဘောက်ဆတ်ဆတ်ပြောလိုက်သည့်စကားအဆုံးမှာ ချမ်းမြေ့အောင်ကလည်း . . .

"အေးလေ . . . စောစောစီးစီးမိတ်ဆက်ပေးတော့ရော ဘာဖြစ်မှာမို့လို့လဲ"

ကျော်ချစ်ဝင်းနှင့်ချမ်းမြေ့အောင်တို့အား ပုံရိပ်နှင့်မိတ်ဆက်ပေးအပြီးမှာ အသီးသီး ပြောလာကြခြင်း ဖြစ်သည်။

သစ်ထူးက ဘာမှပြန်မပြောဘဲ တဟဲဟဲလုပ်နေသည်။ နားမလည်သော ပုံရိပ်က သစ်ထူးကို အူတူတူလေး ကြည့်လျက် . . .



www.burmeseclassic.com

www.burmeseclassic.com



"ကိုသစ် ... သူတို့က ဘာတွေပြောနေတာလဲဟင်"

သစ်ထူးက ပခုံးအသာတွန့်လိုက်ရင်း ...

"ဒီလိုပုံရိပ်ရဲ့"

အကျိုးအကြောင်းရှင်းပြရန် ဟန်ပြင်လိုက်ချိန်မှာပဲ ချမ်းမြေ့အောင်က ဝင်၍ ...

"ဘာမှမဟုတ်ဘူး ပုံရိပ်ရာ၊ ဒီကောင်က သူ့ကိုယ်သူ မယုံတာ"

"ရှင် ... ဘယ်လိုမယုံတာလဲ"

ကျော်ချစ်ဝင်းက သစ်ထူးကို တစ်ချက်ကြည့်လိုက်ပြီး ...

"ဒီလိုဗျာ ... ပုံရိပ်နဲ့ဒီကောင် ခုလို ချစ်သူတွေမဟုတ်ဘဲ သူငယ်ချင်းအဆင့်တုန်းကပဲ ကျွန်တော်တို့နဲ့ ပုံရိပ်ကို မိတ်ဆက်ပေးပါလားလို့ ပြောခဲ့တာ၊ အဲဒါကို မိတ်မဆက်ပေးခဲ့ဘူးလေ"

"ဟုတ်လား ကိုသစ်၊ အဲဒါ ... ဘာဖြစ်လို့လဲ ပြော"

မျက်စောင်းလေးထိုးရင်း ပုံရိပ်က မေးလာသည်။

သစ်ထူးက ရယ်လိုက်ပြီး ...

"အဲဒါက ပုံရိပ်အတွက်ပါ၊ ဒီလိုလေ သူငယ်ချင်းဘဝကပဲ ဒီကောင်တွေနဲ့ ပုံရိပ်နဲ့ ရင်းနှီးနေကြရင် ကိုယ် ပရိုပို့စ်လုပ်တဲ့အခါ ပုံရိပ်အဖြေရခက်မှာစိုးလို့ပါ"

"ဟမ် ... ဘာမှလည်းမဆိုင်ဘူး"

"ဆိုင်တာပေါ့၊ ပုံရိပ်က ကိုယ့်အချစ်ကို လက်ခံလိုက်ရင် အကြောင်းမဟုတ်ဘူးလေ၊ တကယ်လို့ အကြောင်းကြောင်းကြောင့် ငြင်းခဲ့မယ်ဆိုရင် ပုံရိပ်အနေနဲ့ ရင်းနှီးနေတဲ့ ဒီကောင်တွေကိုပါ မျက်နှာပူပြီး အားနာနေရမှာစိုးလို့ပါ"

"ဪ ... ဒီလိုလား"

ပုံရိပ်မျက်နှာလေးက ပြုံးယောင်သန်းသွားသည်။ ချမ်းမြေ့အောင်က သစ်ထူးကို မရှုစိမ့်ဟန်ဖြင့် ကြည့်လိုက်ပြီးမှ ...

"အဲဒါပဲ ပုံရိပ်ရေ ... သစ်ထူးဆိုတဲ့ကောင်က တစ်ခါတလေ အဲလို အူတူတူတွေ တွေးတတ်တယ်ဗျ၊ သတိတော့ ထားပေါ်င်းပေါ့"

"ဟာ ... ဒီကောင်တော့"

သစ်ထူးအပြောကြောင့် အားလုံးပဲ ရယ်လိုက်ကြသည်။ ရယ်နေရင်းမှ ချမ်းမြေ့အောင်က သတိရဟန်ဖြင့် ...

"ဟာ သစ်ထူး ... မင်းကို မေးမယ်၊ မေးမယ်နဲ့ မေ့နေတာကွ"

"ဟေ ... ဘာလဲ"

"ဟိုတစ်ရက်ကကွာ မင်းဆွဲထားတဲ့ ဂရစ်ဖစ်တီပုံကိုကြည့်ပြီး လူတစ်ယောက်က သဘောကျလို့တဲ့၊ အဲဒါ မင်းနဲ့ တွေ့ချင်တယ်ဆိုလို့ မင်းရှိတဲ့နေရာကို ညွှန်လိုက်သေးတယ်"

"ဟုတ်တယ်ကွ၊ အဲဒီချိန်တုန်းက မင်းနဲ့ပုံရိပ်တို့တောင် ကော်ဖီဆိုင်ထဲမှာ အတူရှိနေသေးတယ်လေ၊ လာသွားလား"

သစ်ထူး မျက်မှောင်ကြုတ် စဉ်းစားလိုက်ပြီးမှ ခေါင်းခါရင်း ...

"ဟော့အေး ... မလာပါဘူး၊ ဒါနဲ့ သူက ဘယ်ပုံကိုကြည့်ပြီး သဘောကျတာတဲ့လဲ"

စကိတ်ကွင်းရှိ အုတ်နံရံတွေမှာ သူဆွဲထားသည့် ပုံတွေက တော်တော်များများ ရှိသည်မို့ မေးလိုက်ခြင်းဖြစ်သည်။





www.burmeseclassic.com

www.burmeseclassic.com

ကျော်ချစ်ဝင်းက ...

''ဘယ်ပုံရှိရမှာလဲကွ၊ မင်း မဆွဲစဖူး အဆွဲထူးပြီး ဆွဲထားတဲ့ လူပုံပေါ့''

''ဟင်''

ထိုအာမေဍိတ်ကတော့ ပုံရိပ်ဆီမှ ထွက်သွားခြင်း ဖြစ်သည်။ တစ်ဆက်တည်းပဲ ခပ်သွက်သွက် ပြန်မေးလိုက်၏။

''အဲ ... အဲဒီလူက အဲဒီပုံနဲ့ ပတ်သက်ပြီး ဘာပြောသွားသေးလဲ ဟင်''

''ထူးထူးခြားခြားတော့ မပြောပါဘူး ပုံရိပ်ရဲ့၊ ပုံကိုကြည့်ပြီး သဘောကျတယ်ပဲ ပြောတာ၊ ပြီးတော့ သစ်ထူးနဲ့ တွေ့ချင်လို့ဆိုပြီး ထွက်သွားတာပဲလေ''

စကားအဆုံးမှာ သစ်ထူးက တစ်ချက်ကြည့်လိုက်ပြီး ...

''ပုံရိပ်ကလည်း ... အဲဒီပုံနဲ့ ပတ်သက်ရင် ဘာဖြစ်မှန်းကိုမသိဘူး၊ ကိုယ့်လက်ရာကို သဘောကျလို့ ဖြစ်မှာပေါ့၊ စိတ်ထဲထားမနေနဲ့''

ပုံရိပ် ခေါင်းအသာညိတ်ပြလိုက်သည်။ စိတ်ထဲ ဘာမှမထားနဲ့ဟု ဆိုသည့်တိုင် သစ်ထူးဆွဲထားသော ဂရစ်ဖစ်တီပုံနှင့် အသုဘအိမ်မှာတွေ့ခဲ့သည့် ဦးမော်ကြီး၏ဓာတ်ပုံကို ပြန်မြင်ယောင်မိပြီး စိတ်ထဲ လေးလံသွားသည်ကတော့ အမှန်ပင်။

ဘာကြောင့်မှန်းတော့ မသိ။ လောလောဆယ်တော့ သက်ပြင်းပဲ ကျိတ်ချမိလိုက်လေသည်။

■



## (၁၄)

နောက်ဘက်မလှမ်းမကမ်းမှ လူတစ်ယောက် မသိမသာ ကပ်လိုက်လာသည်ကို သိသိချင်း သစ်ထူးခြေလှမ်းကို အနည်းငယ် သွက်လိုက်သည်။ ဘာကြောင့် လိုက်လာမှန်းတော့ သူမသိ။ သစ်ထူး ဆတ်ခနဲ လှည့်ကြည့်လိုက်တော့ ထိုလူ၏မျက်နှာထားက အန္တရာယ်ပေးမည့်ပုံမဟုတ်ဘဲ အကူအညီတောင်းလိုသည့်မျက်ဝန်းများဖြင့် ကြည့်နေပြန်သည်။

သို့သော် ...

ဘာကြောင့်မှန်းမသိဘဲ သစ်ထူးစိတ်ထဲ၌ ထိုလူနှင့် ရင်ဆိုင်ရမှာကို ကြောက်နေသည်။ မှော့တော့ရီမှောင်နေသည့် ထိုလူ၏မျက်ဝန်းများကိုလည်း ရင်မဆိုင်ရဲသလို။

ထိုသို့ကြည့်နေချိန်မှာပဲ ထိုလူက သစ်ထူးအား တစ်ခုခုလှမ်းပြော



www.burmeseclassic.com

www.burmeseclassic.com

ရန် ဟန်ပြင်လိုက်သည်။ စိတ်ထဲ၌ ကြားလိုချင်စိတ်မရှိသဖြင့် သစ်ထူး ပြန်လှည့်ကာ လျှောက်လိုက်၏။ ခြေလှမ်းအရှိန်ကိုလည်း ထပ်မြှင့်လိုက်သည်။ နောက်ကိုမူ လှည့်မကြည့်တော့။

အတော်ဝေးဝေးလျှောက်လိုက်တော့ နဖူးတွင် ချွေးစများ သီးခို လာသည်။ ရင်ထဲမှာလည်း တင်းကျပ်ကာ မောလာ၏။ ခြေလှမ်းကိုရပ်ကာ နောက်တစ်ကြိမ် လှည့်ကြည့်မိပြန်သည်။ သက်ပြင်းလည်း ကျသွား၏။ နောက်က လိုက်လာသောလူကို မတွေ့ရတော့။

သို့နှင့် ပုံမှန်ခြေလှမ်းများဖြင့် ဆက်လျှောက်ရင်း လမ်းချိုးလေးအ ရောက်တွင် ဆတ်ခနဲအကွေ့ . . . ။

"ဟာ"

တစ်ကိုယ်လုံး တုန်ခါကာ ကြက်သီးမွေးညင်းများ ထသွားသည်။ ရေရွတ်ရင်း လိပ်ပြာလွင့်မတတ်ပင် ဖြစ်သွား၏။ ခုနက သူ့နောက်သို့ လိုက်လာခဲ့သောလူသည် မျက်နှာချင်းဆိုင်တည့်တည့်၌ . . .

သစ်ထူး ကြက်သေသေကာ ရပ်နေမိချိန်မှာပဲ . . .

"မင်း . . . မင်း . . . ငါ့ . . . ငါ့ကို ကူညီ . . . ကူညီပါကွာ"

အသံသြသြကြီးဖြင့် ပြောကာ ရှေ့တိုးလာသဖြင့် သစ်ထူး နောက် သို့ ကြောက်လန့်တကြား ဆုတ်လိုက်ကာ လက်ကာပြရင်း . . .

"ဟာ . . . မလာ . . . မလာနဲ့"

■



## (၁၅)

လန့်နိုးနိုးချင်း တစ်ကိုယ်လုံး ချွေးတွေ ရွှဲနစ်နေသည်။ ရင်ထဲမှာ ခြောင်းဆန်စွာ လှုပ်ရှားနေရင်း အာခေါင်တွေကလည်း ခြောက်ကပ်နေ၏။ ဒါ . . . ငါ . . . အိပ်မက်မက်နေတာပဲ။ ထိုသို့တွေးမိသည့်တိုင် ကြောက်လန့် စိတ်က မပြေ။ အာရုံထဲမှာပင်လည်း အိပ်မက် ပျောက်မရသေးချေ။

နာရီ လှမ်းကြည့်လိုက်တော့ ညနေငါးနာရီပင် ကျော်နေပြီ။ နိုင်ငံ ခြားမှ ဂရစ်ဖစ်တီ ကတ်တလောက်တွေကို လှေ့လာနေရင်း အိပ်ပျော်သွား ခြင်းဖြစ်၏။

ခု အိပ်မက် မက်ပြီး နိုးလာတော့လည်း စိတ်ထဲမှ မကြည်လင်သေး ဘဲ ထုံထိုင်းမှိုင်းဝေနေသည်။ အတိအကျ မှတ်မိနေသည့် အိပ်မက်ကို ပြန်စဉ်းစားရင်း၊ အိပ်မက်ထဲမှ လူ၏ပုံရိပ်က ပြန်ပေါ်လာသည်။ အဲဒီလူက ဘာအကူအညီလိုလို့လဲ။ သူကကော အိပ်မက်ထဲမှာ တွေ့သောလူကို ဘာ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးနိုင်မှာမို့လို့လဲ။

တွေးရင်းက စိတ်ထဲမှာ တစ်ခုခုလုပ်ပေးချင်စိတ် ပေါ်လာသည်။ စဉ်းစားရင်း ခေါင်းထဲ လက်ခနဲ ဖြစ်သွား၏။ ပထမတစ်ကြိမ် သူမသိ၊ မမြင်ဖူးသော လူတစ်ယောက်ကို အိပ်မက် မက်ခဲ့စဉ်တုန်းက ထိုလူ၏ပုံကို ဂရစ်ဖစ်တီ ဆွဲခဲ့သည်။

ခုလည်း အိပ်မက်ထဲက လူက သူ၏ပုံကို ဂရစ်ဖစ်တီ ဆွဲစေချင်တာလား။ ထူးခြားသော ဆက်သွယ်မှုတစ်ခုလို သစ်ထူး ခံစားလာရသည်။ နောက်တစ်ခု ကိုယ့်ကိုယ်ကိုယ် သတိထားမိသည်က သူ့စိတ်ထဲတွင်လည်း ဂရစ်ဖစ်တီ ဆွဲချင်နေခြင်းဖြစ်သည်။ သို့နှင့် . . .

ချက်ချင်းပဲ အိပ်ရာမှ လူးလဲထလိုက်ကာ ရေတစ်ခွက် သောက်ပြီး ကျောပိုးအိတ်ကို လွယ်လိုက်သည်။ ပြီး . . . အိမ်မှထွက်ခဲ့လိုက်၏။

ညနေသည် အလောင်းဆန်ဆန် အေးစက်ကာ ကောင်းကင်မှာလည်း တိမ်ညိုတွေ လှိုင်းထနေကြပြီ။ အိပ်တန်းပြန်သွားသော ငှက်တွေကို အစုလိုက်၊ အဖွဲ့လိုက် တွေ့နေရသေး၏။ ဘာကို ဆုပ်ဖမ်းရမှန်းမသိအောင် အမှောင်စိုစို ပြိုလက်နေသော ညနေခင်းတစ်ခု ဖြစ်၏။

သို့သော် . . . တစ်နေ့တာ၏ကြွင်းကျန်သော အလင်းဓာတ်က အနီးပတ်ဝန်းကျင်ကို ကြည်လင်စွာ မြင်နေသေးသည်။ မှတ်ဆေးဘူးကိုကိုင်ကာ သစ်ထူး အုတ်နံရံရှေ့တွင် ရပ်လိုက်၏။ ပြီး မျက်နှာတစ်ခု၏ကောက်ကြောင်းကို စတင်ကာ ရေးခြစ်လိုက်လေသည်။ အသံမည်သည်တို့ မကြားရတော့ဘဲ အရောင်၊ အရိပ်တို့သာ စိတ်သဏ္ဍာန်တွင် ထုံမွှန်းနေတော့၏။

■



## (၁၆)

အချိန်နှင့် တပြေးညီဆိုသလို စားသောက်ဆိုင်များသည် ညနေခင်းအရောင်းအဝယ်များဖြင့် စည်ကားသိုက်မြိုက်နေ၏။ ရပ်ကွက်တစ်ခုအတွင်းရှိ စားသောက်ဆိုင်မှာလည်း မျိုးစုံခေါင်းစဉ်တပ်ကာ သောက်သုံးသူများဖြင့် ပြည့်လျှံနေသည်။ စကားသံတွေ မီးခိုးငွေ့တွေ ဆူညံပွက်လွင့်ပျံ့စွာ။ တုန်ခါလှုပ်လွန့်ကာ . . .။

ထိုဆိုင်ရှေ့ရှိ ကားပါကင်က ကျယ်ဝန်းသည့်တိုင် ပါကင်နေရာထဲတွင် ကားတွေ အပြည့်ဖြစ်နေသည်။ ထပ်ကာဝင်လာသည့် ကားတွေကြောင့် ကားပါကင်နေရာချထားပေးသော ဝန်ထမ်းကောင်လေးမှာ ဟိုဒီပြေးရင်း အလုပ်ရှုပ်နေ၏။

ထိုစဉ် . . .



www.burmeseclassic.com

www.burmeseclassic.com



ပါကင်ထိုးထားသော ကားတစ်စီးထဲမှ လူတစ်ယောက်ဆင်းလာသည်။ ခေါင်းစွပ်ပါသော အနက်ရောင်ဂျာကင်ကို ဝတ်ထားပြီး ကားပေါ်မှ ဆင်းဆင်းချင်း ပတ်ဝန်းကျင်ကို အရင် တစ်ချက်ဝေ့ကြည့်လိုက်၏။ ခေါင်းစွပ်ကိုလည်း မျက်နှာမပေါ်စေရန် ထပ်ကာ ဆွဲချလိုက်သည်။ သူ့ကို လူမမြင်စေချင်သည့် အနေအထားမျိုးဖြစ်၏။ စားသောက်ရန် ဝင်လာကြသော ဧည့်သည်များနှင့် ကားပါကင်ဝန်ထမ်းကောင်လေးတို့မှာလည်း ကိုယ့်ကိစ္စကိုယ်သာ အာရုံရောက်နေသဖြင့် အင်္ကျီအနက်နှင့်လူကို သတိမထားမိပါချေ။

အင်္ကျီအနက်နှင့်လူသည် ပါကင်ထိုးထားသော ကားတွေထဲမှ အဖြူရောင်ဗင်ကားအနီးသို့ မသိမသာ ချဉ်းကပ်သွားပြီး အနားရောက်တော့ ပတ်ဝန်းကျင်ကို ထပ်ကာ ဝေ့ကြည့်လိုက်၏။ စိတ်ချရသောအနေအထားရောက်မှ ဂျာကင်အင်္ကျီအိတ်ထဲမှ ဝွင်းဝှတစ်ချောင်းကိုထုတ်ကာ ကားရှေ့ဘက် အင်ဂျင်ခန်းအောက်သို့ ပက်လက်အနေအထားဖြင့် ဆတ်ခနဲ လျှိုကာ ဝင်လိုက်သည်။

ငါးမိနစ်လောက်ပဲ ကြာမည်ထင်သည်။ အင်္ကျီအနက်နှင့်လူသည် ကားအောက်မှ ပြန်ထွက်လာကာ ပတ်ဝန်းကျင်ကို ထပ်၍ ဝေ့ကြည့်လိုက်ပြန်၏။ ပြီး . . . သူထွက်လာခဲ့သော ကားဆီသို့ ခပ်သွက်သွက်ပြန်ကာ လျှောက်သွားလေသည်။

ကားပေါ်ရောက်တော့လည်း မောင်းမသွားသေးဘဲ သူ့ကားမှတစ်ဆင့် ဗင်ကားအဖြူဆီသို့ စိတ်အေးလက်အေး ထိုင်ကာ ကြည့်နေသည်။ တစ်စုံတစ်ခုကို သွေးအေးအေးနှင့် စောင့်နေသည့်ပုံစံမျိုး။





နောက်ထပ် ဆယ့်ငါးမိနစ်လောက်ပဲ ကြာမည်ထင်၏။ အသက်လေးဆယ်ခန့် လူတစ်ယောက်သည် အနည်းငယ်ရေချိုးလွန်လာသောပုံစံဖြင့် စားသောက်ဆိုင်ထဲမှ ယိုင်တိုင်တိုင် လမ်းလျှောက်ရင်း ထွက်လာသည်။ ဒီစပ်ကလည်း ဘာတွေမှန်းမသိ ဗလုံးဗထွေး ရေရွတ်ကာ အဖြူရောင်ဗင်ကားအနီးတွင် ခြေလှမ်းကို ရပ်လိုက်သည်။ ကားပေါ်သို့တက်ကာ ကားစက်ကို နှိုး၍ တဖျင်းဖျင်းမြည်အောင် လီဗာပုတ်လိုက်ပြီးမှ ဂူးခနဲ မောင်းထွက်သွားလေသည်။

ထိုမြင်ကွင်းကိုကြည့်ကာ အနက်ရောင်အင်္ကျီနှင့်လူက အေးစက်စက် ပြုံးလိုက်သည်။ ပြီး . . . ကားစက်နှိုး၍ ပါကင်ထိုးထားသောနေရာမှ ခပ်ဖြည်းဖြည်း မောင်းထွက်သွားလေ၏။

◆

ဆွဲလက်စပုံကို လက်စသတ်လိုက်ပြီးမှ သစ်ထူး ကိုယ့်လက်ရာကိုယ် ကျေနပ်သလို ရပ်ကာ စိုက်ကြည့်နေမိသေးသည်။ စိတ်ထဲ ထင်မထားမိလောက်အောင်ပင် ပုံက အိပ်မက်ထဲတွင် တွေ့ခဲ့သောလူကြီးနှင့် အတော်ပင် တူလေသည်။ ပုံဆွဲအပြီး စိတ်ကျေနပ်သော ခံစားမှုအချို့ကိုလည်း ခံစားလိုက်ရ၏။ ဘာကြောင့်မှန်းတော့ မသိ။

ထိုနောက်မှာတော့ မှုတ်ဆေးဘူးတွေကို ကျောပိုးအိတ်ထဲ ပြန်ထည့်ပြီး သစ်ထူး စကိတ်ကွင်းထဲမှ ထွက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နေစောင်းသွားပြီဖြစ်၏။ ပတ်ဝန်းကျင်က မှောင်စပြုနေလေပြီ။ သစ်ထူး တက်စီးငှားရန် ကားလမ်းဘေး ရပ်စောင့်နေချိန်မှာပဲ ဆည်းဆာနီက ခပ်ဖွဲ့ဖွဲ့လေး ရွာကျလာလေသည်။

■

## (၁၇)

"ဘယ်လို ... ဘယ်လို ဒေါ်လေး။ ဦးမော်ကြီးရဲ့ညီ ဦးမော်လေး ဘားအက်ဆီးဒန့်ဖြစ်ပြီး ဆုံးသွားပြီ ဟုတ်လား"

အလန့်တကြား မေးလိုက်သော ပုံရိပ်စကားသံ အဆုံးမှာ အဒေါ်က စိတ်မကောင်းဟန်ဖြင့် ခေါင်းအသာညိတ်ရင်း ...

"ဟုတ်တယ် သမီးရဲ့ ... မနေ့ညက ဖြစ်တာတဲ့လေ"

"ဒေါ်လေးရယ် ... ဘယ်လိုဖြစ်ရတာလဲ၊ သူ့အစ်ကို ဆုံးထားတာတောင် မကြာသေးဘူး"

"ကိုထူးနောင် ပြောတာကတော့ ဖြစ်တဲ့အချိန်မှာ ကိုမော်လေးက အရက်သောက်ထားတယ်တဲ့၊ ဆေးစစ်ကြည့်တော့ တွေ့တာပေါ့လေ၊ ဒါ့အပြင် ... သက်ဆိုင်ရာက ကားကို စစ်ကြည့်လိုက်တော့ ပိုပြီး ထူးဆန်းတာကို



www.burmeseclassic.com

www.burmeseclassic.com

သွားတွေ့တယ်''

''ဟင် ... ဘာ ... ဘာတွေ့တာလဲဟင် ဒေါ်လေး''

''ကိုမော်လေးဟာ အရက်သောက်ပြီး ကားမောင်းပြန်လာတာတော့ ဟုတ်တယ်၊ ဒါပေမဲ့ ... အခင်းဖြစ်တဲ့ လမ်းအကွေ့မှာ လမ်းလျှော် ဘရိတ်ပေါက်ပြီး ကားက လမ်းဘေးသစ်ပင်ကို ဝင်တိုက်မိတာ မဟုတ်ဘူး။ စစ်ဆေးချက်အရ ကိုမော်လေး မောင်းလာတဲ့ကားဟာ အက်ဆီးဒန့်မဖြစ်ခင်ကပဲ ဘရိတ်ကြိုး အဖြတ်ခံထားရတာတဲ့''

''ဘုရားရေ''

ပုံရိပ် ရင်ဘတ်ဖိလိုက်မိသည်။ တစ်ဆက်တည်း အ,ထစ်ထစ် ပြန် မေးလိုက်၏။

''ဒါ ... ဒါဆိုရင် ... ဦး ... ဦးမော်လေးက လုပ်ကြံခံရတဲ့ သဘော ... သဘောမျိုးလား''

''ခုလောလောဆယ်ကတော့ ရဲတပ်ဖွဲ့ကလည်း အဲလိုပဲ ယူဆထား တာပေါ့လေ၊ သူတို့အမှုကို ဆက်စုံစမ်းဦးမှာပေါ့၊ အိမ်မှာရှိတဲ့ လူယုံနှစ် ယောက်စလုံး ဆုံးသွားတော့ ကိုထူးနောင်တို့လည်း အတော်ကို တုန်လှုပ် နေကြတယ်''

အဒေါ်နှင့် စကားပြောနေရင်းက ပုံရိပ်ခေါင်းထဲ အတွေးတွေ တစီစီ ဝင်လာသည်။ ချက်ချင်း သတိရလိုက်မိသူက သစ်ထူး။ ပထမတစ်ကြိမ် ဦးမော်ကြီး မသေဆုံးခင်က ဦးမော်ကြီးကို အိပ်မက်မက်ပြီး သစ်ထူး ဂရပ်ဖစ် တီ ဆွဲခဲ့သည်။ ပြီး ... ဦးမော်ကြီးက ရုတ်တရက် တိုက်ပေါ်က ပြုတ်ကျကာ ဆုံးပါးသွားသည်။ ဒါသည် တိုက်ဆိုင်မှုဆိုလျှင်ထားဦး။





ယခုတစ်ခါ ဦးမော်ကြီး၏ညီ ဦးမော်လေးက ရုတ်တရက် ကား အက်ဆီးဒန့်ဖြစ်ကာ ဆုံးပြန်ပြီ၊ ဒီတစ်ခါရော သစ်ထူးအိပ်မက်တွေ ဘာတွေ မက်ခဲ့သေးလား၊ ပြီးတော့ ... ဦးမော်လေး၏ပုံတူကိုများ သစ်ထူး ဂရပ်ဖစ်တီ ဆွဲခဲ့သေးသလား။ စိုးရိမ်စိတ်တို့ ရောပြွန်းကာ ပုံရိပ် အရမ်းသိချင်လာ၏။ အဲလိုမဟုတ်ပါစေနဲ့ဟူ၍လည်း ထပ်ကာ ဆုတောင်းမိပြန်သည်။

တွေးရင်းက ပုံရိပ် ဘယ်လိုမှ နေ၍မရတော့။ ချက်ချင်းပဲ ဖုန်း သွားယူကာ သစ်ထူးဆီ ဆက်လိုက်၏။ ဖြစ်ချင်တော့ ဆက်သွယ်မှုမရှိယာ မြည်သို့ ရောက်နေပြန်သည်။ တောက် ! ...။ အရေးရယ် အကြောင်းရယ် ဆို ဒီဖုန်းလိုင်းက ရှိုးရာမပျက်ကျပ်ပြီ။

အထပ်ထပ်ခေါ်ကြည့်သော်လည်း မရသဖြင့် စိတ်ထဲက ပို၍ နေ ဆို ထိုင်မသာ ဖြစ်လာ၏။ စဉ်းစားရင်း နာရီကြည့်လိုက်၏။ ညနေငါး နာရီထိုးလုပြီ၊ ဒီအချိန်ဆိုလျှင် သစ်ထူး စကိတ်ကွင်းမှာရှိလောက်သည်ဟု တွေးရင်း လိုက်သွားရန် ပုံရိပ် ဆုံးဖြတ်လိုက်ပါသည်။

■

www.burmeseclassic.com

www.burmeseclassic.com

## (၁၈)

စက်ိတ်ကွင်းရောက်တော့ ပိုရွှိစိတ်ပူပြန်သည်။ သစ်ထူးကို မတွေ့။ ချမ်းမြေ့အောင်နှင့်ကျော်ချစ်ဝင်းတို့ကတော့ ရှိနေကြသည်။ သူတို့ကို မေးကြည့်တော့ ရေရာတိကျသောအဖြေကို မရချေ။

"ခါတိုင်းနေ့တွေကတော့ ဒီကိုမလာခင် ထိုင်နေကျ အအေးဆိုင်မှာ ဆုံကြတာပဲ၊ အဲဒီကမှ ဒီကို အတူတူလာတာလေ"

"ဩော် . . . ဟုတ်လား၊ ဒါနဲ့ ကိုသစ် ဒီနေ့ရောက်မလာတော့ ရှင်တို့ ဖုန်းဆက်ကြည့်သေးလား"

ပုံရိပ်အမေးကြောင့် ကျော်ချစ်ဝင်းက ခေါင်းခါ၍ . . .

"ဟင့်အင်း . . . မဆက်ဖြစ်ဘူးဗျ၊ ဟိုလေ . . . မဆက်ဘူးဆိုတာကလည်း သူ့ကို ပုံရိပ်နဲ့အတူ ရှိနေမယ်လို့ ထင်လို့ပါ၊ ရည်းစားရသွားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတွေက အဲလိုပဲလေ၊ သိပ်မအားကြတော့ဘူး''

''အင်း ... ဒီနေ့ ပုံရိပ်ဆီလည်း မလာဘူးဆိုတော့ ဒီကောင် ဘယ်များသွားနေလည်း မသိဘူး။ ဒါနဲ့ ပုံရိပ်ကော ဖုန်းဆက်ကြည့်သေးလား''

ခေါင်းညိတ်ရင်း ပုံရိပ်က ...

''ဆက်ကြည့်တယ်၊ ဒါပေမဲ့ ... မရဘူး။ သူ့ဖုန်းက မအားဘူးဆဲ ပြနေတယ်၊ အဲဒါကြောင့် ဒီမှာ ရှိမလားဆိုပြီး လိုက်လာတာ''

စကားအဆုံးမှာ နှစ်ယောက်စလုံးက ပုံရိပ်ကို ပြုံးစိစိမျက်နှာလေး တွေနှင့် ကြည့်လာကြသည်။ အကြည့်က သစ်ထူးကို စိတ်မချဖြစ်နေတာ လားဆိုသည့်အထာမျိုး။ သူတို့ထင်သလို မဟုတ်ကြောင်း ရှင်းပြရန် ပြင် လိုက်ချိန်မှာပဲ ချမ်းမြေ့အောင်က ဖုန်းထုတ်လိုက်ရင်း ...

''ခဏလေး ပုံရိပ် ... ကျွန်တော် ဖုန်းနဲ့ ခေါ်ကြည့်လိုက်ဦးမယ်''

ပြောပြီး ချမ်းမြေ့အောင်က ဖုန်းခေါ်နေသည်။ သုံးလေးခါခေါ်ပြီးမှ ခေါင်းခါလိုက်ရင်း ...

''ဟုတ်တယ်ဗျ၊ သစ်ထူးဖုန်း ဘာဖြစ်နေလဲတော့ မသိဘူး။ တောက်လျှောက်ကို ခေါ်လို့မရတာ''

ပုံရိပ်က တစ်ချက်စဉ်းစားလိုက်ရင်း ...

''ဒါနဲ့ ... ကိုသစ် တခြားဘယ်တွေ သွားတတ်သေးလဲဟင်''

''အဲလိုလည်း မရှိပါဘူး ပုံရိပ်ရဲ့၊ ဒီကောင့်မှာက အပေါင်းအသင်း ဆိုလို့ ကျွန်တော်တို့ပဲ ရှိတာလေ၊ သူ ဘယ်သွားတတ်လည်းဆိုတာတောင် စဉ်းစားမရတော့ဘူး။ အင်း ... တစ်ခုတော့ ရှိတယ်၊ ဒီကောင် တစ်နေရာရာ မှာများ ဂရစ်ဖစ်တီ သွားဆွဲနေတာများလား''

ဂရစ်ဖစ်တီဆိုသည့်စကားကြောင့် ပုံရိပ်ခေါင်းထဲ လက်ခနဲဖြစ်သွား သည်။ ဟုတ်တယ်။ သစ်ထူး ဂရစ်ဖစ်တီ ဆွဲခဲ့သေးလား။ သွားကြည့်ရမယ်။

''ခဏလေးနော် ... ကိုချမ်းမြေ့တို့''

သူတို့နှစ်ယောက်ရှေ့မှ ချာခနဲ လှည့်ထွက်ကာ သစ်ထူး ဂရစ်ဖစ်တီ ဆွဲတတ်သည့် စက်တိကွင်းထဲရှိ အုတ်နံရံတွေဘက်ဆီသို့ အပြေးလေးသွား လိုက်သည်။

ထိုအုတ်နံရံနှင့် ဆယ်ပေလောက်အကွာရောက်ချိန်မှာပဲ နံရံဆီ လှည့်ကြည့်ရင်း ခြေလှမ်းတို့ရပ်ကာ တစ်ကိုယ်လုံး သွေးခဲသွားသလို ခံစား လိုက်ရလေ၏။

ပုံရိပ် လှမ်းမြင်နေရသည်က သစ်ထူး၏လက်ရာဟု အတတ်ပြော လို့ရသည့် ဂရစ်ဖစ်တီပုံတစ်ပုံ။ နံရံပေါ်မှ ဦးမော်လေးသည် ပုံရိပ်အား ခပ် စိမ်းစိမ်းကြည့်နေလေသည်။

ပုံရိပ် ချက်ချင်းထင်ကာ ဆုံးဖြတ်လိုက်မိသည်က ချမ်းမြေ့အောင်တို့ ထံတွင် လိပ်စာမေးကာ သစ်ထူးအိမ်သို့ လိုက်သွားရန်။

■





www.burmeseclassic.com

www.burmeseclassic.com

## (၁၉)

အိပ်ရာမှနိုးနိုးချင်း တစ်ခန်းလုံး မှောင်မည်းနေသဖြင့် ငါ ညဘက်ထိ အိပ်ပျော်သွားတာများလားဟု သစ်ထူး တွေးလိုက်မိသေးသည်။ လှူးလဲ ထကာ အိပ်ခန်းအပြင်ဘက် ထွက်ကြည့်လိုက်တော့မှ အလင်းလက်ကျန်ဖျော့ဖျော့ကို တွေ့ရ၏။ အိပ်ခန်းထဲ မှောင်နေရခြင်းက မီးပြတ်နေသောကြောင့် ဖြစ်သည်။

နာရီကြည့်လိုက်တော့ ငါးနာရီခွဲကျော်နေလေပြီ။ ဒီနေ့ ဘယ်လိုဖြစ်ပြီး ဒီလောက်အချိန်အထိ အိပ်ပျော်သွားသည်မသိ။ အိပ်ပျော်နေချိန် ဖုန်းလာလျှင်တော့ နိုးကောင်းနိုးဦးမည်။ ခုတော့ သူ့ဆီလည်း ဘယ်သူမှ ဖုန်းမဆက်ကြဘူး ထင်ပါ၏။

ဒီအချိန်ကျမှတော့ ကျော်ချစ်ဝင်းတို့လည်း စကီတ်ကွင်းက ပြန်



www.burmeseclassic.com

www.burmeseclassic.com



လောက်ပြီ။ ပုံရိပ်ဆီ ဖုန်းဆက်ဦးမှပဲဟု တွေးကာ ဖုန်းသွားယူလိုက်ပြီး ဖုန်းဖွင့်ကြည့်လိုက်တော့ ...

"ဟင်"

အရေးထဲ ဖုန်းက ပါဝါပိတ်နေပြန်၏။ ဖွင့်ကြည့်လိုက်တော့လည်း တစ်ချက်လင်းလာကာ ချက်ချင်းပြန်ပိတ်သွားသည်။ ဖုန်းအားကုန်နေခြင်း ဖြစ်၏။ သစ်ထူး စိတ်ညစ်သွားသည်။ လတ်တလော အားပြန်သွင်းရန်လည်း ကိုရွှေမီးက မလာချေ။ အရေးပေါ်ဖုန်းအားသွင်းလို့ရသည့် ပါဝါဘဏ့်လို ဟာမျိုးကိုလည်း မလိုအပ်ဘူးထင်၍ မဝယ်ထားမိ။ ပြီးပြီ။

ဘာလုပ်ရမည်မှန်းမသိဖြစ်နေချိန်မှာပဲ ဗိုက်က တဂွီဂွီဆာလာပြန်သည်။ အဆာပြေစားရန် ဘာလေး ညာလေးများရှိမလားဆိုသည့် အတွေးနှင့် ရေခဲသေတ္တာကို အားကိုးတကြီး ဖွင့်ကြည့်လိုက်၏။ ရေခဲရောဘူးမှလွဲ၍ ပြောင်သလင်းခါနေသော ရေခဲသေတ္တာကလည်း သူ့ကို မျက်နှာပြောင်ပြနေသလိုပင်၊ တောက်! ... တစ်ယောက်တည်း နေရတာ အဆင်ကိုမပြေဘူးဟု တွေးရင်းက ပုံရိပ်ကို ထပ်ကာ သတိရမိသွား၏။

သို့နှင့် ...

မီးပြတ်၊ ဗိုက်ဆာ၊ ဖုန်းအားမရှိ၊ ပုံရိပ်ကို သတိရ၊ ထိုလေးခုကို အကြောင်းပြုပြီး တစ်ခုခုလုပ်မှဖြစ်တော့မည်ဟု သစ်ထူး တွေးလိုက်သည်။

ပထမဆုံး လမ်းထိပ်သို့ အရင်ထွက်လိုက်မည်။ ဖုန်းဆိုင်တစ်ဆိုင်မှာ ဘက်ထရီအပိုတစ်ခု ဝင်ဝယ်လိုက်မည်။ ပြီး ... ချစ်သူဆီ ဖုန်းဆက်ပြီးမှ ဆိုင်တစ်ဆိုင်ဝင်ကာ ဗိုက်ဖြည့်မည်ပေါ့။ အတွေးနှင့်တော့ သာသာယာယာ ဖြစ်သွားသည်။





တိုက်ခန်းတံခါးပိတ်ကာ အပြင်ထွက်လိုက်တော့ မှောင်စပျိုးနေလေပြီ။ လမ်းမီးတွေပါ တက်ညီလက်ညီ လိုက်ပြတ်နေသဖြင့် ပတ်ဝန်းကျင်က ပို၍မှောင်နေသလိုပင်။

လမ်းထိပ်ရောက်တော့ ဖုန်းဆိုင် အရင်ဝင်ကာ ဖုန်းအမျိုးအစားပြောပြီး ဘက်ထရီအပိုတစ်လုံး ဝယ်လိုက်၏။ သို့သော် ဖုန်းထဲကို ချက်ချင်း မထည့်ဖြစ်သေး။ ဗိုက်က လှပ်ခနဲ လှပ်ခနဲဖြစ်ကာ အသားကုန် ဆာလာသည်မို့ လမ်းထိပ်ရှိ ဆိုင်တစ်ဆိုင်ဝင်ကာ ထမင်းပေါင်းတစ်ပွဲ အရင်ခေါ်လိုက်သည်။

စားသောက်အပြီး နေသာထိုင်သာ ရှိသွားတော့မှ ဘက်ထရီအဟောင်းကို ဖြုတ်ကာ ဝယ်လာသော ဘက်ထရီအသစ်ကို လဲထည့်လိုက်သည်။

ပါဝါဖွင့်ကြည့်လိုက်တော့ ကိုရွှေဖုန်းလည်း သူ့လိုပင် ဗိုက်ပြည့်ကာ အားရှိသွားသည်ထင့်။ ချက်ချင်း မီးလင်းလာပါသည်။

ပိုက်ဆံရှင်းကာ ဆိုင်ထဲမှ ထွက်ခဲ့လိုက်၏။ တိုက်ခန်းရှိရာသို့ လမ်းလျှောက်ပြန်ရင်း ပုံရိပ်ဆီ ဖုန်းဆက်ရန် သတိရလာသည်။

ထိုအချိန်တွင် မှောင်နေသော လမ်းကြားလေးထဲသို့ ကားတစ်စီး မောင်းဝင်လာပါသည်။ သူ့နောက်နား ဆယ်ပေလောက်အကွာတွင် ထိုကားရပ်လိုက်သည်ကို သစ်ထူး သတိမထားမိလိုက်။ ပုံရိပ်ဆီ ဖုန်းခေါ်ရန်ပဲ အာရုံရောက်နေသည်။ ဖုန်းထုတ်ကာ လော့ခ် (Lock) ဖွင့်လိုက်ချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ဖုန်းဝင်လာပါသည်။ ချစ်သော ပုံရိပ်ဆီက ...

သစ်ထူး ချက်ချင်းပဲ ဖုန်းကိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲလို ... ပုံရိပ် ကိုယ်တောင် ..."

စကားမဆုံးလိုက်။ တစ်ဖက်မှ ပုံရိပ်က စိုးရိမ်သော အရေးတကြီး လေသံဖြင့် ...

"ကိုသစ် ... ကိုသစ် ... ဘယ်ရောက်နေတာလဲ၊ ဘယ်ကိုပဲ ရောက်နေရောက်နေ ခု ကိုသစ်အခန်းကို ပြန်လာခဲ့ပါ၊ ခု ပုံရိပ်တို့ ကိုသစ် ဆီ လာနေကြတယ်၊ အိမ်မှာရှိရင်လည်း စောင့်နေနော်၊ အရေးကြီးတယ်"

ပုံရိပ်စကားကြောင့် သစ်ထူး အံ့ဩသွားရပြီး ...

"ပုံရိပ် ... ဘာဖြစ်နေတာလဲ၊ ကိုယ့်ကို ပြောဦးလေ၊ ဘာဖြစ်လဲ ဆိုတာ"

တစ်ဖက်က ပုံရိပ်စကားကို နားစွင့်နေလိုက်သော်လည်း သစ်ထူး မကြားလိုက်ရတော့ချေ။

ထိုအချိန်မှာပဲ ဒုတ်ခနဲမြည်သံနှင့်အတူ နောက်စေ့မှ အလွန်အမင်း နာကျင်သွားရင်း သစ်ထူးအာရုံထဲ မှောင်အတိကျသွားရလေသည်။

လက်ထဲမှ လွင့်ထွက်သွားသည့် ဖုန်းဆီမှ ကိုသစ် ... ကိုသစ် ... ဆိုသည့် စကားသံလေးက ခပ်ရှူးရှူး ထွက်ပေါ်နေဆဲ။

လက်အိတ်စွပ်ထားသည့် လက်တစ်ဖက်က လမ်းမပေါ်မှ ဖုန်းကို ကောက်ယူကာ ပါဝါပိတ်ချလိုက်လေသည်။

■



## (၂၀)

ကားနောက်ခန်းဆီမှ ကြားလိုက်ရသော ပုံရိပ်ဖုန်းပြောသံကြောင့် ချမ်းမြေ့အောင်က ကားကို တုံ့ခနဲရပ်လိုက်သည်။ သစ်ထူးတိုက်ခန်းရှိရာသို့ အလာတွင် ပုံရိပ် စိတ်လှုပ်ရှားနေသဖြင့် ချမ်းမြေ့အောင်က ကားမောင်းလာခဲ့ခြင်း ဖြစ်၏။ ခုလည်း ပုံရိပ်ကို ပြန်မေးလိုက်သည်။

"ပုံရိပ် ... သစ်ထူးနဲ့ ဖုန်းရပြီလား၊ ဘာ ... ဘာတဲ့လဲဟင်"

ပုံရိပ်က စိုးရိမ်ပူပန်နေသည့် မျက်နှာလေးဖြင့် ...

"သူ့ဆီ ဖုန်းတောက်လျှောက်ခေါ်ကြည့်နေတာ၊ ခုနက ဖုန်း[illegible] သွားတယ်"

"အင်း ... ကျွန်တော်လည်း ပုံရိပ်ပြောတာ ကြားလို့ [illegible] ဘယ်မှာတဲ့လဲ"



www.burmeseclassic.com

www.burmeseclassic.com

ပုံရိပ်က ခေါင်းခါရင်း . . .

"ကိုချမ်းမြေ့တို့ ကြားလိုက်ရသလောက်ပဲ ကျွန်မ ပြောလိုက်ရတာ၊ သူ့ဘက်က ဘာပြန်ပြောမှန်း သေသေချာချာ မကြားလိုက်ရဘူး၊ ပြီးတော့ . . . ဖုန်း ချက်ချင်းပိတ်လိုက်တယ်"

"ဟင်"

"ဒုက္ခပါပဲဗျာ၊ ဒီကောင် ဘာတွေလျှောက်လုပ်နေတာလည်း မသိဘူး။ ကျွန်တော်တို့တောင် စိတ်ပူလာပြီ"

"ကဲပါကွာ . . . ဒီကောင့်အခန်းရောက်တော့မှာပဲ၊ အဲဒီကိုသာ အရင်မောင်းတော့၊ တွေ့ရင်တော့ ဒင်းကို နားပန်ကျင်းလိုက်ဦးမယ်"

ကျော်ချစ်ဝင်း၏ရှူးရှူးပြောသံအဆုံးမှာ ချမ်းမြေ့အောင်က ကားကို ပြန်မောင်းထွက်လိုက်သည်။ ပုံရိပ်မှာတော့ ဘာမှဝင်မပြောနိုင်လောက်အောင် စိုးရိမ်စိတ်က ငယ်ထိပ်ရောက်နေလေပြီ။

တိုက်ခန်းရှေ့ရောက်တော့ ကားရပ်လိုက်ရင်း ချမ်းမြေ့အောင်က

"ကျော်ချစ်ဝင်း . . . မင်း ပုံရိပ်နဲ့ အောက်က ခဏစောင့်နေလိုက်၊ ငါ အပေါ်တက်ကြည့်လိုက်ဦးမယ်"

စကားအဆုံးမှာ ပုံရိပ်က တိုက်ခန်းဆီ မော်ကြည့်လိုက်ရင်း . . .

"မနေခဲ့ဘူး ကိုချမ်းမြေ့၊ ကျွန်မလည်း လိုက်ခဲ့မယ်"

"ကဲ . . . ဒါဆိုလည်း လာဗျာ၊ ကျွန်တော်တို့ သုံးယောက်စလုံး သွားကြည့်မယ်"

သုံးလွှာရှိ သစ်ထူးနေသည့် အခန်းဆီသို့ သုံးယောက်သား တက်လာခဲ့ကြသည်။ စိုးရိမ်စိတ်ဖြင့် အပြေးတစ်ပိုင်း တက်လာကြသော သူတို့အား အပေါ်မှနေ၍ ရင်ဝကို ဆောင့်ကန်းလိုက်သလိုပင်။ သံပန်းတံခါးတွင် အပြင်ဘက်မှ ခတ်ထားသော သော့ခလောက်ကြီးက ဆီးကြိုနေလေသည်။

ပုံရိပ်က ငိုမဲ့မဲ့မျက်နှာဖြင့် . . .

"ကို . . . ကိုချမ်းမြေ့ . . . သူ . . . သူ . . . ဒီမှာလည်း မရှိဘူး။ ဘယ်လိုလုပ်ကြမလဲဟင်"

ချမ်းမြေ့အောင်က တစ်ချက်စဉ်းစားလိုက်ပြီးမှ ပုံရိပ်ကိုကြည့်ကာ

"အင်း . . . ဒီကောင်ပျောက်နေတာရယ်၊ ခုနကလည်း ဖုန်းပိတ်လိုက်တယ်ဆိုတော့ တစ်ဖက်မှာ အရေးကြီးကိစ္စ တစ်ခုခုလုပ်နေလား မသိဘူး။ ဒါပေမဲ့ . . . ပုံရိပ် ဖုန်းခေါ်ထားမှန်း သူသိတာပဲ၊ ပြန်တော့ ခေါ်ပါလိမ့်မယ်"

"မ . . . မခေါ်ရင်ကောဟင်"

ပုံရိပ်အမေးကြောင့် ကျော်ချစ်ဝင်းက ပြုံးစပဟန်ဖြင့် ကြည့်လာရင်း

"ခေါ်မှာပါ ပုံရိပ်ရယ်၊ အဲလောက်လည်း စိတ်မပူပါနဲ့၊ သစ်ထူးက ကလေးမှ မဟုတ်တာ၊ ပြီးတော့ . . . နှစ်ရက်,သုံးရက်လောက် အဆက်အသွယ်မရဘဲ ပျောက်နေတာမျိုးလည်း မဟုတ်ဘူးလေ"

ပုံရိပ် သက်ပြင်းသာ ကျိတ်ချလိုက်ရသည်။ ပုံရိပ်က သစ်ထူးနှင့် ပတ်သက်ပြီး သူ ဘာကြောင့် ဒီလောက်စိုးရိမ်ပူပန်နေသည်ကို ပြောပြဖို့ စဉ်းစားလိုက်သေးသည်။ သို့သော် . . . ချမ်းမြေ့အောင်တို့က ယုံကြမည် မဟုတ်။ တကယ်တမ်း သူမသာ သူတို့နေရာမှာဆိုလျှင်လည်း လက်ခံမိမည် မဟုတ်ချေ။

ထို့ကြောင့် လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး . . .







www.burmeseclassic.com

www.burmeseclassic.com

"အင်းလေ ... ကိုသစ်မှာ အရေးတကြီးကိစ္စ တစ်ခုခုရှိနေလို့ ဖြစ်မှာပါ၊ ဒါပေမဲ့လေ ... ရှင်တို့လည်း သူသွားတတ်တဲ့နေရာတွေကိုတော့ သွားရှာကြည့်ပေးပါနော်၊ အဆက်အသွယ်ရရင်လည်း ကျွန်မဆီ ချက်ချင်း အကြောင်းကြားပေးပါ"

ချမ်းမြေ့အောင်က ခေါင်းညိတ်ပြရင်း ...

"စိတ်ချပါ ပုံရိပ်ရယ်၊ ဒီကောင့်ကို တွေ့ရင် ပုံရိပ်ဆီ ကုတ်ဆွဲပြီး ခေါ်လာခဲ့မယ်၊ ဘာမှ စိတ်မပူနဲ့၊ စိတ်အေးအေးထားပြီး အိမ်ပြန်လိုက်တော့နော်၊ အပြင်မှာ တော်တော်လည်း မှောင်နေပြီ"

"ဟုတ်ကဲ့ ... ကျေးဇူးပဲနော် ကိုချမ်းမြေ့"

တိုက်ခန်းအောက်ရောက်တော့ ကားမောင်းပြီး ပုံရိပ် ပြန်ထွက်လာခဲ့သည်။ စိတ်ထဲမှာတော့ ခုလို သစ်ထူး ပျောက်နေသောကိစ္စသည် ဂရစ်ဖစ်တီပုံတွေနှင့် မပတ်သက်ဘဲ သွေးရိုးသားရိုးဖြစ်ပါစေဟူ၍ ဆုတောင်းနေမိသာ တတ်နိုင်ပါတော့သည်။

■

## (၂၁)

"ဗွမ်း!"

မျက်နှာပေါ် အရှိန်ပြင်းပြင်း ထိမှန်လာသော ရေစက်တွေ၏အထိ အတွေ့ကြောင့် သစ်ထူး မေ့နေရာမှ သတိရလာသည်။

သတိရရချင်း ခေါင်းဆီက နာကျင်မှုနှင့်အတူ တစ်ကိုယ်လုံး တင်းကျပ်စွာ ချုပ်နှောင်ခံထားရသည့်ကိုလည်း ခံစားမိလိုက်၏။

"ငါ ဘာဖြစ်နေတာလဲ၊ ဘယ်ရောက်နေတာလဲ"

စိတ်ကို တည်ငြိမ်အောင်ထိန်းရင်း ကိုယ့်ကိုယ်ကိုယ် အရင်ဆန်းစစ်လိုက်၏။ သူသည် မီးရောင်မှိန်ပျပျထွန်းထားသော ဂိုဒေါင်တစ်ခုအတွင်းသို့ ရောက်နေပြီး ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်လျက် အနေအထားဖြင့် ချုပ်နှောင်ခံထားရခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



“ဘာဖြစ်တာလဲ ... ငါ့ကို ဘာဖြစ်လို့ ခုလို ဖမ်းထားတာလဲ”

စဉ်းစားရင်းက ခန္ဓာကိုယ်ကို လှုပ်ကာ အားစိုက်၍ ရုန်းကြည့်လိုက်သည်။ မရ။ ထုတ်ထားသော လက်ပြန်ကြိုးက တင်းနေပြီး ခြေထောက်အစုံကိုလည်း ထိုင်ခုံ၏ခြေထောက်နှင့်ကပ်ကာ ကြိုးချည်ထားသေးသည်။

ဘေးဘီကို ဝေ့ကြည့်လိုက်တော့မှ ရေပုံးကိုင်ထားသည့် လူတစ်ယောက်ကို တွေ့လိုက်ရလေ၏။ ထိုလူက ခပ်မှုံမှုံမျက်နှာပေးနှင့် သစ်ထူးကို ပြန်ကြည့်နေသည်။

ကိုယ့်ထက် အသက်အရွယ်နည်းနည်းလောက် ကြီးမည်ဟု ထင်ရသည့် ထိုလူကို သစ်ထူး မသိချေ။ မြင်လည်း မမြင်ဖူးပါ။

သို့သော် ...

လက်ရှိအနေအထားကို စဉ်းစားရင်း သစ်ထူး ခပ်တင်းတင်းကြည့်ကာ မေးလိုက်၏။

“ဗျော့လူ ... ခင်ဗျားက ဘယ်သူလဲ၊ ဘာဖြစ်လို့ ကျုပ်ကို ခုလို ဖမ်းထားတာလဲ၊ မင်းမဲ့တိုင်းပြည် မဟုတ်ဘူးနော်၊ ကျုပ်ကို အခုလွှတ်ပေး”

အော်ပြောရင်း သစ်ထူး ထပ်ရုန်းလိုက်သည်။ ထိုင်နေသော ခုံ အနည်းငယ် ရွေ့သွားသည်မှအပ ဘာမှမထူးခြား။

ထိုလူက သစ်ထူးကို ကြည့်ကာ သဘောကျသလို ရယ်နေသေးသည်။

“ဟား ဟား ... ဖြည်းဖြည်းမေးပါ သစ်ထူးရာ၊ ငါကလည်း ပြောချင်လွန်းလို့ကို မင်း သတိပြန်ရလာအောင် မစောင့်ဘဲ ရေနဲ့ပက်ပြီး နှိုးလိုက်တာပါကွ”





ပြောပြီး လက်ထဲတွင် ကိုင်ထားသည့် ရေပုံးကို အသာချထားလိုက်သေးသည်။ ပြီးမှ သစ်ထူးနှင့် တစ်ပေအကွာလောက်မှာ မျက်နှာချင်းဆိုင်လာရပ်ရင်း ...

“ငါ့နာမည်တော့ မှတ်ထားပေါ့ကွာ၊ ရဲစိုးတဲ့၊ အေး ... ခု မင်း ဒီနေရာ၊ ဒီအချိန်မှာ ဒီလိုအဖမ်းခံနေရတဲ့အကြောင်းကတော့ မင်းဆွဲခဲ့တဲ့ ဂရပ်ဖစ်တီပုံတွေကြောင့်ပဲ”

“ဟာ ... ဘာတွေလာပြောနေတာလဲ၊ ခင်ဗျားကို ကျုပ် မသိဘူးနော်၊ ကျုပ်ဟာကျုပ် ဂရပ်ဖစ်တီဆွဲတာ ဘာဖြစ်လို့လဲ”

“သိပ်ဖြစ်တာပေါ့ကွ၊ ဖြစ်တယ်၊ မင်း နောက်ဆုံးဆွဲခဲ့တဲ့ လူပုံတွေက ဘာစိတ်ကူး၊ ဘာရည်ရွယ်ချက်နဲ့ ဆွဲခဲ့တာလဲ၊ အဲဒါကို ငါ သိချင်တယ်”

သစ်ထူး စိတ်ရှုပ်သွားရသည်။

“ဒီမှာ ကျုပ် ရှင်းရှင်းပဲပြောမယ်၊ ခင်ဗျား ခုနကပြောတဲ့ ပုံနှစ်ပုံထဲက လူတွေကိုလည်း ကျုပ် မသိဘူး၊ အပြင်မှာလည်း မမြင်ဖူးဘူး။ ကျုပ်စိတ်ကူးနဲ့ကျုပ် ဆွဲခဲ့တာ၊ အဲဒီပုံတွေနဲ့တူတဲ့လူတွေ အပြင်မှာ ရှိ၊ မရှိတောင် ကျုပ် မသိဘူး”

ရဲစိုးမျက်နှာက ပိုတင်းမာသွားသည်။

“ဘာကွ ... မင်း ငါ့ကို လာဖြီးမနေနဲ့ သစ်ထူး၊ အဲဒီလူတွေဟာ အပြင်မှာ တကယ်ရှိတယ်၊ ဒါပေမဲ့ ... ခုတော့ လောကကြီးမှာ မရှိတော့ဘူးပေါ့ကွာ၊ ငါသိချင်တာက ရှင်းရှင်းလေးပါ၊ မကြာခင် သေရမယ့် လူတွေပုံကို မင်း ဘယ်လိုကြိုမြင်ပြီး ဆွဲခဲ့တာလဲဆိုတာပဲ”

“ဘာဗျ၊ ခင် ... ခင်ဗျား ဘာကိုဆိုလိုတာလဲ၊ အဲဒီလူတွေက



www.burmeseclassic.com

www.burmeseclassic.com



အပြင်မှာရှိတယ်၊ ပြီးတော့ . . . ကျုပ်က သူတို့ပုံတွေကို ဆွဲပြီးမှ သေသွားကြတာ ဟုတ်လား''

''အေး . . . အမှန်ပဲ သစ်ထူး၊ ပထမ တစ်ပုံတုန်းက တိုက်ဆိုင်တယ်လို့ ငါ ထင်ခဲ့တာ၊ ခု နောက်တစ်ပုံ မင်းက ထပ်ဆွဲလိုက်တော့ ငါ့အတွက် စိုးရိမ်စရာဖြစ်လာတယ်''

ဖမ်းခံနေရသည့်ကြားထဲ ရဲစိုး၏ထူးဆန်းသောစကားတွေကြောင့် သစ်ထူး အံ့ဩလာရသည်။ သူ အိပ်မက်မက်ပြီး ဆွဲခဲ့သောပုံတွေထဲက လူတွေနှင့် ရဲစိုး ဘယ်လိုပတ်သက်နေသနည်း။ ပို၍အံ့ဩစရာကောင်းတာက ထိုလူတွေသည် အပြင်မှာ တကယ်ရှိနေခဲ့ပြီး သူပုံဆွဲပြီးတော့မှ သေသွားကြသည်တဲ့။

သစ်ထူး စိတ်ရှုပ်စွာ ခေါင်းခါယမ်းလိုက်သည်။

''မဖြစ်နိုင်ဘူးဗျာ၊ ခင်ဗျား ဘာတွေပြောနေတာလဲ၊ ခင်ဗျားပြောတာတွေဟာ ဟုတ်တယ်ဆိုရင်တောင် ကျုပ်နဲ့ ဘာဆိုင်လို့ ခုလို ဖမ်းထားတာလဲဗျ၊ လွှတ်ပေးပါဗျာ၊ ကျုပ် တောင်းပန်ပါတယ်''

ရဲစိုးမျက်နှာက တည်သွားသည်။ ပြီး . . . သစ်ထူးကို စိုက်ကြည့်လာရင်း . . .

''လွှတ်ပေးမှာပါ၊ ဒါပေမဲ့ . . . ခုတော့ မဟုတ်သေးဘူး သစ်ထူး မင်း ဂရပ်ဖစ်တီ ဆွဲရဦးမယ်၊ ဆွဲတာကလည်း ဒီအခန်းထဲမှာပဲ ဆွဲရမှာကွ ငါသိချင်တာက မင်း ထပ်ဆွဲတဲ့ပုံတွေထဲက လူတွေဟာ သေ,မသေ ငါသိချင်တယ်၊ ပြီးတော့ . . . မင်းကို ခုလို ဖမ်းထားတဲ့ နောက်တစ်ချက်က မင်း အဲဒီလိုပုံတွေ အပြင်မှာ ထပ်ဆွဲရင် ငါ့အတွက် အန္တရာယ်ရှိလာနိုင်





တယ်လေ၊ ဒီတော့ . . . မင်း ခဏတော့ သည်းခံလိုက်ဦးပေါ့ကွာ . . . ဟားဟား''

ပြောရင်း ရယ်လိုက်သော ရဲစိုးကို သစ်ထူး နားမလည်စွာ ကြည့်နေမိသည်။ ပြောသည့်အကြောင်းအရာတွေက ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ လောလောဆယ်မှာ ရဲစိုးပုံစံကတော့ မူမမှန်တာ အမှန်ပဲဖြစ်သည်။

''ဒီမှာဗျ . . . ခင်ဗျားပြောနေတာတွေဟာ သိပ်တော့ အခြေအမြစ်မရှိဘူးနော်၊ ပြီးတော့ ကျုပ်ကို ခုလို ဖမ်းထားတာကလည်း ရာဇဝတ်မှုဆိုတာ သိရဲ့လား''

''အဲဒါတွေ ငါ နားမလည်ဘူး သစ်ထူး၊ ငါသိချင်တာ မင်း ဒီအခန်းထဲမှာ ဘယ်သူ့ပုံ ထပ်ဆွဲမလဲဆိုတာပဲ''

''ဟာ . . . ဘာတွေလဲဗျာ၊ ခင်ဗျား ရူးနေပြီဗျ၊ ရူးနေလို့ ခုလိုတွေ လျှောက်လုပ်နေတာ၊ ကျုပ်ကို အခုလွှတ်ပေးဗျာ . . . လွှတ်ပေး၊ ဟေ့လူ''

အော်ပြောရင်း သစ်ထူး ထပ်ကာရုန်းလိုက်သည်။ သို့သော်လည်း အချည်းအနှီး၊ ချည်နှောင်ထားသော ကြိုးတွေက တင်းမြဲတင်းကျပ်နေသည်။

ရဲစိုးက စူးစူးရဲရဲစိုက်ကြည့်ကာ သစ်ထူးရှေ့သို့ ကပ်လာပြီး . . .

''သိပ်မရုန်းနဲ့ကွ၊ မင်း ရုန်းလည်း အလကားပဲ၊ အသားနာတာပဲရှိမယ်၊ ပြီးတော့ သိပ်လည်းမအော်နဲ့ကွာ၊ မင်းအော်တာကို တခြားလူတွေ မကြားနိုင်ပေမယ့် ငါ နားငြီးတယ်''

''နားငြီးလည်း လဲသေလိုက်ဗျာ၊ ကျုပ်ကတော့ အော်မှာပဲ၊ ကယ်ကြပါဦးဗျို့ . . . ဒီမှာ ကျွန်တော့်ကို . . .''



www.burmeseclassic.com

www.burmeseclassic.com



သစ်ထူး၏အော်သံက မဆုံးလိုက်။ ဟာ . . . ဒီကောင်တော့ . . . ဆိုသည့်စကားသံနှင့်အတူ ရဲစိုး၏လက်သီးတစ်လုံး မျက်နှာဆီ ပြေးဝင်လာတာကိုပဲ သစ်ထူး နောက်ဆုံးမှတ်မိလိုက်လေသည်။

မျက်လုံးထဲ ဝင်းခနဲဖြစ်သွားပြီး နာကျင်မှုနှင့်အတူ အမှောင်ထုဆီ။

## (၂၂)

နောက်နေ့ညနေပိုင်းလောက်ကျမှ ရဲစိုး ဂိုထောင်ဆီသို့ ပြန်ရောက်လာသည်။ ထိုအချိန်တွင် သစ်ထူးတစ်ယောက် အတော်ပင် အားအင်ကုန်ခမ်းကာ တစ်ကိုယ်လုံး ကိုက်ခဲနေပြီဖြစ်၏။ တစ်ညလုံး ချုပ်နှောင်ခံထားရသဖြင့် စိတ်ကလည်း အသားကုန် တိုနေလေပြီ။

ဒီအချိန်ဆိုလျှင် သူနှင့်အဆက်အသွယ်မရ၍ ပုံရိပ်နှင့် သူငယ်ချင်းတွေလည်း လိုက်စုံစမ်းနေလောက်ပြီ။ ရဲစခန်းဆီသွားကာ လူပျောက်သွားတိုင်ထားပြီလားမသိ။

ရဲစိုးက သစ်ထူးကို တစ်ချက်ကြည့်လိုက်ပြီးမှ လက်ထဲတွင် ကိုင်လာသည့် ကြွပ်ကြွပ်အိတ်တွေကို အရင်နေရာချလိုက်သည်။ ဘာတွေယူလာတာလဲတော့ မသိ။



www.burmeseclassic.com

www.burmeseclassic.com



"သစ်ထူး . . . မင်းကို ကြည့်ရတာ အတော်လေး စိတ်တိုနေတဲ့ ပုံပဲကွာ၊ အေးလေ . . . ငါသာ မင်းနေရာမှာဆိုရင်လည်း တင်းမှာပဲကွ၊ ဒါပေမဲ့ . . . သိပ်မကြာတော့ပါဘူးကွာ၊ မနက်ဖြန်ဆိုရင် မင်းကို ငါ လွှတ်ပေးပါ့မယ်"

သစ်ထူးက ဘာမှမပြောဘဲ စူးစူးဝါးဝါး ပြန်ကြည့်ရင်း တက်ခေါက်လိုက်သည်။ ရဲစိုးက သူ့တက်ခေါက်သံကို ဂရုစိုက်ဟန်မပြ။ မကြာသည့် ပုံစံဖြင့် ထိုင်ခုံတစ်လုံးသွားယူကာ သစ်ထူးနှင့် မျက်နှာချင်းဆိုင်တွင် အသာချထားလိုက်သည်။

ပြီး . . . သူယူလာသော ကြွပ်ကြွပ်အိတ်တွေကို ဖွင့်ကာ ပစ္စည်းတွေ ထုတ်တော့၏။

တစ်အိတ်မှ အရက်ပုလင်း၊ ရေဘူးနှင့် စားသောက်စရာတွေ ထွက်လာပြီး နောက်တစ်အိတ်ထဲကတော့ ဂရစ်ဖစ်တီဆွဲရာတွင်သုံးသည့် မှုတ်ဆေးဘူးရောင်စုံတွေ ထွက်လာသည်။

ထိုပစ္စည်းတွေကို သေသေချာချာနေရာချလိုက်ပြီးမှ အရက်ပုလင်းဖွင့်ကာ ဖန်ခွက်ထဲသို့ အရက်နှင့်ရေ ရောထည့်လိုက်သည်။ ထိုခွက်ထဲမှ အရက်ကို အရင်မော့ချလိုက်၏။ ပြီး . . . နောက်တစ်ခွက် ရောစပ်လိုက်ကာ ခွက်ကိုင်ပြီး သစ်ထူးရှေ့မှ ခုံတွင် ဝင်ထိုင်လိုက်၏။

သစ်ထူးက . . .

"ကိုရဲစိုး . . . ကျွန်တော့်ကို လွှတ်ပေးပါဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်၊ ခင်ဗျားအပေါ်မှာ ကျွန်တော် မကောင်းတာ ဘာမှမလုပ်ခဲ့ဖူးပါဘူး"

လေသံပျော့ပျော့နှင့် တောင်းပန်စကား ဆိုလိုက်သည့်သူ့ကို ရဲစိုးက





ရီဝေပြီး သွေးအေးသောမျက်ဝန်းတွေဖြင့် ပြန်ကြည့်လာသည်။ ပြီး . . . အေးစက်စက်လေသံနှင့် . . .

"ငါ မင်းကို ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ် သစ်ထူး၊ စိတ်ကူးယဉ်ဇာတ်လမ်း မဟုတ်ပေမယ့် မင်း နားထောင်လို့ ကောင်းမှာပါ၊ လွန်ခဲ့တဲ့ နှစ်ငါးဆယ်လောက်ကပေါ့ကွာ . . . ဦးရဲနောင်ဆိုတဲ့ လူတစ်ယောက်ရှိတယ်၊ အတော်ချမ်းသာတဲ့ စီးပွားရေးလုပ်ငန်းရှင်တစ်ယောက်ပဲ ဆိုပါတော့၊ သူ့မှာ ဆွေမျိုးသားချင်းအနေနဲ့ ထူးနောင်ဆိုတဲ့ ညီနောင်တစ်ယောက်ရှိတယ်၊ ဒါပေမဲ့ . . . အဲဒီ ထူးနောင်ဆိုတဲ့လူက ဘာအလုပ်မှ လက်ကြောတင်းအောင် မလုပ်တဲ့ သူ့အစ်ကိုအိမ်မှာ ကပ်နေတာ၊ အကျင့်စရိုက်ကလည်း မကောင်းဘူး၊ အစ်ကို့ဆီက ပိုက်ဆံကို အမျိုးမျိုးတောင်းပြီး အရက်သောက်၊ လောင်းကစားလုပ်၊ သုံးဖြုန်းနေတဲ့လူ၊ ဒီကြားထဲ မိန်းမက ယူထားသေးတယ်၊ ဒါပေမဲ့ . . . ညီတစ်ယောက်တည်းရှိတာဆိုတော့ အစ်ကိုကလည်း ဘာမှမပြောဘဲ လွှတ်ထားတာပေါ့၊ အဲဒီ ဦးရဲနောင်ရဲ့အိမ်ကြီးမှာ ဦးရဲနောင်တို့လင်မယားရယ်၊ ဦးထူးနောင်တို့ လင်မယားရယ်၊ အတူတူနေကြတယ်၊ ပြီးတော့ . . . အိမ်မှာ လက်တိုလက်တောင်းခိုင်းဖို့ ခေါ်ထားတဲ့ မော်ကြီးနဲ့မော်လေးတို့ ညီအစ်ကိုနှစ်ယောက်ရယ်၊ အိမ်ဖော် ဒေါ်တိုးဆိုတဲ့ မိန်းမကြီးလည်း ရှိသေးတယ်၊ တိုက်တိုက်ဆိုင်ဆိုင်ဆိုသလို အဲဒီအချိန်မှာ ဦးရဲနောင်နဲ့ဦးထူးနောင်တို့ရဲ့ မိန်းမတွေမှာ နေစေ့လစေ့ ကိုယ်ဝန်တွေလွယ်ထားရတယ်၊ မွေးခါနီး ဖွားခါနီးပေါ့ကွာ"

စကားကို ခဏရပ်ရင်း ရဲစိုးက အရက်မော့သောက်လိုက်သေးသည်။ ပြီး . . . ရီဝေဝေမျက်ဝန်းတွေဖြင့် ဆက်ပြောလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဖြစ်ချင်တော့ . . . အဲဒီလို အိမ်မှာရှိတဲ့ မိန်းမတွေ မီးဖွားဖို့ နီးလာတဲ့အချိန်မှာပဲ ဦးရဲနောင်က ခရီးသွားဖို့ အရေးတကြီးကိစ္စ ပေါ်လာတယ်၊ အလုပ်ကိစ္စနဲ့ နယ်ကို တစ်ပတ်လောက်သွားရမှာ၊ မသွားမဖြစ်တဲ့ကိစ္စဆိုတော့လည်း သူ့ညီနဲ့ အိမ်မှာရှိတဲ့ လူတွေကို သေသေချာချာ မှာခဲ့တာပေါ့၊ အဓိက,ကတော့ မကြာခင် မီးဖွားတော့မယ့်မိန်းမတွေကို အထူးဂရုစိုက်ဖို့ပေါ့ကွာ၊ ပိုက်ဆံတွေလည်း အလုံအလောက်ပေးခဲ့တယ်၊ အဲ . . . ဦးရဲနောင်ခရီးသွားပြီး နှစ်ရက်လောက်အကြာမှာပဲ အမျိုးသမီးနှစ်ယောက်စလုံး တစ်ရက်တည်း မီးဖွားကြတယ်၊ အိမ်မှာပဲ ဆရာဝန်ခေါ်ပြီး မွေးကြတာကွ၊ ဦးထူးနောင်မိန်းမက ချောချောမောမော မွေးနိုင်ပေမယ့် ဦးရဲနောင်မိန်းမကတော့ နှလုံးရောဂါအခံရှိလို့ အတော်ကြီးကို ခက်ခက်ခဲခဲ မွေးလိုက်ရတယ်၊ ကလေးမွေးပြီးတဲ့အချိန်မှာ ဦးရဲနောင်မိန်းမဟာ သတိရတစ်ချက်၊ မရတစ်ချက်နဲ့ပေါ့၊ နာရီပိုင်းလောက်ပဲခြားပြီး မွေးတဲ့ကလေးတွေက နှစ်ယောက်စလုံး ယောကျ်ားလေးတွေချည်းပဲ၊ အဲဒီ အချိန်မှာပဲ ဦးထူးနောင်ဟာ သူတို့တဝရော သူ့သားဘဝနဲ့ ရှေ့ရေးအတွက်ပါ တွေးပြီး အကောက်ကြံဖို့ စီစဉ်တော့တာပဲ"

"ဟင် . . . ဘယ် . . . ဘယ်လို စီစဉ်တာလဲဗျ"

နားထောင်နေရင်းက စိတ်ဝင်စားလာသဖြင့် ဖမ်းခံနေရသည်ကိုပင် ခဏမေ့ကာ သစ်ထူးမေးလိုက်ခြင်း ဖြစ်သည်။ ရဲစိုးက အရက်တစ်ခွက် ထပ်ကာ သွားထည့်လိုက်ပြီးမှ နာကျင်ခံပြင်းဟန်ဖြင့် ရယ်လိုက်ရင်း . . .

"ရှင်းရှင်းလေးပါကွာ၊ ဆရာဝန်ပြန်သွားတော့ သတိရကာစပြုနေတဲ့ သူ့အစ်ကိုမိန်းမဆီ သွားပြီး ကလေးကို အသေမွေးတယ်လို့ ပြောလိုက်တယ်လေ"





"ဗျာ"

"အဲဒီမှာပဲ ဦးရဲနောင်မိန်းမဟာ ရောဂါအခံနဲ့ဆိုတော့ ရှော့ခ်ရပြီး မီးတွင်းထဲမှာ ဆုံးသွားခဲ့တယ်၊ အဲ . . . ကလေးကိုတော့ အိမ်ဖော် ဒေါ်တိုးကို ငွေတွေပေးပြီး စွန့်ပစ်ခိုင်းခဲ့တယ်၊ ဒေါ်တိုးလည်း ပြန်မလာနဲ့တော့ဆိုပြီး ငွေတွေပေးပြီး နှုတ်ပိတ်လိုက်တယ်၊ အဲဒီအချိန်မှာ မော်ကြီးနဲ့မော်လေးနဲ့က ဦးထူးနောင်ရဲ့လူယုံတွေဖြစ်နေပြီလေ၊ ဦးရဲနောင် ပြန်လာတော့ သူစီစဉ်ထားတဲ့ ဇာတ်ညွှန်းအတိုင်း သရုပ်ဆောင်ကြတော့တာပေါ့"

"သူ့ . . . သူ့အစ်ကိုကို ဘယ်လိုရှင်းပြလိုက်တာလဲဗျ"

"ဦးထူးနောင်ရဲ့ဇာတ်ညွှန်းလေးကတော့ လှတယ်ကွ၊ သူ့အစ်ကိုရဲ့မိန်းမဟာ ကလေးမွေးရင်း ဆုံးသွားခဲ့တယ်၊ အဲ . . . ကလေးတော့ အသက်ရှင်တယ်ဆိုပြီး သူ့သားကို ထိုးပေးလိုက်တယ်လေ၊ သူ့ကလေးကတော့ အသေမွေးတယ်ပေါ့ကွာ၊ တကယ်တော့ သူ့သားအရင်းကို ဦးရဲနောင်ရဲ့သားအဖြစ် ရှင်သန်စေခဲ့တာပဲ"

"ဟာ . . . ယုတ်မာလိုက်တာဗျာ"

ရဲစိုး အရက်ထပ်မော့လိုက်သည်။ ပုံစံက အတော်မူးလာပုံပေါက်သော်လည်း ခံပြင်းသောအသွင်ဖြင့် ဆက်ပြောလာ၏။

"ဦးရဲနောင်ဟာ သူ့ညီရဲ့သားကို သူ့သားအရင်းလို့ပဲ ထင်ပြီး ချစ်ခဲ့တယ်၊ သူဆုံးသွားတော့လည်း အမွေတွေ လွှဲပေးခဲ့တယ်၊ သူ့ရဲ့သားအရင်း လောကကြီးမှာ ရှိနေသေးတယ်ဆိုတာ သိမသွားခဲ့ဘူး"

"ဗျာ . . . ဒါ . . . ဒါဆို . . . ခင်ဗျားက . . ."

သစ်ထူး အံ့ဩစိတ်ဖြင့် စကားထောက်လိုက်သည်ကို ကြည့်ကာ



www.burmeseclassic.com

www.burmeseclassic.com

ရဲစိုးက တဟင်းဟင်းရယ်သည်။

"သစ်ထူး ... မင်းသဘောပေါက်လွယ်သားပဲကွ၊ ငါဟာ ခေါ်တိုး ရဲ့သားအဖြစ်နဲ့ အဝေးမှာ ဆင်းဆင်းရဲရဲနေခဲ့ရတယ်၊ ဒီအကြောင်းတွေကို တော့ ငါ့အမေလို ထင်ခဲ့တဲ့ ခေါ်တိုး ဆုံးခါနီးမှာမှ ငါ့ကို ပြောပြသွားခဲ့တာပဲ"

သစ်ထူးက ...

"ဟုတ် ... ဟုတ်ပါပြီဗျာ၊ ခင်ဗျားအကြောင်း ကြားရတာ စိတ် မကောင်းပါဘူး၊ ဒါပေမဲ့ ... ခု ကျွန်တော့်ကို ဖမ်းထားတဲ့အကြောင်းက"

"ပြောမယ်လေ၊ ငါ ဒီအကြောင်းတွေ သိပြီးတဲ့နောက်မှာ ရက် စက်ယုတ်မာတဲ့ ဦးထူးနောင်တို့သားအဖနဲ့ သူ့လူယုံနှစ်ယောက်ကို အပြတ် ရှင်းဖို့ စီစဉ်ခဲ့တယ်၊ သူတို့ စည်းစိမ်ခံစားနေကြတာ ငါရသင့်တဲ့ ပိုက်ဆံတွေ ဖြစ်ပေမယ့် ငါ မလိုချင်ဘူး၊ ငါလိုချင်တာက သူတို့ရဲ့အသက်ပဲ"

"ဗျာ"

သစ်ထူး ကြက်သီးမွေးညင်းထသွားသည်။ ရဲစိုးပုံစံက သွေးဆာ နေသော ကျားနာတစ်ကောင်လို ဖြစ်နေပြီ။

"ငါ့အစီအစဉ်နဲ့ငါ လူယုံနှစ်ယောက်ဖြစ်တဲ့ မော်ကြီးနဲ့မော်လေးကို အရင်ရှင်းခဲ့တယ်၊ ဘယ်သူ့ကိုမှ မတိုင်ပင်ဘဲ တစ်ယောက်တည်း လုပ်ခဲ့တာ ဆိုတော့ ဘယ်သူမှလည်း သိစရာမလိုဘူးလေ၊ ဒါပေမဲ့ ... မင်းက ..."

စကားကိုဖြတ်ကာ သစ်ထူးကို လက်ညှိုးထိုးရင်း စိမ်းစိမ်းဝါးဝါး ကြည့်လာသည်။ ပြီးမှ ...

"မင်းက အဲဒီလူနှစ်ယောက်ရဲ့ပုံကို သူတို့မသေခင်မှာ ဂရပ်ဖစ်တီပုံ ဆွဲခဲ့တယ်၊ အဲဒါဟာ မင်း ငါ့ကို သေတွင်းပို့နေတာပဲ သစ်ထူး"





ခေါင်းခါယမ်းလိုက်ရင်း သစ်ထူးက ...

"ဟာ ... မဟုတ်သေးဘူးနော်၊ ကျွန်တော် ဆွဲခဲ့တဲ့ပုံတွေထဲက လူတွေကို ကျွန်တော် အပြင်မှာတောင် မမြင်ဖူးဘူး၊ သိလည်း မသိဘူး"

"အေး ... မင်းအကြောင်း ငါ စုံစမ်းကြည့်တော့လည်း အဲဒီအတိုင်း ပဲ သိရတာပဲ၊ ဒါပေမဲ့ ... ခက်တာက ငါ လူနှစ်ယောက် သတ်ရဦးမယ်၊ ဒီတော့ ... ငါသတ်မယ့် လူနှစ်ယောက်ရဲ့ပုံကို မင်း အပြင်မှာ ကြိုတင်ပြီး ပုံဆွဲလိုက်မှာကို ငါ မလိုလားဘူး၊ ငါ့အတွက် အန္တရာယ်ရှိလာနိုင်တယ်၊ ဒီ တော့ ... မင်းဆွဲချင်တဲ့ပုံကို ဒီဂိုထောင်ထဲမှာပဲ ဆွဲပါ၊ အဲဒီပုံတွေဟာ ငါ သတ်မယ့်လူတွေရဲ့ပုံ ဟုတ်,မဟုတ် ငါ သိချင်တယ်"

သစ်ထူး တုန်လှုပ်ချောက်ချားစွာ ရဲစိုးကို ကြည့်လိုက်မိသည်။ ရဲစိုး သတ်ခဲ့သည့် လူတွေရဲ့ပုံကို သူ တကယ်ပဲ အိပ်မက်ထဲမှာ ကြိုမြင်ပြီး ဆွဲခဲ့တာလား။ တကယ်ဟုတ်သည့်တိုင် စိတ်ထဲက လက်ခံလို့မရသေးချေ။

"တစ်ခုခုတော့ မှားနေပြီထင်တယ် ကိုရဲစိုး၊ ကျွန်တော် အဲဒီလူ တွေကို အိပ်မက်ပဲမက်ခဲ့တာ၊ ပြီးတော့ ... ကျွန်တော် ဆွဲလိုက်တဲ့ ဂရပ်ဖစ် တီပုံထဲက လူရဲ့ကံကြမ္မာဟာ အဲဒီလို ဖြစ်သွားတယ်ဆိုတာ လက်မခံနိုင်ဘူး ဗျာ"

"မင်း လက်မခံလည်း ခု တကယ်ဖြစ်နေပြီလေ၊ ငါတော့ ဒီကိစ္စကို ယုံတယ်၊ မင်းဟာ ငါ သတ်ချင်တဲ့လူတွေနဲ့ မမြင်နိုင်တဲ့ဆက်သွယ်မှု ရှိ တယ်လို့ပေါ့၊ ဒီတော့ ... ငါ ဆေးဘူးတွေ ယူလာတယ်၊ ဒီည မင်း ဒီမှာ ပုံဆွဲရမယ်၊ ငါက အဲဒီပုံထဲက လူတွေကို သတ်၊ ပြီးရင်း ... မင်းဆွဲထားတဲ့ ဂရပ်ဖစ်တီပုံတွေနဲ့ တိုက်ကြည့်ပြီး အောင်ပွဲခံမယ်ကွာ၊ ဟားဟား ...



www.burmeseclassic.com

www.burmeseclassic.com



ငါလိုချင်တာ အဲဒါပဲ''

ရဲစိုးတစ်ယောက် အမူးလွန်ကာ ရူးကြောင်ကြောင်ဖြစ်လာပြီလား မသိချေ။ စကားတွေက အထိန်းအကွပ်မဲ့လာသည်။

သစ်ထူးက . . .

''ခင်ဗျား မှားမယ်နော် ကိုရဲစိုး။ ခင်ဗျား ခုလုပ်နေတာ ရာဇဝတ်မှု၊ လူသတ်မှုဗျ။ ပြီးတော့ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ ခင်ဗျားရဲ့အစီအစဉ်ထဲမှာ ကျွန်တော် မပါနိုင်ဘူးဗျာ၊ ကျွန်တော် ဂရပ်ဖစ်တီ မဆွဲနိုင်ဘူး''

''ဘာကွ . . . သစ်ထူး၊ မင်းမဆွဲလို့ မရဘူး၊ ဆွဲကို ဆွဲရမယ်၊ မင်းကို ခု ဖမ်းထားတာ အဲဒီလို ဆွဲပေးဖို့အတွက်ပဲ''

''ဟာ . . . မဆွဲဘူးဗျာ၊ မဆွဲနိုင်ဘူး''

''ကဲကွာ . . . မဆွဲချင်ဦး''

ရဲစိုး၏လက်သီးတစ်လုံး မျက်နှာဆီ ဝင်လာသည်၊ သစ်ထူးမျက်နှာလည်ထွက်သွား၏။

ရဲစိုးက အရူးတစ်ယောက်လို ဆက်ပြောလာသေး၏။

''သစ်ထူးရာ . . . မင်းကို ငါ အကြမ်းမဖက်ချင်ဘူး၊ ခု မင်းကို ဖမ်းထားတယ်ဆိုတာကလည်း အဲဒီလို ပုံဆွဲပေးဖို့ပါ၊ ဒီည မင်းဆွဲပြီးတာနဲ့ မင်းကို မနက် ငါ လွှတ်ပေးပါ့မယ်၊ ငါ့ကို ကူညီပါကွာ၊ နော် သစ်ထူး''

ရဲစိုးပုံစံက တောင်းပန်သလိုပင် ဖြစ်လာသေး၏၊ သစ်ထူး စဉ်းစားရတော့၏။ ဒီအတိုင်း ဆက်ငြင်းနေလျှင်တော့ ပို၍အသားနာဖို့ပဲ ရှိမည်။ လွတ်ဖို့လည်း လမ်းမမြင်ချေ။ ပြီးတော့ . . . ရဲစိုးပုံစံကလည်း အရူးတစ်ပိုင်းလို ဖြစ်နေပြီ၊ လောလောဆယ် ကိုယ့်အသက်ကို ရန်မူလာလျှင်ပင် ခုခံနိုင်





သည့်အနေအထားက မရှိ၊ ထို့ကြောင့် စဉ်းစားလိုက်ရင်း ခေါင်းညိတ်ကာ

''ကောင်းပြီလေ . . . ကိုရဲစိုး၊ ကျွန်တော် ဒီဂိုထောင်ထဲမှာပဲ ဂရပ်ဖစ်တီဆွဲမယ်၊ ဒါပေမဲ့ . . . ပုံဆွဲလို့ရအောင် ခင်ဗျား ကျွန်တော့်ကို ကြိုးဖြည်ပေးရမယ်''

''ဟာ . . . ဖြည်ပေးမှာပေါ့ သစ်ထူးရ၊ ငါ့အတွက် လုပ်ပေးတာဆိုတော့ ငါလည်း ပြန်လုပ်ပေးရမှာပေါ့၊ နောက်ထပ်ကော ဘာတောင်းဆိုချင်သေးလဲ''

သစ်ထူးက . . .

''ကျွန်တော် ဗိုက်အရမ်းဆာနေပြီ၊ အဲဒါကြောင့် တစ်ခုခုစားပြီးမှ ဆွဲနိုင်မယ်၊ ပြီးတော့ . . . ပုံဆွဲရင် ကျွန်တော်က တစ်ယောက်တည်းခဲဆွဲတတ်တာဗျ၊ အနားမှာ လူရှိရင် အာရုံမရဘူး၊ ဒီတော့ ခင်ဗျားက ဂိုထောင်အပြင်မှာ ထွက်နေမှဖြစ်မယ်''

စကားအဆုံးမှာ ရဲစိုးက သစ်ထူးကို စိုက်ကြည့်လာသည်။ သိပ်သေက်သည့်ပုံစံမျိုး။ ပြီးမှ တစ်ချက်စဉ်းစားကာ ခေါင်းညိတ်လိုက်ရင်း . .

''ဟုတ်ပြီလေ . . . မင်းဖြစ်ချင်တာကို ငါ လိုက်လျောပါ့မယ်၊ ငါလည်း ဂိုထောင်ကို အပြင်က သော့ခတ်ပြီး လုပ်စရာရှိတာကို သွားလုပ်မှာပါ၊ ဒါပေမဲ့ မင်းဆွဲချင်တဲ့ . . . အဲ မင်းစိတ်ထဲမှာ ပေါ်လာတဲ့ပုံကိုတော့ ဆွဲဖြစ်အောင် ဆွဲရမှာနော်''

သစ်ထူးက စိတ်မရှည်သည့်လေသံနှင့် . . .

''ဆွဲမယ်ဗျာ၊ ကဲ . . . ကျွန်တော့်ကို ကြိုးဖြည်ပေးတော့၊ ဒီမှာ ဗိုက်က တော်တော်ဆာနေပြီဗျ''



www.burmeseclassic.com

www.burmeseclassic.com

ရဲစိုးက သူ့ဘောင်းဘီအိတ်ထဲမှ ဓားမြှောင်ကို ထုတ်ကာ ချည်ထားသော ကြိုးများကို လာဖြတ်ပေးသည်။ အချုပ်အနှောင်မှ လွတ်လွတ်ချင်း တိုက်ခိုက်ပြီး ထွက်ပြေးရန် စဉ်းစားလိုက်သော်လည်း ထိုအကြံကို လက်လျှော့လိုက်၏။ ရဲစိုးကိုကြည့်ရတာ လောလောဆယ်မူးနေပြီး စိတ်ကလည်း သိပ်မှန်သည်မဟုတ်။ ပြီးတော့ . . . လက်ထဲမှာလည်း ဓားနှင့်။ ကိုယ်ခံရဖို့များသည်။

"ကဲ သစ်ထူး . . . ဒီမှာ စားစရာတွေရှိတယ်၊ စားပြီးရင်တော့ အေးအေးဆေးဆေးသာ မင်းစိတ်ထဲရှိတဲ့ပုံကို ဆွဲတော့၊ ငါလည်း လုပ်စရာရှိတာ သွားလုပ်ဦးမယ်၊ အဲ . . . ပုံမဆွဲဘဲနဲ့ ထွက်ပြေးဖို့တော့ မစဉ်းစားနဲ့ နော်၊ အပြင်မှာ ငါ့တပည့်တွေ စောင့်နေတယ်၊ ပြေးရင်တော့ မင်းကို အဲဒီကောင်တွေက ညှာမှာမဟုတ်ဘူး"

"သိပါတယ်ဗျာ"

ဘောက်ဆတ်ဆတ်ပြန်ပြောရင်း ကြွပ်ကြွပ်အိတ်ထဲမှ စားစရာအချို့ ထုတ်ကာ အရင်စားလိုက်သည်။ လောလောဆယ် ဗိုက်ပြည့်ဖို့က အရေးကြီးသည်လေ။ သစ်ထူးစားနေချိန်မှာပဲ ရဲစိုးက . . .

"သစ်ထူး . . . ဒီမှာ ဆေးဘူးတွေ၊ မင်း ဒီဂိုထောင်ထဲက ကြိုက်တဲ့နံရံမှာ ကြိုက်တဲ့ပုံဆွဲကွာ၊ ကဲ . . . ငါ သွားလိုက်ဦးမယ်"

ပြောပြီး ရဲစိုး လှည့်ထွက်သွားလေသည်။ ခဏအကြာမှာပဲ ဂိုထောင်တံခါး ပြန်ပိတ်လိုက်သံကို ကြားလိုက်ရ၏။ ပြီး . . . ထပ်ကြားလိုက်ရသည်က ကားစက်နှိုးသံသဲ့သဲ့။

■



## (၂၃)

မိုးက သဲသဲမဲမဲ ရွာနေသည်။ တစ်ချက်တစ်ချက် လက်ဖြာလာသော လျှပ်နွယ်၊ လျှပ်ခက်များကြောင့် ပတ်ဝန်းကျင်သည် လင်းခနဲ၊ လက်ခနဲ ဖြစ်ဖြစ်သွားသည်။ ထိုလျှပ်စီးအလင်းနောက်မှ ကပ်ကာ လိုက်ပါသည့် မိုးကြိုးပစ်သံတွေကလည်း တစ်ချက်ပြီးတစ်ချက် ဆင့်ကာ . . . ဆင့်ကာ။

ထိုသို့ အငြိုးတကြီး ရွာချနေသော မိုးရေစက်တွေကြားထဲမှာပဲ ရဲစိုးကားကို အရှိန်နှင့်မောင်းလာခဲ့သည်။ သူ့အတွက် ဒီည လက်စသတ်ရန်ကိစ္စက ရှိသေးသည်မဟုတ်လား။

ဦးမော်ကြီးနှင့်ဦးမော်လေးတို့ကတော့ သူ့လက်ချက်ဖြင့် သေရွာသို့ သွားနှင့်ပြီ။ ဒီည အလှည့်ကျသူတွေကတော့ ဦးထူးနောင်တို့သားအဖ။

တစ်သက်လုံး မိခင်ဟုထင်ထားခဲ့သည့် ဒေါ်တိုးမဆုံးခင် ပြောသွား



www.burmeseclassic.com

www.burmeseclassic.com



သော စကားတွေကို ပြန်ကြားယောင်လာမိသည်။ သူ့ဘဝသည် လူတန်းစေ့ ချမ်းချမ်းသာသာ နေနိုင်ပါလျက်နှင့် ဦးထူးနောင်၏ယုတ်မာပက်စက်မှုကြောင့် ဘာမှမသိသေးသော ကလေးဘဝကပဲ အဝေးသို့ နိမ့်ပါးလွင့်စဉ်ခဲ့သည် မဟုတ်ပါလား။

ခုတော့ သူ့မိသားစု၏အကြွေးကို သူ ပြန်ဆပ်ခွင့်ရပြီ။ ရင်ထဲမှာ စူးဝင်နေခဲ့သော ဆူးတွေကိုလည်း တစ်ချောင်းပြီးတစ်ချောင်း နှုတ်ခဲ့ပြီးပြီ။ ဒီနေ့သည် အဆုံးသတ်ရမည့်နေ့။ လူယုတ်မာတွေ ဇာတ်သိမ်းရမည့်ညး

"တွေ့ကြသေးတာပေါ့ ဦးထူးနောင်ရယ်၊ ဒီညတော့ ခင်ဗျားကြီး တို့သားအဖ သေဖို့အသင့်ပြင်ထားတော့၊ ခင်ဗျားတို့ကို ကျုပ်လက်နဲ့ သတ်ပြီးမှ ဟိုကောင်ဆွဲထားတဲ့ ခင်ဗျားတို့ရဲ့ပုံတွေကို တစိမ့်စိမ့်ထိုင်ကြည့်နေလိုက်ဦးမယ် . . . ဟား ဟား"

အရူးတစ်ယောက်လို ပြောဆိုကာ ဟားတိုက်ရယ်မောလိုက်ရင်း လက်တစ်ဖက်ကလည်း ကားပေါ်တွင် ပါလာသည့် အရက်ပုလင်းကို လှမ်းယူလိုက်သည်။ ပြီး . . . ကားစတီယာတိုင်ကို အသာထိန်းကာ အရက်ပုလင်း ဖုံးကို ဖွင့်ပြီး မော့ချလိုက်၏။

အရက်က ရေနှင့်ရောကာ သောက်ခြင်းမဟုတ်၍ ရင်ထဲမှာ ပူခနဲ ဖြစ်သွားပြီး သွေးကလည်း ပိုကြွလာသည်။ နံဘေးတွင်ချထားသည့် ဓား မြှောင်ကို ယူကြည့်လိုက်သေးသည်။

ထိုသို့ မောင်းနှင်လာစဉ်မှာပဲ လျှပ်စီးတစ်ချက် လက်လိုက်ပြန် သဖြင့် ပတ်ဝန်းကျင်တစ်ခုလုံး လင်းဖြာသွားသည်။ ထိုအလင်းရောင်နှင့် အတူ ရဲစိုး တွေ့လိုက်ရသည်က လမ်းမအလယ်တည့်တည့်တွင် ရပ်နေသည့် လူတစ်ဦး။ ထိုအချိန် ခဏလေးမှာ ရဲစိုးတစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွားရသည်။ ကားလမ်းမပေါ်တွင် မျက်နှာချင်းဆိုင် ရပ်နေသူက တခြားလူမဟုတ်။ သူ ကိုယ်တိုင် တိုက်ပေါ်မှ တွန်းချခဲ့သည့် ဦးမော်ကြီးပင် ဖြစ်လေသည်။

"ဟာ . . . မဖြစ်နိုင်ဘူး"

ရဲစိုး သွေးရူးသွေးတန်း အော်လိုက်ပြီးမှ မျက်စိမှိတ်ကာ ကားကို လီဗာနင်း၍ လမ်းပေါ်တွင် ရပ်နေသော ဦးမော်ကြီးကို တိုက်ချလိုက်လေ သည်။

ကားသည် အထိန်းအကွပ်မဲ့သွားသည့်အလား လမ်းဘေးသို့ အရှိန် ပြင်းစွာ ကွေ့သွားရင်း တစ်စုတစ်ခုနှင့် ပြင်းထန်စွာ တိုက်မိလိုက်သော အသံကြီးသာ မိုးသံတွေကြားထဲ ဖောက်ထွက်၍ လွင့်ပျံလာလေတော့၏။

ညမိုးကတော့ အငြိုးတကြီး ရွာချနေဆဲ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၂၄)

ဆွဲလက်စပုံကို လက်စသတ်လိုက်ရင်း ကိုင်ထားသည့် မှုတ်ဆေးဘူးကို သစ်ထူး လွှင့်ပစ်လိုက်၏။

ပြောရလျှင် စိတ်ထဲမှာ ထွေပြားနေပြီး အလိုမကျဖြစ်နေမိ၏။ ဆိုးပြောပုံအရဆိုလျှင် ကိုယ်က သေမည့်သူများကို ကြိုမြင်ပြီး ဂရစ်ဖစ်တီဖို့ ဆွဲခဲ့သည်တဲ့။ ထိုကိစ္စကို စိတ်ထဲ ဘယ်လိုမှ လက်မခံနိုင်ဖြစ်နေမိသည်။ သူသည် တစ်စုံတစ်ခုကို ကြိုသိနိုင်သည့် စိတ်တန်ခိုးတစ်မျိုးမျိုးရနေသူလည်း မဟုတ်။ ပြီးတော့ . . . ဆွဲသည့် လူပုံနှစ်ပုံကလည်း အိပ်မက်ထဲတွင် တွေ့၍ ဆွဲခဲ့ခြင်းသာဖြစ်သည်။ ခြွင်းချက်တစ်ခုရှိသည်ကတော့ သူသည် ဆိုလူကြီးတွေ၏ပုံကို ဂရစ်ဖစ်တီဆွဲချင်စိတ် ဖြစ်နေခဲ့ခြင်း ဖြစ်သည်။ ဒါ တော့ သူ မငြင်းနိုင်။



www.burmeseclassic.com

www.burmeseclassic.com



ရဲစိုးပြောသွားသော ဇာတ်လမ်းကတော့ တကယ်ဆိုလျှင် နာကြည်းစရာဖြစ်၏။ သို့သော်လည်း ရဲစိုး၏မှုမမှန်သော ပုံစံကြောင့် ထိုဇာတ်လမ်းကိုလည်း လုံးဝအမှန်ဟု သစ်ထူး လက်မခံနိုင်ချေ။ နောက်ပြီး ကိုယ်ဆွဲခဲ့သည့်ပုံထဲမှ လူများ သေသွားသည်ဟူသောအချက်ကိုတော့ လက်မခံနိုင်ဆုံးဖြစ်သည်။ ထိုသို့သာဆိုလျှင် သူ့ဘဝတွင် တစ်သက်လုံး လူ့ပုံပင် ဂရစ်ဖစ်တီ ဆွဲရဲတော့မည်မဟုတ်။

တကယ်တမ်းတွင် စိတ်ရှုပ်စွာ ခေါင်းခါယမ်းလိုက်မိသည်။ ခု ရဲစိုးက ပုံဆွဲခိုင်းခဲ့သော်လည်း ဘာပုံကို ဆွဲရမည်မှန်း သစ်ထူး မသိ။ စိတ်ထဲတွင်လည်း ဘယ်တစ်ဦးတစ်ယောက်၏မျက်နှာကိုမှ မမြင်မိချေ။ ထို့ကြောင့် စိတ်ထဲ လတ်တလောရှိနေသူ၏ပုံကိုသာ ဆွဲခဲ့လိုက်၏။ ရဲစိုးသာ ပြန်ရောက်လာပါက ထိုပုံကိုကြည့်ပြီး အဖြေတစ်ခုခု ရသွားပေလိမ့်မည်။ ကိုယ့်ဘက်ကလည်း ကိုယ့်လက်သည် သေမည့်သူတိုင်းကို ကြို၍ ဂရစ်ဖစ်တီ ဆွဲသောလက်မဟုတ်ဟု သက်သေပြချင်၍လည်း ဖြစ်၏။

ခုလည်း ပုံဆွဲပြီးချိန်မှာ ပတ်ဝန်းကျင်ကို အကဲခတ်လိုက်၏။ ဂိုထောင်ထဲတွင်တော့ တိတ်ဆိတ်ငြိမ်သက်နေပြီး အပြင်ဘက်မှ မိုးရွာကျသံကိုပဲ အတိုင်းသာ ကြားနေရသည်။ တစ်ချက်တစ်ချက် ဂိုထောင်ထဲ ဖောက်ဝင်လာသော လျှပ်စီးအလင်းရောင်များကိုလည်း မြင်နေရ၏။

ဂိုထောင်တံခါးနားဆီသို့ သစ်ထူး အသာလျှောက်သွားလိုက်သည်။ တံခါးက အပြင်ဘက်မှ သော့ခတ်ထားပုံရသည်။ ကိုယ်ခန္ဓာနှင့် တိုက်ကာ အသာတွန်းကြည့်တော့ တံခါးက မသိမသာလေး ဟသွားသည်။ သော့ပြုတ်သွားခြင်းတော့မဟုတ်။





ဟသွားသော တံခါးရွက်နှစ်ခုကြားမှ အပြင်သို့ ချောင်းကြည့်လိုက်၏။ အမှောင်ထဲ ရွာကျနေသော မိုးရေစက်များမှအပ ဘာကိုမှ သဲသဲကွဲကွဲ မတွေ့ရ။ ပြီးတော့ မည်သည့်လူတစ်ဦးတစ်ယောက်မှလည်း ဂိုထောင်အပြင်ဘက်၌ ရှိပုံမပေါ်ချေ။ ကြည့်ရတာ ရဲစိုးက သူ့တပည့်တွေရှိသည်ဆိုပြီး ခြိမ်းခြောက်သွားပုံရသည်။ တကယ်လို့ ရှိခဲ့သည်လျှင်ဖြင့် သူ တံခါးကို တွန်းလိုက်ကတည်းက တစ်ယောက်ယောက် လာကြည့်မှာ သေချာ၏။

တွေးရင်း သစ်ထူး ခပ်မြန်မြန်ဆုံးဖြတ်လိုက်၏။ ခုလောလောဆယ် ထွက်ပြေးလွတ်မြောက်ရန် ရာခိုင်နှုန်းတချို့ ရှိနေပြီ။ ထို့ကြောင့် အသက်ဝဝရှူရင်း နောက်သို့ ခြေငါးလှမ်းလောက် ဆုတ်လိုက်၏။ ပြီး . . . ရှိသမျှ အားကို ကိုယ်လုံးထဲ ထည့်လိုက်ပြီး ခန္ဓာကိုယ်နှင့်တံခါးကို ပြေးတိုက်လိုက်ပါသည်။

ဝုန်းခနဲမြည်ကာ သော့ခလောက် ပြုတ်ထွက်ပြီး တံခါးပွင့်သွားလေ၏။ ဂိုထောင်အပြင်ရောက်ရောက်ချင်း ခံစားလိုက်ရသည်က လွတ်လပ်မှုအရသာ။ ပေါ့ပါးသောစိတ်အာရုံ။ ပတ်ဝန်းကျင်ကို ထပ်ကာ အကဲခတ်လိုက်သည်။ သူသည် ဂိုထောင်တစ်လုံးသာ ထီးထီးကြီးရှိသည့် မြေအကျယ်ကြီးထဲသို့ ရောက်နေခြင်း ဖြစ်သည်။ ဘယ်မြို့နယ်၊ ဘယ်ရပ်ကွက်ထဲ ရောက်နေသည်ကိုတော့ မသိသေး။

အပြင်ဘက်တွင် မိုးက သဲသဲမဲမဲ ရွာနေဆဲဖြစ်ပြီး တစ်ချက်တစ်ချက် လက်ဖြာလာသော လျှပ်စီးအလင်းရောင်ကြောင့်သာ အနီးပတ်ဝန်းကျင်ကို မြင်ရခြင်းဖြစ်သည်။

အချိန်အားဖြင့် ဘယ်နှစ်နာရီလောက် ရှိမည်ဆိုတာကိုလည်း မခန့်



www.burmeseclassic.com

www.burmeseclassic.com



မှန်းတတ်တော့။ နေ့မဟုတ်သည့် ညဘက်ဆိုသောအသိပဲ ရှိနေသည်။

မည်သို့ပင်ဖြစ်စေ . . .

သူ လွတ်မြောက်ပြီ၊ ရဲစိုးပြောခဲ့သလို စောင့်နေသည့် လူတွေလည်း မရှိ။ ရဲစိုး ပြန်ရောက်မလာခင် ဒီနေရာက ထွက်သွားဖို့ပဲ ရှိတော့သည်။

ဂိုထောင်ရှေ့မှ မထွက်ခွာခင် အထဲသို့ တစ်ချက်လှမ်းကြည့်လိုက်၏။ ဂိုထောင်ထဲတွင် လင်းနေသော မီးလုံးမှ အလင်းရောင်ကြောင့် သူဆွဲထားခဲ့သည့် ဂရစ်ဖစ်တီပုံကို ထင်ရှားစွာ ပြန်မြင်နေရသည်။

ထိုပုံကို တစ်ချက်စိုက်ကြည့်ရင်းက သစ်ထူး ခပ်တိုးတိုး ရေရွတ်သည်။ ပြီး လှည့်ထွက်ကာ ရွာကျနေသော မိုးရေစက်တွေကြား တိုးဝင်လိုက်ပါ၏။

"ခင်ဗျား ပြန်ရောက်လာပြီး ဒီပုံကို မြင်ရင်တော့ ကျွန်တော် ဂရစ်ဖစ်တီပုံဆွဲလိုက်တဲ့လူတိုင်း မသေဘူးဆိုတာ ခင်ဗျား လက်ခံသွားမှာပါ ကိုရဲစိုး"

ဂိုထောင်အတွင်းရှိ နံရံပေါ်တွင် အစောင့်သဖွယ် ကျန်နေခဲ့သည်ကတော့ သစ်ထူးဆွဲထားခဲ့သည့် ရဲစိုး၏ပုံပဲ ဖြစ်လေသည်။

■



## (၂၅)

"ဟာ . . . ဒါဆိုရင် မင်း အဲလိုကြီး တကယ်ကြုံခဲ့ရတာပေါ့ ဟုတ်လား သစ်ထူး"

ကျော်ချစ်ဝင်း၏တအံ့တသြအမေးကြောင့် သစ်ထူးက . . .

"ဗြော် . . . မင်းကလည်း ကျားကိုက်ပါတယ်ဆိုမှ နာတာရှည်လား လာမေးနေသေးတယ်၊ တကယ်ကြုံခဲ့တာပေါ့ကွ၊ မင်းတို့ကို ညာမလား"

"နားရှိလို့သာ ကြားရတယ် သစ်ထူးရာ၊ ငါတော့ ခုထိ မယုံနိုင်သေးဘူး"

ချမ်းမြေ့အောင်က ဝင်ပြောလာခြင်းဖြစ်သည်။ စကားအဆုံးမှာ ကျော်ချစ်ဝင်းကလည်း . . .

"ဟုတ်တယ်ကွ . . . မင်းကိုယ်တိုင် ပြောပြလို့သာ လက်ခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ တခြားလူတစ်ယောက်ယောက်ကပြောရင် ယုံမိမှာမဟုတ်ဘူး''

နှစ်ကောင်စလုံး အတိုင်အဖောက်ညီစွာ မယုံကြည်နိုင်အောင် ဖြစ်နေကြသည်။ အင်းလေ ... ကိုယ်ကြုံခဲ့ရတာကလည်း ထူးဆန်းနေသည်ကိုး။

လေပူတစ်ချက် မှုတ်ချလိုက်ရင်း သစ်ထူးက ...

''ငါကိုယ်တိုင်တောင်မှ တော်တော်အံ့ဩနေပါတယ်ဆိုမှကွာ၊ ပြီးတော့လေ ... ငါ့ကို ဖမ်းချုပ်ထားခဲ့တဲ့ ရဲစိုးဆိုတဲ့လူဟာ စိတ်ရောဂါတစ်ခုခုရှိနေတဲ့ လူလားမသိဘူး၊ သူပြောပြတဲ့ဇာတ်လမ်းကတော့ ဟုတ်သလိုလိုတော့ ရှိတယ်၊ ဒါပေမဲ့ကွာ ... ငါ ဂရစ်ဖစ်တီဆွဲခဲ့တဲ့ ပုံထဲကလူတွေ သေကုန်တယ်ဆိုတာကိုတော့ ငါ လက်မခံချင်ဆုံးပဲ''

''ဘာပဲဖြစ်ဖြစ် လောလောဆယ်မှာတော့ လက်ခံရမလို ဖြစ်နေပြီ ကိုသစ်''

''ဟင်''

''ဘယ်လို ... ဘယ်လို''

ငြိမ်ဆိတ်စွာ ထိုင်နေရာမှ ဝင်ပြောလာသော ပုံရိပ်စကားကြောင့် အားလုံးပဲ အံ့ဩကာ အာမေဋိတ်ကိုယ်စီ ထွက်သွားကြသည်။ ပုံရိပ်က ဘာဖြစ်လို့ ဒီလိုပြောလိုက်တာလဲ။

''ပုံရိပ်ပြောတာ ကိုယ်မရှင်းဘူး၊ ကိုယ်က ဘာကိုလက်ခံရမှာလဲ''

ပုံရိပ်က သက်ပြင်းတစ်ချက် ဆွဲဆွဲငင်ငင် ချလိုက်သည်။ ပြီးမှ ...

''ရဲစိုးဆိုတဲ့လူကို ပုံရိပ် မသိသလို၊ သူ ကိုသစ်ကိုပြောခဲ့တဲ့ ဇာတ်လမ်းကိုလည်း မသိပါဘူး၊ ဒါပေမဲ့ ... သူ ကိုသစ်ကို မညာခဲ့တာတော့





သေချာတယ်၊ ဘာဖြစ်လို့လဲဆိုတော့ ဦးထူးနောင်တို့သားအဖဆိုတာရယ်၊ ကိုသစ် ဂရစ်ဖစ်တီဆွဲခဲ့တဲ့ ဦးမော်ကြီး၊ ဦးမော်လေးတို့ ဆိုတာတွေက အပြင်မှာ တကယ်ရှိလို့ပဲ''

''ဟင်''

ပိုအံ့ဩရတော့သည်။ ပုံရိပ်က ဘယ်လိုအထောက်အထားနှင့် ခုလိုပြောနိုင်တာလဲ။ သစ်ထူး စဉ်းစားနေချိန်မှာပဲ ပုံရိပ်က ဆက်၍ ...

''ကိုသစ် မှတ်မိဦးမှာပေါ့၊ ပထမဆုံး လူပုံ ဂရစ်ဖစ်တီဆွဲခဲ့တုန်းက ပုံရိပ်ကို ခေါ်ပြတာလေ၊ အဲဒီတုန်းက အဲဒီပုံဟာ ဘယ်သူ့ရဲ့ပုံဆိုတာ ကိုသစ် မသိခဲ့သလို ပုံရိပ်လည်း မသိခဲ့ပါဘူး၊ ဒါပေမဲ့ ... နောက်နေ့မှာပဲ နာရေးဖြစ်တဲ့အိမ်တစ်အိမ်ကို ပုံရိပ်ရောက်ခဲ့တယ်၊ သေဆုံးတဲ့လူက ကိုသစ် ဂရစ်ဖစ်တီဆွဲထားတဲ့ ဦးမောင်ကြီးပဲ၊ သေတာကလည်း အစိမ်းသေ သေသွားတာ''

''ဟင်''

သစ်ထူးတင်မဟုတ်ဘဲ အားလုံး မျက်လုံးပြူးကုန်ကြတော့၏။ ထိုအခါမှ ပုံရိပ်က ဦးမော်ကြီး၊ ဦးမော်လေးတို့ သေဆုံးမှုနှင့်ပတ်သက်ပြီး သူ ကြုံခဲ့ရသလောက်ကို ရှင်းပြလေသည်။

စကားဆုံးတော့ သစ်ထူးက အပြစ်တင်ချင်သည့်လေသံဖြင့် ...

''ပုံရိပ်ရယ် ... အဲဒါတွေကို ဘာဖြစ်လို့ အစကတည်းက မရှင်းပြခဲ့တာလဲ''

ပုံရိပ်က သက်ပြင်းထပ်ချရင်း ...

''ကိုသစ်ပြောလည်း ခံရတော့မှာပဲ၊ ပထမတစ်ကြိမ်တုန်းက ပုံရိပ်လည်း တိုက်ဆိုင်တာသက်သက်ပဲလို့ ထင်ခဲ့တာ၊ ပြီးတော့ မေ့ပြလိုက်ရင်



www.burmeseclassic.com

www.burmeseclassic.com



ကိုသစ် စိတ်ရှုပ်သွားမှာလည်းစိုးတယ်၊ အဲဒါကြောင့် မပြောပြဖြစ်ခဲ့တာ၊ နောက်တစ်ကြိမ် ဦးမော်လေးဆုံးတော့ ပုံရိပ် အတော်လေး လန့်သွားတယ်၊ ဒီတစ်ခါတော့ ပြောပြမှပဲ ဖြစ်တော့မယ်ဆိုပြီး ကိုသစ်ကို ဖုန်းဆက်ခဲ့တယ်၊ ဒါပေမဲ့ . . . ဖုန်းကလည်း ဆက်မရဘူး၊ စကိတ်ကွင်း လာရှာတော့လည်း ကိုသစ်ဆွဲထားတဲ့ ဦးမော်လေးရဲ့ပုံကိုပဲ တွေ့ရတယ်၊ အဲဒီမှာပဲ ဒါဟာ သေွးရိုးသားရိုး တိုက်ဆိုင်တာ မဟုတ်ဘူးဆိုတာကို ပုံရိပ် လက်ခံလိုက်ရတာ၊ အဲဒီညနေမှာပဲ ကိုသစ် အဖမ်းခံလိုက်ရတယ်လေ''

ဇာတ်ရည်ကတော့ တဖြည်းဖြည်း လည်လာချေပြီ၊ သို့သော်လည်း သစ်ထူး ဘာပြန်ပြောရမည်မှန်းမသိ ဖြစ်နေမိ၏။

ထိုအချိန်မှာပဲ ချမ်းမြေ့အောင်က စဉ်းစားမိဟန်ဖြင့် အလန့်တကြား ထပြောလာသည်။

''ဟာ . . . သစ်ထူး . . . ဒီအတိုင်းဆိုရင် အားလုံးရှုပ်ကုန်တော့မှာပဲ''

''ဟင် . . . ဘာကိုရှုပ်ရမှာလဲ ချမ်းမြေ့ရာ''

''မင်းပဲ စဉ်းစားကြည့်လေ၊ မင်း ကြုံခဲ့ရတာရယ်၊ ပုံရိပ်ပြောတဲ့ အတိုင်းရယ်ဆိုရင် မင်းဆွဲတဲ့ လူပုံတိုင်းဟာ ကြမ္မာငင်သလိုဖြစ်နေပြီကွ၊ ပြီးတော့ . . . မင်းပဲ ဂိုဒေါင်ထဲမှာ ရဲစိုးရဲ့ပုံကို ဂရပ်ဖစ်တီ ဆွဲခဲ့တယ်ဆို''

စကားအဆုံးမှာ သစ်ထူးက စိတ်ရှုပ်ဟန်ဖြင့် ခေါင်းခပ်ပြင်းပြင်း ခါလိုက်သည်။

''ဟာ . . . မဆိုင်ဘူးထင်တယ်၊ ရဲစိုးနဲ့ဦးထူးနောင်တို့ဖြစ်ခဲ့တာက သူတို့ကိစ္စပါ၊ မင်းတို့ကကော ဘာဖြစ်လို့ ငါ့ကို ဆွဲထည့်နေတာလဲ၊ ပြီးတော့ . . . ငါဆွဲခဲ့တဲ့ပုံတွေနဲ့ ဦးမော်လေးတို့ သေသွားတာကလည်း တိုက်ဆိုင်မှု





သက်သက်ပါကွာ၊ ဒီထက်ပိုပြီး သဘာဝလွန်တဲ့ ဖြစ်ရပ်တစ်ခုလို့ပဲ ငါ လက်ခံလို့ရမယ်၊ ငါ ဂရစ်ဖစ်တီပုံ ဆွဲလိုက်တဲ့လူတိုင်း သေရမယ်ဆိုတာကို လုံးဝလက်မခံနိုင်ဘူးကွ၊ ငါ့လက်ဟာ ကျိန်စာသင့်နေတဲ့လက် မဟုတ်ဘူး''

ခါးခါးသီးသီး ငြင်းဆန်ကာ ပြောလိုက်သည့် သစ်ထူးစကားကြောင့် အားလုံး တဒင်္ဂ ငြိမ်ဆိတ်သွားကြသည်။

ခဏကြာတော့မှ ပုံရိပ်က သစ်ထူးကို စာနာသလိုကြည့်ကာ . . .

''စိတ်ကို လျှော့ထားပါ ကိုသစ်ရယ်။ ခုလည်း ကိုသစ် အချုပ် အနှောင်က လွတ်လာခဲ့ပြီပဲ၊ တိုက်ဆိုင်တာပဲဖြစ်ဖြစ်၊ သဘာဝလွန်ဖြစ်ရပ်ပဲ ဖြစ်ဖြစ်၊ အဲဒီကိစ္စကို ထပ်မတွေးတာ ကောင်းမယ်၊ တကယ်ဆို သူတို့အချင်း ချင်း ဖြစ်တဲ့ကိစ္စက ကိုသစ်နဲ့ ပတ်သက်တာမှ မဟုတ်ဘဲ၊ အဲ . . . တစ်ခု တော့ ရှိတယ်''

ပြောနေရင်း စကားကို ဖြတ်ထားလိုက်သဖြင့် သစ်ထူးက ပုံရိပ်ကို ကြည့်လိုက်သည်။ ပုံရိပ်က သက်ပြင်းဖွဖွချကာ . . .

''ကိုသစ်နဲ့ သူတို့ရဲ့ကိစ္စဟာ ပုံရိပ်တို့ မသိနိုင်၊ မမြင်နိုင်တဲ့ ပုံစံ တစ်မျိုးမျိုးနဲ့တော့ ဆက်နွယ်နေတာ သေချာတယ်၊ ဒါကြောင့်ပဲ ကိုသစ်က သူတို့ရဲ့ပုံတွေကို ဂရစ်ဖစ်တီ ဆွဲချင်စိတ်ဖြစ်ပြီး ဆွဲခဲ့တာလေ၊ ဒီတော့ . . . ကိုသစ်လည်း နောက်ကို ဂရစ်ဖစ်တီဆွဲတဲ့အခါ လူတစ်ယောက်ရဲ့ပုံကို မဆွဲစေချင်ဘူး၊ ဆွဲလည်း မဆွဲသင့်ဘူးလေ၊ အဲဒါကို ပုံရိပ် ပြောချင်တာပါ''

သစ်ထူး မျက်နှာက တင်းခနဲ ဖြစ်သွားသည်။

''ပုံရိပ် . . . ကိုယ် တစ်ခုတော့ ပြောချင်တယ်၊ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ် ယုံကြည်ထားတာက တိုက်ဆိုင်မှုပဲလို့ ပြောပြီးပြီနော်၊ ကိုယ့်လက်



www.burmeseclassic.com

www.burmeseclassic.com

ဟာ ကျိုန်စာသင့်နေတဲ့ လက်လည်း မဟုတ်ဘူး၊ ဒီတော့ ကိုယ်က ဘာပုံမှ မဆွဲရဘူးလား၊ ဥပါဒါန်ကြောင့် ဥပါဒ်ဖြစ်ရမယ့်အဖြစ်မျိုး ကိုယ်အဖြစ်မခံနိုင်ဘူး''

''မဟုတ်သေးဘူးလေ၊ ကိုသစ်ကို ပြောတာက ဂရစ်ဖစ်တီမဆွဲနဲ့လို့ မဟုတ်ပါဘူး၊ လူတစ်ယောက်ရဲ့ပုံကို ထပ်မဆွဲဖို့ . . .''

''တော်တော့ ပုံရိပ်၊ ဂရစ်ဖစ်တီဆွဲတာနဲ့ ပတ်သက်လာရင် ကိုယ့်အဖေ တားတာတောင် ကိုယ်လက်မခံခဲ့ဘူးနော်၊ ကိုယ့်အနုပညာ၊ ကိုယ့်ဝါသနာကိုလည်း မစွန့်လွှတ်နိုင်ဘူး၊ ဘာလဲကွာ . . . ကိုယ့်လက်နဲ့ ပုံဆွဲလိုက်တဲ့လူတိုင်း သေမယ်ဆိုရင် ကိုယ်ချစ်တဲ့သူတွေ၊ လေးစားအားကျရတဲ့လူတွေရဲ့ပုံကို မဆွဲရတော့ဘူးလား၊ ဥပမာ . . . အိုဘားမားပုံဆွဲရင် အိုဘားမား သေသွားမလား။ သမ္မတကြီးပုံဆွဲရင် သမ္မတကြီး သေသွားမလား။ အဲဒီလိုသာ သေမယ်ဆိုရင်တော့ ငါ ဟိုလူကြီးရဲ့ပုံကို အရင်ဆွဲမိမှာပဲ၊ တော်ပြီကွာ . . . အဲဒီကိစ္စနဲ့ ပတ်သက်ပြီး ငါ့ကို ဘာမှလာမပြောကြနဲ့တော့''

ပြောပြီး သစ်ထူး ထရပ်လိုက်သည်။ ပြီး . . . အားလုံးကို ဝေ့ကြည့်လိုက်ရင်း . . .

''ငါ သွားတော့မယ်၊ ခုလောလောဆယ် စိတ်တွေ အရမ်းရှုပ်နေတယ်ကွာ၊ နောက်မှ တွေ့ကြတာပေါ့''

သစ်ထူး လှည့်ထွက်လိုက်သည်။

''ကိုသစ်''

လှမ်းခေါ်ရင်း ပုံရိပ် ဆတ်ခနဲ ထရပ်လိုက်သော်လည်း ချမ်းမြေ့အောင်က ပုံရိပ်လက်ကို လှမ်းဆွဲလိုက်သည်။ ပြီး . . . သွားပါစေဆိုသည့်





အမူအရာ လုပ်ပြလာ၏။ ပုံရိပ်လည်း ပြန်ထိုင်နေလိုက်သည်။ သစ်ထူး ခပ်လှမ်းလှမ်းကို ရောက်သွားတော့မှ . . .

''လိုက်မသွားနဲ့ ပုံရိပ်၊ သူ တစ်ယောက်တည်း နေပါစေ၊ သူ့နေရာမှာ ကျွန်တော်တို့ဆိုရင်လည်း စိတ်တွေရှုပ်ပြီး မွန်းကျပ်နေမှာပဲ၊ တဖြည်းဖြည်းနဲ့ ပြန်တည်ငြိမ်သွားမှာပါ၊ ဒီကြားထဲ ပုံရိပ်လည်း ဦးထူးနောင်တို့အကြောင်းကို စုံစမ်းကြည့်ပါလား၊ သူတို့ဇာတ်လမ်းကိုလည်း စိတ်ဝင်စားလို့ပါ''

သက်ပြင်းချရင်းက ပုံရိပ် ခေါင်းအသာညိတ်ပြလိုက်သည်။ ပြောရလျှင် ချစ်သူဖြစ်သော သစ်ထူးနှင့် တစ်မျိုးတစ်ဖုံ ပတ်သက်နေသည့်ကိစ္စမို့ သူမလည်း စိတ်ဝင်စားပါ၏။

■

www.burmeseclassic.com

www.burmeseclassic.com

## (၂၆)

ထိုရက်ပိုင်းမှာ အတွင်းဝယ် သစ်ထူးနှင့်ပုံရိပ်တို့ မတွေ့ဖြစ်ချေ။ ချမ်းမြေ့အောင်တို့ မှာထားသဖြင့် ပုံရိပ်လည်း ဖုန်းတောင် မဆက်ဖြစ်။ သစ်ထူးဘက်ကလည်း ဆက်မလာပါ။ ချစ်သူတစ်ယောက်အနေဖြင့် စိတ်ထဲ ကသိကအောက်ဖြစ်မိသော်လည်း သစ်ထူး လက်ရှိခံစားနေရသော စိတ်ရှုပ်ထွေးမှုတွေကြောင့် ပုံရိပ် နားလည်ပေးလိုက်ပါ၏။

ဒီကြားထဲ ဦးထူးနောင်တို့၏သတင်းကို အခေါ်ထံမှတစ်ဆင့် မသိမသာ စုံစမ်းကြည့်ပါသေးသည်။ ဘာမှ ထူးထူးခြားခြားဖြစ်သံ မကြားရ။ ထိုသားအဖ ပိုနေမြဲ ကျားနေမြဲအတိုင်းသာ ကျန်းမာစွာရှိနေကြပါသည်။ ပြီး . . . ရဲစိုးဆိုသောလူနှင့် ပတ်သက်၍လည်း ဘာသတင်းမှ မကြားရချေ။

တဖြည်းဖြည်းနှင့် သစ်ထူးလည်း စိတ်တည်ငြိမ်သွားမှာပဲဟု ပုံရိပ်



www.burmeseclassic.com

www.burmeseclassic.com

တွေးမိ၏။ မတွေ့ဖြစ်တာလည်း တစ်ပတ်လောက်ရှိပြီမို့ ပုံရိပ် သစ်ထူးကို သတိရနေမိသည်။

ခုလည်း မနက်စာ စားနေရင်း သစ်ထူးအကြောင်းကို တွေးနေမိခြင်းဖြစ်၏။ သစ်ထူးရော သူမကို သတိရနေမလား။ ထိုသို့တွေးနေချိန်မှာပဲ ဖုန်းမြည်လာသည်။ နံပါတ်ကို ကြည့်လိုက်တော့ သစ်ထူးဆီက။

သတိရနေချိန်မို့ ဝမ်းသာအားရ ဖုန်းဖွင့်ကိုင်လိုက်သည်။

"ကိုသစ် ... ခုမှပဲ ဖုန်းဆက်ဖော်ရတော့တယ်နော်၊ ပုံရိပ်က ကိုသစ် စိတ်ရှုပ်နေမှန်းသိလို့ တမင်မဆက်တာ"

မိန်းကလေးပီပီ စကားနာထိုးလိုက်သေးသည်။

သစ်ထူးက ...

"ကိုယ်လည်း ပုံရိပ်ကို သတိရပါတယ်၊ နေ့တိုင်းပဲ ပုံရိပ်အကြောင်း တွေးနေမိတာ၊ ခု စကိတ်ကွင်းကို လာခဲ့နိုင်မလားဟင်၊ ကိုယ် ပုံရိပ်နဲ့ အရမ်းတွေ့ချင်နေတယ်"

ပုံရိပ်က စဉ်းစားမနေတော့ဘဲ ...

"အင်း ... ခုပဲ ပုံရိပ် ထွက်လာခဲ့မယ်လေ၊ ခဏစောင့်"

ဖုန်းချပြီး စားလက်စ မနက်စာကိုပင် ဆက်မစားတော့ဘဲ အပြင်သွားရန် ပြင်ဆင်လိုက်သည်။ အရေးထဲ ကားက ဘာဖြစ်ပြန်သည်မသိ။ စက်က နှိုးမရပြန်ချေ။ သို့နှင့် လမ်းထိပ်ထွက်ပြီးမှ တက်စီငှားကာ လာခဲ့လိုက်သည်။

စကိတ်ကွင်း အဝင်ဝနားရောက်တော့ သစ်ထူးက အသင့်စောင့်နေပါ၏။ မတွေ့ရတာပဲ ကြာလို့လား၊ ဒါမှမဟုတ် အိပ်ပျက်ညတွေပဲ များ





လို့လားမသိ၊ သစ်ထူးမျက်နှာက အနည်းငယ် ချောင်နေသည်ကို သတိထားမိလိုက်သည်။

ပုံရိပ်က သစ်ထူးကိုကြည့်ကာ ...

"ကိုသစ် ပိန်သွားသလိုပဲ၊ နေကော ကောင်းရဲ့လားဟင်"

သစ်ထူးက ဖွဖွပြုံးကာ ပုံရိပ်လက်ကလေးကို ကိုင်လိုက်ရင်း ...

"ကောင်းပါတယ် ပုံရိပ်ရဲ့၊ ပုံရိပ်ကို လွမ်းနေလို့ ပိန်သွားတာဖြစ်မှာပါ"

"ဟွန့်"

နှစ်ယောက်သား ခပ်ဖွဖွရယ်ဖြစ်ကြသည်။ အရယ်ရပ်တော့မှ သစ်ထူးမျက်နှာက တည်သွားကာ ပုံရိပ်ကို စူးစူးစိုက်စိုက် ကြည့်လာသည်။ တစ်ခုခုကို အရေးတကြီး ပြောချင်နေသည့်ပုံစံမျိုး ဖြစ်၏။

"ကိုသစ် ... ဘာပြောမလို့လဲဟင်"

သဘောပေါက်စွာ စကားစ,ပေးလိုက်သည်။ သစ်ထူးက ခေါင်းတစ်ချက် ညိတ်လိုက်ပြီးမှ ...

"ဟုတ်တယ် ပုံရိပ်၊ ပုံရိပ်ကို ကိုယ် ပြောစရာရှိတယ်၊ ကိုယ် ပုံရိပ်ကို အရမ်းချစ်တယ်၊ လက်ထပ်ဖို့အထိလည်း ရည်ရွယ်ထားတယ်ဆိုတာ ပုံရိပ် သိပါတယ်နော်"

"သိတယ်လေ ကိုသစ်၊ ပုံရိပ်ဘက်ကလည်း ကိုသစ်လိုပါပဲ"

"ပြီးတော့ ... ကိုယ် ဂရစ်ဖစ်တီဆွဲတာ ဘယ်လောက်ဝါသနာပါလဲဆိုတာလည်း ပုံရိပ် သိပါတယ်၊ ကိုယ်ဝါသနာပါတဲ့ တစ်ခုတည်းသော အနုပညာဟာ ဂရစ်ဖစ်တီပဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း ပုံရိပ် သိနေတာပဲလေ၊ ခု . . . ဘာဖြစ်လို့လဲ ကိုသစ်"

သက်ပြင်းဖွဖွ အရင်ချသည်။ ပြီးမှ . . .

"ကိုယ်ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ပုံရိပ် သိပါတယ်၊ ကိုယ့်လက်နဲ့ ဂရစ်ဖစ်တီပုံ ဆွဲတဲ့လူတွေ သေခဲ့တယ်ဆိုတာလေ၊ အဲဒီကိစ္စကို ကိုယ် ဘယ်လိုမှ လက်မခံနိုင်ဘူး ပုံရိပ်၊ ပြီးတော့ . . . ရှေ့လျှောက်လည်း ဘယ်တစ်ဦးတစ်ယောက်ရဲ့ပုံကိုမှ မဆွဲဘဲ နေသွားမယ်ဆိုတာလည်း မဖြစ်နိုင်ဘူး၊ ကိုယ် နေလို့လည်း ရမှာမဟုတ်ဘူး၊ တစ်သက်လုံးလည်း အဲလို တွေးမထားချင်ဘူးလေ၊ ဒီတော့ . . . ကိုယ်ကိုယ်တိုင်ရော၊ ပုံရိပ်တို့ပါ အဲဒီ အစွဲကြီး ကျွတ်အောင် ကိုယ် စွန့်စားမှရမယ်ဆိုတာ သဘောပေါက်လိုက်တယ်၊ အဲဒီအတွေးနဲ့ပဲ ကျန်ခဲ့တဲ့ ငါးရက်လောက်ကပဲ ကိုယ် အရမ်းတန်ဖိုးထားတဲ့ လူတစ်ယောက်ရဲ့ပုံကို ဆွဲခဲ့တယ်"

"ဟင် . . . တကယ်"

"ဟုတ်တယ် ပုံရိပ်၊ လာ ကိုယ်ပြမယ်"

သစ်ထူး လက်ဆွဲခေါ်သည့်နောက်သို့ လိုက်သွားရင်းက ပုံရိပ် စိတ်လှုပ်ရှားနေမိသည်။ ကိုသစ် ဘယ်သူ့ပုံကို ဆွဲခဲ့တာလဲ။ ခု အဲဒီလူရော ကံကြမ္မာကရော။ အို . . .။ ပုံရိပ်တွေးရင်းက ရင်တုန်ပန်းတုန်ဖြစ်လာရသည်။

အတူလျှောက်လာရင်းက လမ်းချိုးလေးတစ်ခုကို ချိုးကွေ့ပြီးနိုင်မှာပဲ . . .

"ဟိုမှာကြည့်လိုက် ပုံရိပ် . . . အဲဒါ ကိုယ်အရမ်းတန်ဖိုးထားတဲ့ လူတစ်ယောက်ရဲ့ပုံပဲ"

"ဟင်"





လှမ်းကြည့်ရင်း ပုံရိပ် ပါးစပ်အဟောင်းသား ဖြစ်သွားရသည်။ ခေါင်းထဲမှာလည်း မိုက်ခနဲဖြစ်ကာ ခန္ဓာကိုယ်တစ်ခုလုံးလည်း သွေးခဲမတတ် တောင့်မတ်သွားရ၏။ သစ်ထူးဆွဲထားသည်က တခြားမဟုတ်။ မိမိ၏ဂရစ် ဖစ်တီပုံတူပင် ဖြစ်လေသည်။

တဒင်္ဂ ကြက်သေသေနေမိပြီးမှ မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်ကာ နောက်သို့ပင် ခြေလှမ်းဆုတ်မိလိုက်ပြီး . . .

"ကို . . . ကိုသစ် . . . ကိုသစ် . . . အဲဒါက ဘာလုပ်တာလဲ၊ ဘာဖြစ်လို့ ပုံရိပ်ရဲ့ပုံကိုမှ ဆွဲထားရတာလဲ"

အလန့်တကြား မေးလိုက်မိသည်။ ပုံရိပ် အရမ်းစိတ်လှုပ်ရှားသွားမှန်း သိသဖြင့် သစ်ထူးက ရှေ့တိုးလာပြီး . . .

"ပုံရိပ် . . . စိတ်အရမ်းမလှုပ်ရှားနဲ့နော်၊ ကိုယ် ဒီပုံကို ဆွဲထားတာက ငါးရက်လောက် ရှိပြီ၊ ပုံရိပ်မှ ဘာမှမဖြစ်တာ၊ ဒီ . . . ဒီတော့ . . . ကိုယ့်လက်ဟာ ကျိန်စာသင့် နေတဲ့လက် မဟုတ်ဘူးဆိုတာ ပုံရိပ် လက်ခံပြီလား"

ပုံရိပ် ခေါင်းခါယမ်းရင်း နောက်သို့ ထပ်ဆုတ်လိုက်မိသည်။ သစ်ထူး ယခုလို မိမိ၏ပုံ ဆွဲလိမ့်မည်ဟု မထင်ထားမိခဲ့။ ခုလိုအချိန်မျိုးမှာ ချစ်သူတစ်ယောက်ရဲ့ပုံကို ဆွဲတာက ရက်စက်ရာ ကျလွန်းနေသည်။ သစ်ထူး၏လုပ်ရပ်ကြောင့် ရင်ထဲမှာ ကြောက်စိတ်နှင့်အတူ ယူကျုံးမရစိတ်တွေရောကာ ပြောင်းဆန်၍နေလေပြီ။

ပုံရိပ် သတိလက်လွတ်ဖြစ်ကာ သစ်ထူးကို လက်ညှိုးထိုးလိုက်ရင်း

"ရှင် . . . ရှင် . . . အရမ်းရက်စက်တဲ့လူပဲ၊ ရှင် . . . ကျွန်မကို ချစ်တယ်၊ တန်ဖိုးထားတယ်ဆိုတာ ဒါလားဟင် . . . သစ်ထူး ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



. . . ကျွန်မပုံကိုဆွဲပြီး သက်သေပြချင်တဲ့စိတ်က မလွန်လွန်းဘူးလား''

ပုံရိပ်အပြောကြောင့် သစ်ထူးမျက်နှာက ပျက်ယွင်းသွားသည်။ ချက်ချင်းပင် လက်ကာပြလာပြီး . . .

''ဟာ . . . အဲလိုမဟုတ်ဘူးလေ ပုံရိပ်၊ ကိုယ့်ကို အထင်မလွဲပါနဲ့ ပုံရိပ်ကို တစ်ခုခုဖြစ်စေချင်တဲ့စိတ်နဲ့ ကိုယ် ဆွဲခဲ့တာမဟုတ်ပါဘူး။ ကိုယ့် နှလုံးသားနဲ့ရင်းပြီး ဒီပုံကိုဆွဲခဲ့တာပါ၊ ကိုယ့်ကို အထင်မလွဲပါနဲ့ ပုံရိပ်ရယ်၊ ပုံရိပ်ကို ကိုယ် အရမ်းချစ်တာပါ''

ဘယ်လိုပြောပြော ပုံရိပ် နားမဝင်တော့။ လက်နှစ်ဖက်ဖြင့် နားကို စုံပိတ်လိုက်ပြီး . . .

''တော်ပြီ . . . မပြောနဲ့, မပြောနဲ့၊ ကျွန်မ ရှင့်ကိုရော၊ ရှင့်ရဲ့အချစ် ဆိုတာကိုရော အရမ်းကြောက်သွားပြီ သစ်ထူး၊ ရှင်ဟာ . . . ရှင်နဲ့အနုပညာ အပေါ် သက်သေပြချင်တဲ့စိတ်နဲ့ ကျွန်မကို စတေးမယ့်လူစားပဲ၊ ရှင့်ကို မုန်းတယ်၊ မုန်းတယ်''

ပြောပြီး ချာခနဲလှည့်ကာ ပြေးထွက်လာခဲ့သည်။ ဘာမှထပ်မကြား ချင်တော့။ ကိုယ့်ကိုယ်ကိုယ်ပင် ဆောက်တည်ရာမရပြီ။

''ပုံရိပ် . . . ပုံရိပ် . . . ဟာ''

သစ်ထူးက အော်ခေါ်ရင်း နောက်မှ ပြေးလိုက်လာသည်။ ပုံရိပ် လှည့်မကြည့်ဘဲ ရှေ့သို့သာ ပြေးထွက်လာခဲ့၏။ ရင်ထဲမှာ ကြောက်စိတ်၊ ဝမ်းနည်းစိတ်နှင့် ယူကျုံးမရစိတ်တို့ ရောပြွန်းကာ ဘာကိုမှမမြင်တော့။

ကားလမ်းမထိပ်ရောက်မှ နောက်သို့ တစ်ချက်လှည့်ကြည့်မိသည်။ နောက်မှ လက်ကာပြရင်း ပြေးလိုက်လာသော သစ်ထူးကို တွေ့လိုက်ရသဖြင့် ကားလမ်းတစ်ဖက်ဆီသို့ အလန့်တကြား ဖြတ်ကူးလိုက်၏။





ထိုအချိန်မှာပဲ မောင်းနှင်လာသော ကားတစ်စီး၏ခေါင်းပိုင်းကို မြင်လိုက်ရသဖြင့် ပုံရိပ် မျက်စိကို စုံမှိတ်လိုက်မိသည်။

''ပုံရိပ်''

သစ်ထူး၏စိုးရိမ်တကြီး အော်သံနှင့်အတူ ကားဘရိတ်ဆောင့်ဖမ်း သံ၊ ထိခိုက်မိသံတို့ကိုပါ ဆက်တိုက်ကြားလိုက်ရပြီး ပုံရိပ်ခန္ဓာကိုယ်က ဆောင့်တွန်းခံလိုက်ရသလို ကားလမ်းဘေးသို့ လွင့်စဉ်သွားလေသည်။

အဖြစ်အပျက်က မြန်ဆန်လွန်းလှသည်။ ပုံရိပ် လဲကျနေရာမှ အားယူကာ လှည့်ကြည့်လိုက်မိသည်။ မြင်လိုက်ရသည်ကား သွေးစတို့ ညှိမောင်းလူးပေကာ လမ်းပေါ်လဲကျနေသော သစ်ထူးကိုပဲ ဖြစ်လေသည်။

ရင်ထဲမှာ ချက်ချင်းဆို့တက်လာရ၏။ သစ်ထူးက သူမကို ကားနှင့် မတိုက်မိအောင် တွန်းထုတ်လိုက်တာပေါ့။ ဒါ . . . ဒါဟာ ကံကြမ္မာတစ်ခုပဲ လား။

ဘာဒဏ်ရာမှ မရသည့်တိုင် ပုံရိပ် မျက်လုံးတွေ ပြာဝေကာ မှုန်း ကျပ်လာလေသည်။ လည်ချောင်းထဲမှာ တစ်ဆို့တင်းကျပ်ပြီး ဘာစကားမှ ထွက်မလာ။ အသက်ရှူမဝသလို ဖြစ်လာပြီး ဆူညံနေသော စကားပြောသံ များနှင့်အတူ ဝိုင်းအုံလာသော လူအုပ်ကြီးကိုပဲ ပုံရိပ် နောက်ဆုံးတွေ့လိုက် ရလေ၏။

ထိုသို့ဖြင့် . . . ။

■



www.burmeseclassic.com

www.burmeseclassic.com

## (၂၇)

ချမ်းမြေ့အောင်နှင့်ကျော်ချစ်ဝင်းတို့ ဆေးရုံရောက်သိုန်မှာတော့ ပုံရိပ် ကောင်းကောင်းသတိရနေလေပြီ။ သူတို့ကိုလည်း ပုံရိပ်ကပင် ဖုန်းဆက်ကာ အကြောင်းကြားလိုက်ခြင်းဖြစ်၏။ ပုံရိပ် ဖုန်းဆက်ထားသဖြင့် အဒေါ်ဖြစ်သူလည်း ရောက်နေ၏။

ပုံရိပ် သတိလည်လာတော့ သစ်ထူး ခွဲစိတ်ခန်းထဲသို့ ဝင်သွားသည်မှာ နှစ်နာရီကျော်လောက်ပင် ရှိနေပြီ။ ဆိုးသည်၊ ကောင်းသည်ကို ဘာသတင်းမှ မေးလို့မရသေး။ ငိုနေသောပုံရိပ်ကို အဒေါ်ဖြစ်သူကပဲ အားပေးနေရ၏။

ဖုန်းဆက်ပြီး သိပ်မကြာလိုက်။ ချမ်းမြေ့အောင်တို့ ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်ကြတာလဲ ပုံရိပ်ရယ်၊ ခုကော သစ်ထူးအခြေအနေက ဘယ်လိုလဲ"

ပုံရိပ် ထပ်ကာငိုမိပြန်သည်။ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်ရှိသလို ခံစားနေရ၏။

အကျိုးအကြောင်း ပြောပြလိုက်တော့ နှစ်ယောက်စလုံး မျက်နှာမကောင်းစွာ လေပူကိုယ်စီ မှုတ်ထုတ်လိုက်ကြ၏။ ငိုနေသောပုံရိပ်ကို ကြည့်ကာ . . .

"ကဲပါ . . . ငိုမနေတော့နဲ့ ပုံရိပ်၊ ကိုယ့်ကိုယ်ကိုယ်လည်း အပြစ်တင်မနေနဲ့၊ သစ်ထူးမှာလည်း ဒီလိုဖြစ်ဖို့ ကံကြမ္မာပါလာလို့နေမှာပါ၊ ခု လောလောဆယ်က သစ်ထူးအခြေအနေ သိရဖို့ပဲ"

"ဟုတ်တယ်၊ သူ အခု ဘယ်လိုနေသေးလဲ"

ပုံရိပ်က . . .

"ခုထိတော့ ခွဲစိတ်ခန်းထဲမှာပဲဟာ၊ ဘယ်လောက်အထိ ထိခိုက်သွားတယ်ဆိုတာကိုတော့ တိတိကျကျ မသိရသေးဘူး၊ လိုအပ်တာတွေတော့ အကုန်လုပ်ပေးထားပါပြီ၊ လိုနေတဲ့သွေးက အစပေါ့"

"အင်း . . . အခြေအနေကောင်းလာဖို့ပဲ ဆုတောင်းရတော့မှာပေါ့ဟာ၊ ငါ ထင်နေတယ်၊ ဒီကောင် ရဲစိုးဆီက ပြန်လာကတည်းကပဲ ဒီကိစ္စဟာ ဒီလောက်နဲ့ ပြီးဦးမှာ မဟုတ်ဘူးဆိုတာကို . ."

"တော်ပါတော့ဟာ၊ ခု . . . ကိုသစ် ဖြစ်ရတာ ငါ့ကြောင့်ပါ၊ သူ ဆွဲထားတဲ့ပုံကိုကြည့်ပြီး မစဉ်းစားဘဲ သွေးရူးသွေးတန်းနဲ့ ထွက်ပြေးခဲ့လို့ ခုလိုဖြစ်ရတာ၊ ကိုသစ် တစ်ခုခုဖြစ်သွားရင်တော့ ငါသေမှာပဲ"





ပြောရင်း ပုံရိပ်က ငိုပြန်သည်။ အခေါ်ကတော့ ပုံရိပ်ကို ကပ်၍ ချော့နေပါ၏။

လောလောဆယ် ချမ်းမြေ့အောင်တို့လည်း ဘာမှမတတ်နိုင်ချေ၊ ထိုင်စောင့်နေပြီး လိုအပ်လာလျှင် လိုအပ်တာကို ကူညီပေးရုံပဲ ရှိတော့သည်၊ ငိုချင်လျက် လက်တို့ဖြစ်နေမှာစိုးသဖြင့် ပုံရိပ်ကိုလည်း စကားထပ်မပြောမနေတော့။

နောက်ထပ် တစ်နာရီလောက်ကြာတော့ ခွဲစိတ်ခန်းထဲမှ သက်ဆိုင်ရာ ဆရာဝန်များ ထွက်လာကြသည်။ အားလုံးပဲ အပြေးတစ်ပိုင်း သွားကာ အခြေအနေကို မေးလိုက်ကြ၏။

ဆရာဝန်ကြီးက ပင်ပန်းနေသည့်ကြားက ခပ်နွမ်းနွမ်းပြုံးရင်း . . .

"လူနာအခြေအနေက အသက်အန္တရာယ် မရှိတော့ပါဘူး၊ ဒါပေမဲ့ . . . အတော်ကြာကြာ ကုသရဦးမှာဗျ၊ ထိထားတာတွေက နည်းနည်းများတော့လေ၊ လောလောဆယ် ကျွန်တော် ဒီလောက်ပဲ ပြောနိုင်ပါတယ်"

ခုမှပဲ အားလုံး သက်ပြင်းကိုယ်စီ ချရတော့သည်။ ပုံရိပ်က မျက်ရည်အဝဲသားနှင့် . . .

"ဆရာ . . . သူ့ကို ဘယ်အချိန်လောက်မှ သမီးတို့ တွေ့ခွင့်ရမလဲဟင်"

"အင်း . . . ခုခွဲခန်းထဲက ထွက်လာပြီဆိုပေမယ့် ဆေးရှိန်နဲ့ မှိန်းနေတုန်းပဲဗျ၊ နောက်တစ်နာရီလောက်ကြာရင် သတိရလာပါလိမ့်မယ်၊ အဲဒီတော့မှ ဝင်တွေ့ပေါ့၊ ကဲ . . . ကျွန်တော် သွားလိုက်ပါဦးမယ်"

"ဟုတ်ကဲ့ . . . ကျေးဇူးအများကြီး တင်ပါတယ် ဆရာ"



www.burmeseclassic.com

www.burmeseclassic.com



ပြုံးကာ ခေါင်းညိတ်ပြီး ဆရာဝန်ကြီး ထွက်သွားပါသည်။ ထိုအခါမှ ကျော်ချစ်ဝင်းက ...

"ကဲ ပုံရိပ် ... ငိုမနေနဲ့တော့၊ တော်ကြာ ... သစ်ထူး သတိရလာလို့ နင်ငိုနေရင် ပိုပြီး စိတ်မကောင်းဖြစ်နေဦးမယ်"

"အေးပါဟယ်"

ပြောရင်းက ပုံရိပ် မျက်ရည်စတွေကို သိမ်းသုတ်လိုက်သည်။ ခုမှပဲ အားလုံး စိတ်မကောင်းသည့်ကြားက ပြုံးနိုင်ကြတော့၏။

နောက်တစ်ခါ ထပ်စောင့်ရသည့် တစ်နာရီဆိုသောအချိန်သည် လိုတာထက်ပို၍ ကြာလွန်းသည်ဟု ပုံရိပ် ထင်မိသည်။ ခုလည်း ခုတင်ပေါ်တွင် ပတ်တီးအဖွေးသားနှင့် လဲလျောင်းနေသော သစ်ထူးကိုပဲ စိတ်မကောင်းစွာ ကြည့်နေရသည်။ သက်ပြင်းမောချမိသည်မှာလည်း ဘယ်နှစ်ကြိမ်မှန်းပင် မသိတော့။

ထိုအချိန်မှာပဲ ...

"အား ... ကျွတ်(စ်) ... ကျွတ်(စ်) ... ပုံရိပ် ... ပုံရိပ်ကော ... အား"

လူးလွန့်ညည်းညူရင်း သစ်ထူး သတိလည်လာသည်။ ပုံရိပ်တို့အားလုံး သစ်ထူးအနားဆီ ကပ်သွားလိုက်ကြ၏။

"ကိုသစ် ... ကိုသစ်"

ပုံရိပ်ခေါ်သံအဆုံးမှာ သစ်ထူး အားယူပြီး မျက်လုံးဖွင့်ကြည့်လာသည်။ ဝေဝါးနေသည့် အမြင်အာရုံ ကြည်လာတော့မှ ပုံရိပ်ကို စူးစိုက်ကြည့်လာပြီး ...





"ပုံရိပ် ... ပုံရိပ် ... ဘာမှမဖြစ်ဘူးနော်"

ပုံရိပ် တင်းထားသည့်ကြားက ဟန်မဆောင်နိုင်တော့ချေ။ တသိမ့်သိမ့် ငိုရှိုက်လိုက်ရင်းက ...

"ပုံရိပ် ဘာမှမဖြစ်ပါဘူး ကိုသစ်ရယ်၊ ကိုသစ်သာ ပုံရိပ်ကို ကယ်လိုက်လို့ ခုလိုဖြစ်တာလေ"

သစ်ထူးက အားယူကာ ပြုံးလိုက်ရင်း ...

"အဲဒါတွေ မပြောနဲ့တော့လေ ပုံရိပ်ရဲ့၊ ကိုယ် အခု ပုံရိပ်အနားမှာ ရှိနေပြီပဲဥစ္စာ၊ ပုံရိပ် ဘာမှမဖြစ်ဖို့က အရေးကြီးတယ်လေ"

"ပုံရိပ် ... ပုံရိပ် ... ဘာမှမဖြစ်ပါဘူး။ ကိုသစ် တွန်းထုတ်လိုက်လို့ ဘာမှမဖြစ်ခဲ့တာပါ"

ချမ်းမြေ့အောင်က သစ်ထူးကိုကြည့်၍ ...

"ငါတို့လည်း ခုမှပဲ ဟင်းချရတော့တယ် သစ်ထူးရာ၊ မင်းလည်း စကားသိပ်မပြောနဲ့ဦးကွ၊ ခုမှ သတိရလာတာလေ ... နားဦး"

သစ်ထူးက ...

"ရပါတယ်ကွာ၊ ငါ နေသာပါတယ်၊ သေမှမသေနိုင်တော့တာပဲ"

"မင်းကတော့ လုပ်ပြီ"

ကျော်ချစ်ဝင်း ခပ်ရွှတ်ရွှတ်ပြောလိုက်သည့်စကားအဆုံးမှာ သစ်ထူးက ပုံရိပ်ဆီ ပြန်ကြည့်လိုက်ပြီး ...

"ပုံရိပ် ... ကိုယ့်လက်ဟာ ကျိန်စာသင့်နေတဲ့လက် မဟုတ်ဘူးဆိုတာ ပုံရိပ် လက်ခံပြီလားဟင်"

ထိုစကားကြောင့် ပုံရိပ်ရင်ထဲ ဆို့ကျင်သွားရရင်း ...



www.burmeseclassic.com

www.burmeseclassic.com

"အဲဒါတွေ မပြောပါနဲ့တော့ ကိုသစ်ရယ်၊ ပုံရိပ် နားလည်ပါပြီ၊ နောက်ကို ဒီလိုအဖြစ်မျိုးတွေလည်း မကြုံချင်တော့ပါဘူး"

သစ်ထူးက ဘာမှပြန်မပြောဘဲ ပုံရိပ်ကိုသာ ကြည့်နေသည်။ ထို အချိန်မှာပဲ ပုံရိပ်အဒေါ်ဖုန်းက မြည်လာသဖြင့် အဒေါ်က ဖုန်းပြောရန် ဧည့်ခန်းထဲမှ ထွက်သွားသည်။ အတန်ကြာတော့ အခန်းထဲ ပြန်ဝင်လာပြီး ပုံရိပ်ကို အသာလက်တို့ကာ အခန်းအပြင်သို့ လိုက်လာရန် ဟန်အမူအရာဖြင့် ပြသည်။

ရင်ထဲမှာ ထိတ်ခနဲဖြစ်သွားရင်းက အခန်းအပြင်ဘက်ရောက်တော့ အဒေါ်ကို မေးကြည့်လိုက်သည်။

"ဒေါ်လေး . . . ဘာဖြစ်လို့လဲဟင်"

အဒေါ်က မျက်စိမျက်နှာပျက်ကာ ပုံရိပ်ကို ပြန်ကြည့်လာရင်း . . .

"သတင်းဆိုး ထပ်ကြားရပြန်ပြီ သမီးရေ၊ ကိုထူးနောင်တို့သားအဖ အမြန်လမ်းမှာ ကားမှောက်လို့ ပွဲချင်းပြီး ဆုံးသွားပြီတဲ့"

"ရှင်

■



## သုံးလခန့်ကြာပြီးနောက်

www.burmeseclassic.com

www.burmeseclassic.com

## (၂၈)

ရောင်စုံမီးအလင်းရောင်လေးများက မြက်ခင်းပြင်ပေါ် စိုက်ထားသည့် သစ်ပင်ပုလေးများထက်တွင် လင်းဖြာခိုသီးနေကြသည်။ ထိုမြက်ခင်းပေါ်တွင် ချထားသော စားပွဲဝိုင်းတွေကလည်း အစီအရီ။ စားပွဲများထက်မှာလည်း ...ဝိုင်ပုလင်းတွေနှင့်အတူ စားသောက်ဖွယ်ရာတွေကလည်း အပြည့်။

သစ်ထူး၏မွေးနေ့ကို ကျယ်ပြန့်သော မြက်ခင်းပြင်ရှိသည့် ဟိုတယ်တစ်ခုတွင် ကျင်းပနေခြင်းဖြစ်သည်။

သစ်ထူးအနေဖြင့် ထိုသို့သော မွေးနေ့မျိုးတော့ တစ်ခါမှ မလုပ်ဖူးခဲ့ချေ။ ဒီနှစ်တော့ ထူးထူးခြားခြားလေးဖြစ်ချင်သည့်အပြင် အားလုံးကိုလည်း အသိပေးစရာရှိသဖြင့် ခုလို စီစဉ်ခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူများများစားစားတော့ မဟုတ်။ ခင်မင်ရသော သူငယ်ချင်းတွေနှင့် ဂရစ်ဖစ်တီလောကမှ အပေါင်း အသင်းတချို့ကိုသာ ရွေးဖိတ်ခဲ့ခြင်း ဖြစ်သည်။

ပျော်ရွှင်စွာ စားသောက်ကြရင်း သစ်ထူးအတွက် မွေးနေ့လက်ဆောင်များ ပေးကာ ဆုတောင်းပေးကြသည်။ ဟက်ပီးဘတ်ဒေးသီချင်းသံက သာယာငြိမ့်ညောင်းစွာ ပျံ့လွင့်နေ၏။

သစ်ထူးက စားပွဲဝိုင်းတွေ၏အလယ်တွင်ရှိသော မြက်ခင်းပေါ် လျှောက်သွားကာ ရပ်လိုက်ရင်း အားလုံးကို အရင်ပြုံးပြလိုက်၏။

"ဒီနေ့ ကျွန်တော့်ရဲ့မွေးနေ့ပွဲကို တက်ရောက်ချီးမြှင့်ကြတဲ့ သူငယ်ချင်းမိတ်ဆွေ အပေါင်းအသင်းတွေအားလုံးကို အထူးပဲ ကျေးဇူးတင်ပါတယ်၊ မရှိတော့ပြီဖြစ်သော ကျွန်တော့်ကို မွေးဖွားပေးခဲ့တဲ့ အဖေနဲ့အမေကိုလည်း ဒီနေရာက ကျွန်တော် ကန်တော့ပါတယ်၊ ဒီပွဲလေးကို ထူးထူးခြားခြားလုပ်ဖြစ်ခဲ့တာက ကျွန်တော်ဟာ ဒီက သူငယ်ချင်းတွေ ပေးတဲ့လက်ဆောင်အပြင် တခြားသောတစ်ယောက်ဆီက ကျွန်တော် အလိုချင်ဆုံးလက်ဆောင်ကို တောင်းဖို့အတွက်လည်း ဖြစ်ပါတယ်"

"ဟင်"

အားလုံးပဲ သစ်ထူးစကားကြောင့် ငြိမ်သက်သွားကြသည်။ သစ်ထူးက ခပ်လှမ်းလှမ်းတွင် ရှိရှိလေးရပ်နေသည့် ပုံရိပ်ကို လှမ်းကြည့်လိုက်ပြီးမှ အနားသို့ တိုးသွားလိုက်သည်။ ပုံရိပ်က မျက်ဝန်းတောက်တောက်ကလေးများဖြင့် သစ်ထူးကို ပြန်ကြည့်နေသည်။ သစ်ထူး၏ထူးထူးခြားခြား အစီအစဉ်ဆိုတာကို သူမ, မသိခဲ့ချေ။ ဘာမှန်းမသိသေးပေမယ့် စိတ်လှုပ်





ရှားလွန်းသဖြင့် ရင်ခုန်သံတွေလည်း ဆူညံရုန်းကြွနေလေပြီ။

ပုံရိပ်နှင့် မျက်နှာချင်းဆိုင်အရောက်မှာတော့ သစ်ထူးက ဆတ်ခနဲ ထိုင်ချကာ ဒူးတစ်ဖက် ထောက်လိုက်ပြီး . . .

"ပုံရိပ်ကို ကိုယ် အရမ်းချစ်တယ်၊ ကိုယ့်ကို မွေးနေ့လက်ဆောင်အဖြစ် လက်ထပ်ခွင့်ပေးပါလားဟင်"

"အို"

အံ့သြဝမ်းသာလွန်းသဖြင့် ရင်ထဲမှာ လှိုက်မောတုန်ရီသွားရသည်။ ကြည်နူးဆွတ်ပျံ့မှုတွေကလည်း လိပ်ပြာလေးတွေကဲ့သို့ တစ်ကိုယ်လုံးရှိ နေရာအနှံ့ဆီ လာခိုနားလိုက်သလို။

ဝင်းဝင်းလှုပ်ထွက်ပေါ်လာသော လက်ခုပ်သံတွေကြား မျက်ရည်ကြည်လေးများ ရစ်ဝိုင်းကာ ပုံရိပ် မျောပါသွားတော့၏။

"ကိုသစ်ရယ် . . . ပုံရိပ်လည်း ကိုသစ်ကို အရမ်းချစ်ပါတယ်၊ ကိုသစ်တောင်းတဲ့လက်ဆောင်ကိုလည်း ပေးပါတယ် ရှင်"

ပြောရင်း ပုံရိပ်က သစ်ထူးကို အသာဆွဲထူလိုက်သည်။ သစ်ထူးက ပုံရိပ်နဖူးလေးကို ဖျတ်ခနဲ နမ်းလိုက်ချိန်မှာတော့ လက်ခုပ်သံများအပြင် ကင်မရာဖလက်ရှ်တွေပါ တဖျပ်ဖျပ်လင်းသွားကြ၏။

လက်ခုပ်သံတွေ ရပ်သွားတော့မှ သစ်ထူးက ပုံရိပ်ပခုံးကို အသာဖက်ရင်း . . .

"ဒီနေ့လေးနဲ့တင် ကျွန်တော့်ဘဝဟာ ပြီးပြည့်စုံသွားပြီ ထင်ပါတယ်၊ တစ်ဆက်တည်းပဲ ပုံရိပ်တောင်းဆိုမှုတစ်ခုကို ကျွန်တော် အားလုံးရှေ့မှာ ပေးပါ့မယ်၊ အဲဒါကတော့ ကျွန်တော် ရှေ့လျှောက် ဂရစ်ဖစ်တီဆွဲတဲ့နေရာ



www.burmeseclassic.com

www.burmeseclassic.com

မှာ ဘယ်တော့မှ လူတစ်ဦးတစ်ယောက်ရဲ့ပုံကို မဆွဲတော့ပါဘူးလို့ ဘာဖြစ်လို့လဲဆိုတော့ အားလုံးသိကြတဲ့အတိုင်း ကျွန်တော်ဆွဲတဲ့ပုံထဲကလူတွေရဲ့ ကံကြမ္မာကြောင့်ပါပဲ၊ ကျွန်တော် မသိမမြင်နိုင်၊ အလှမ်းမမီနိုင်တဲ့ စိတ်နယ်လွန်ကိစ္စတွေကို အထိုက်အလျောက် လက်ခံလိုက်ပါပြီ၊ ဒီတော့ . . . ကျွန်တော် ဘယ်တစ်ဦးတစ်ယောက်ရဲ့ပုံကိုမှ ဂရပ်ဖစ်တီ မဆွဲတော့ပါ ခင်ဗျာ၊ ပုံရိပ်ကိုလည်း ကတိပေးပါတယ်''

လက်ခုပ်သံတွေ ထွက်လာကြပြန်သည်။ ငြိမ်သွားတော့မှ သစ်ထူးက . . .

''ဒါပေမဲ့ . . . တစ်ခုတော့ ခြွင်းချက်ရှိသေးတယ် ခင်ဗျ၊ ကျွန်တော် အက်ဆီးဒန့်ဖြစ်ပြီး ဆေးရုံက ဆင်းလာခဲ့အချိန်မှာ နောက်ဆုံးအနေနဲ့ လူတစ်ယောက်ရဲ့ပုံကို ဆွဲချင်လွန်းလို့ ဆွဲခဲ့ပါသေးတယ်၊ ဒါဟာ လူတစ်ယောက်ရဲ့ ပုံတူကို နောက်ဆုံး ဂရပ်ဖစ်တီဆွဲခြင်းပါပဲ၊ အဲဒီလူရဲ့ကံကြမ္မာ ဘယ်လိုဖြစ်မယ်ဆိုတာကိုတော့ ကျွန်တော် မသိသေးပါဘူး။ ဒါပေမဲ့ . . . ဆွဲချင်လွန်းလို့ကို ရဲရဲကြီး ဆွဲခဲ့တာပါ၊ အဲဒီလူကိုတော့ ဒီက သူငယ်ချင်းတွေလည်း သိကြ, မြင်ဖူးကြမှာပါ၊ ကျွန်တော် အဲဒီပုံကို ခု ပြပါ့မယ်၊ ပြီးရင်တော့ . . . မီးရှို့ဖျက်ဆီးပစ်လိုက်မှာပါ''

ပြောရင်း လက်ခုပ်နှစ်ချက်တီးလိုက်တော့ လူနှစ်ယောက်က အနက်ရောင် ပိတ်စအုပ်ထားသည့် အထပ်သားဘုတ်ပြားကြီးတစ်ခုကို မ,ယူလာသည်။ လူတစ်ရပ်လောက်ရှိမည့် ထိုဘုတ်ပြားကြီးကို သစ်ထူး၏ရှေ့နားတွင် ထောင်ကာ ချထားပေးလိုက်၏။

သစ်ထူးက အားလုံးကို ဝေ့ကြည့်လိုက်ပြီးမှ . . .





''ကဲ . . . ကျွန်တော်ဆွဲထားတဲ့ လူတစ်ယောက်ရဲ့ဂရပ်ဖစ်တီပုံကတော့ ဒီပုံပါပဲ''

စကားအဆုံးမှာပဲ လက်ဖြင့် အနက်ရောင်ပိတ်စကို ဆတ်ခနဲ ဆွဲခွာလိုက်ပါသည်။

◆

www.burmeseclassic.com

www.burmeseclassic.com

အနက်ရောင်ပိတ်စကြီး အကာအကွယ်မဲ့သွားချိန်မှာတော့ ဘုတ်ပြားထက်ပေါ်မှ သစ်ထူး နောက်ဆုံးဆွဲထားခဲ့သည့် လူတစ်ယောက်၏ပုံက ဘွားခနဲ ထင်ရှားစွာ ပေါ်လာလေသည်။

လူတစ်ယောက်၏ပုံ ...။ ထို့ထက် နာမည်ဆိုးဖြင့် ထင်ရှားကျော်ကြားသော ပုဂ္ဂိုလ်ကြီးတစ်ယောက်၏ဂရစ်ဖစ်တီပုံ ...။

ဒီပုံကိုမှ ကျိန်စာသင့်လက်ဖြင့် သစ်ထူး ဆွဲခဲ့သည်ပေါ့ ...။

"ဟင်"

"ဟာ"

"အို"

အားလုံးဆီမှ အာမေဋိတ်သံတွေ အသီးသီးထက်ပေါ်လာကြပြီး ယခုတစ်ခါ ဝမ်းသာအားရစွာ ထပ်တီးလိုက်ကြသည့် လက်ခုတ်သံတွေကတော့ ဒီညထဲ အကျယ်လောင်ဆုံးဖြစ်နေမည်မှာ အမှန်ပင်။

အဲသည်လက်ခုပ်သံတွေ ရောဝတီမြစ်ကြီးနဲ့အတူ မြန်မာပြည်အနှံ့ ရှင်သန် စီးဆင်းသွားပါစေ ...

လေးစားစွာ

၁၃၇၆ ခုနှစ်၊ ကဆုန်လကွယ်၊ ဗုဒ္ဓဟူးနေ့။

မွန်းလွဲ ၁ နာရီ ၅၇ မိနစ်